


The VOICE Daily




Vol. 5 / No. 110 | Established in 2004 | ၁၃၇၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၁၁) ရက်၊ (Friday, August 18, 2017)

# ဦးအောင်ရွှေသည် ဒီမိုကရေစီအတွက် အမြဲတမ်းရပ်တည်ခဲ့သူဟု နိုင်ငံတော်အတိုင်ပင်ခံ ချီးကျူးဂုဏ်ပြု

**ရန်ကုန်၊ ဩဂုတ် ၁၇**

နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ကွယ်လွန်သူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌဟောင်း ဦးအောင်ရွှေကို ဒီမိုကရေစီအတွက် အမြဲတမ်းရပ်တည်ခဲ့သူတစ်ဦးဟု ယနေ့စျာပန အခမ်းအနားတွင် ချီးကျူးဂုဏ်ပြု ပြောကြားလိုက်သည်။

ဩဂုတ်လ ၁၇ ရက်က ရန်ကုန်မြို့ရှိ ရေဝေးသုသာန်၌ပြုလုပ်သည့်ဦးအောင်ရွှေ၏ စျာပနအခမ်းအနားတွင် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်၍ ဂုဏ်ပြုစကားပြောကြားရာတွင် ယင်းသို့ထည့်သွင်းပြောကြားသွားခြင်း ဖြစ်သည်။

စစ်မှန်သည့် ဒီမိုကရေစီဖက်ဒရယ် ထူထောင်နိုင်ရန် အားလုံးဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ခြင်းသည် စာ 2




NLD ပါတီဥက္ကဋ္ဌဟောင်း ဦးအောင်ရွှေ၏စျာပနအခမ်းအနားသို့ ဒေါ်အောင်ဆန်းစုကြည်တက်ရောက်၍ ချီးကျူးဂုဏ်ပြုစကားပြောကြားခဲ့သည်

## အိန္ဒိယဝန်ကြီးချုပ် စက်တင်ဘာလဆန်းတွင် မြန်မာနိုင်ငံ လာမည်

**ရန်ကုန်၊ ဩဂုတ် ၁၇**

အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် နာရင်ဒြာ မိုဒီသည် မြန်မာနိုင်ငံသို့ စက်တင်ဘာလဆန်းပိုင်းတွင် လာရောက်မည်ဖြစ်ကြောင်း အိန္ဒိယနိုင်ငံအခြေစိုက် သတင်းဌာနများ၏ ဖော်ပြချက်အရ သိရသည်။

အိန္ဒိယဝန်ကြီးချုပ် မိုဒီသည် စက်တင်ဘာလ ၆ရက်နှင့် ၇ရက်နေ့တို့တွင် နှစ်နိုင်ငံသံတမန် ချစ်ကြည်ရေး ခရီးစဉ်အဖြစ် လာရောက်မည်ဖြစ်ကြောင်း အိန္ဒိယ အခြေစိုက် The Indian Express သတင်းဌာနက အတိအကျ ဖော်ပြခဲ့သည်။

အိန္ဒိယဝန်ကြီးချုပ်သည် မြန်မာနိုင်ငံသို့ ခရီးစဉ်မတိုင်မီ တရုတ်နိုင်ငံတွင် စက်တင်ဘာလ ၃ရက်နေ့မှ ၅ရက်အထိ ပြုလုပ်မည့် BRICS ငါးနိုင်ငံ စာ 2

## ဒုရဲအုပ်တစ်ဦးကို အဂတိလိုက်စားမှုဖြင့် အရေးယူ

**ရန်ကုန်၊ ဩဂုတ် ၁၇**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ် ပုသိမ်ကြီးမြို့မ ရဲစခန်းမှ ဒုရဲအုပ်သိန်းထက်နိုင်(ယခု ရဲအုပ်)ကို အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်က တရားရုံးတွင် တရားစွဲဆို အရေးယူလိုက်ကြောင်း အဆိုပါ ကော်မရှင်က ဩဂုတ်လ ၁၇ ရက်၌ ထုတ်ပြန်လိုက်သည်။ စာ 2

### အထူးကဏ္ဍ

- မြို့ပြနဲ့ စားသောက်မှု စတိုင်လ်
- အော်ဂဲနစ်ဆန်ဆိုတာ
- ဘယ်ဆိုင်တွေမှာ ဘာတွေရ
- ခြောက်လမှ ကိုးလအထိ ကလေးငယ်များအတွက် ဖြည့်စွက်စာ ပြင်ဆင်နည်း

စာ 11 မှ စာ 22

## ဥရုချောင်းရေတက်၍ နမ့်တောတိုက်နယ်ဆေးရုံ ရေနစ်မြုပ်

**ကလေး၊ ဩဂုတ် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်၊ နမ့်တောကျေးရွာတွင် ဥရုချောင်းရေမြင့်တက်ခဲ့ပြီး ကျေးရွာအတွင်းရှိ တိုက်နယ်ဆေးရုံတွင် ရေဝင်ရောက်ခဲ့ရာ လူနာများကို ရေလွတ်ရာသို့ပြောင်းရွှေ့ပေးရန်စီစဉ်ထားကြောင်း နမ့်တော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးနေဝင်းက ပြောကြားသည်။

ဥရုချောင်းရေ မြင့်တက်ခဲ့မှုကြောင့် နမ့်တောကျေးရွာ တိုက်နယ်ဆေးရုံအတွင်း ဩဂုတ်လ ၁၇ ရက်နေ့မှ စတင်ကာ ရေဝင်ရောက်ခဲ့ပြီး ဆေးရုံအခင်းကြမ်းပြင်မှ အမြင့်တစ်ပေအထိ ရေနစ်မြုပ်နေကြောင်း ဆေးရုံအတွင်း ရေဝင်ခြင်းကြောင့် စာ 2

**ကန်ကြီးထောင့်တွင် ကျောင်းကြိုပို့ စက်လှေနစ်၊ ကျောင်းသား၊ ကျောင်းသူနှစ်ဦးနှင့် ရေယာဉ်မောင်းပျောက်** စာ 8



# NEWS

### မျက်နှာဖုံး - ဥရုချောင်းရေတက်၍ နမ့်တောတိုက်နယ်ဆေးရုံ မှ အဆက်



Photo.kyawsoe myint,Ko Pyae

ဆေးရုံတွင် တက်ရောက်ဆေးကုမှုခံနေရသော လူနာများကို ရေလွတ်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွင် ပြောင်းရွှေ့ချထားပေးရန် စောင့်ကြည့်လျက်ရှိပြီး ယခုထက် ရေပိုတက်လာပါက ပြောင်းရွှေ့ရန် စီစဉ်ထားကြောင်း ၎င်းက ရှင်းပြသည်။

"အုပ်ချုပ်ရေးမှူးရုံး ရွှေ့ရပြီဆိုရင် လူနာတွေအတွက်ကတော့ ဆေးရုံလောက်တော့ ဘယ်အဆင်ပြေမလဲ။ ခုတင်လည်း မရှိတော့ ကြမ်းပြင်မှာ ဒီအတိုင်း တန်းပြီးအိပ်ပေ့ါ။ ဆရာ၊ ဆရာမတွေ ဆရာဝန်တွေလည်း ရေထဲ တစွက်စွက်နဲ့ သွားလိုက်လာလိုက်ဆိုတော့ အဆင်မပြေဘူးပေ့ါဗျာ။ လူနာတွေရော လူနာစောင့်တွေရော အဆင်မပြေဘူးပေ့ါ" ဟု ကျေးရွာအုပ်ချုပ်ရေးမှူး ဦးနေဝင်းက ပြောဆိုသည်။

နမ့်တော တိုက်နယ်ဆေးရုံသည် ၁၆ ခုတင်ဆံ့ဆေးရုံဖြစ်ကာ လက်ရှိတွင် တုပ်ကွေးရောဂါ၊ ငှက်ဖျားရောဂါနှင့် မွေးလူနာစုစုပေါင်း လူဦးရေ ၂၁ ဦး တက်ရောက်ဆေးကုသလျက်ရှိကြောင်း၊ ခွဲစိတ်ခန်းမှာလည်း ရေနစ်နေသည့်အတွက် အရေးပေါ်ခွဲစိတ်မှုပေါ်ပေါက်ပါက ခွဲစိတ်မှုပြုလုပ်ရန် ခက်ခဲမည်ဖြစ်ကြောင်း၊ ဟုမ္မလင်းမြို့ပေါ်သို့ ပို့ရန်မှာ ကားလမ်းများလည်း ရေနစ်ပျက်စီးသည့်အတွက် ရေလမ်းကြောင်းကိုအားကိုးသွားရောက်ပို့ဆောင်ရမည်ဖြစ်ကြောင်း၊ ၂၅ ခုတင်ဆံ့ ဆေးရုံချထားပေးရန် တင်ပြထားရာ အဆိုပါ ဆေးရုံရရှိပါက ယခုလက်ရှိ ကြုံတွေ့နေရသော ပြဿနာများကို ဖြေရှင်းပြီးဖြစ်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

"လက်ရှိကတော့ ရေက တန့်နေတယ်။ နောက်ထပ် ခြောက်လက်မ အထက်ထပ်တက်ရင်တော့ လူနာတွေကိုပြောင်းရွှေ့ရမှာပေ့ါ" ဟု ဥရုဒေသ နမ့်တောလူငယ်ကွန်ရက်မှ ဦးကျော်စိုးမြင့်က ဆိုသည်။

■ R-20

### မျက်နှာဖုံး - ဦးအောင်ရွှေသည် ဒီမိုကရေစီအတွက် အမြဲတမ်းရပ်တည် မှ အဆက်

ဦးအောင်ရွှေကို အကောင်းဆုံးဂုဏ်ပြုရာ ရောက်ကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားလိုက်သည်။

"ဘဘဦးအောင်ရွှေဟာ အသက် ၉၀ ကျော်တဲ့အထိ အဖွဲ့ချုပ်ရဲ့ တာဝန်ကို ကျေကျေပွန်ပွန် ထမ်းဆောင်ခဲ့ပါတယ်။ ကျွန်မတို့အဖွဲ့ချုပ် ခေါင်းဆောင် တော်တော်များများ ထိန်းသိမ်းခံထားတဲ့ အချိန် အဖွဲ့ချုပ်အနေနဲ့ သိက္ခာရှိရှိ ရပ်တည်ရေးအတွက်၊ ဒီမိုကရေစီလှုပ်ရှားမှု မသေသွားဖို့နဲ့ ဆက်ရှင်သန်ဖို့အတွက်က ဘဘဦးအောင်ရွှေ တာဝန်ယူပြီး လုပ်ပေးခဲ့တာဖြစ်ပါတယ်။ ဘဘဟာ ကိုယ်ကျိုးအတွက်လည်း မဟုတ်ဘူး၊ နေရာရဖို့အတွက်လည်း မဟုတ်ဘူး တာဝန်သိစိတ်နဲ့အသက်ကိုးဆယ်ကျော်တဲ့အထိ ကျွန်မတို့အဖွဲ့ချုပ် အကျိုးဆောင်ရွက်ခဲ့တာပါ" ဟု ဒေါ်အောင်ဆန်းစုကြည်က ပြောကြားခဲ့သည်။

"ကျွန်မတို့အားလုံး စစ်မှန်တဲ့ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စု ထူထောင်နိုင်ဖို့ ဝိုင်းဝန်းပြီးတော့ လုပ်ကြမယ်ဆိုတဲ့ သန္နိဋ္ဌာန်နဲ့ ဂုဏ်ပြုခြင်းက အကောင်းဆုံးဂုဏ်ပြုခြင်း ဖြစ်ပါတယ်" ဟု ဒေါ်အောင်ဆန်းစုကြည်က ပြောသည်။

အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်အနေနှင့်ဦးအောင်ရွှေကဲ့သို့သော ခေါင်းဆောင်မျိုးရရှိခဲ့ခြင်းသည် အင်မတန် ကံကောင်းကြောင်း၊ ခေါင်းဆောင်ကောင်းတစ်ယောက်ရရှိခဲ့ခြင်းကြောင့်သာ ယခုအချိန်ထိ ရပ်တည်နိုင်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းကဆိုသည်။

ယင်းနိုင်ငံတော်အဆင့် စျာပနတွင် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ဦးဂျင်မီတို့က ဦးအောင်ရွှေနှင့်ပတ်သက်ပြီး အမှတ်တရဂုဏ်ပြုစကားပြောကြားခဲ့ကာ NLD ပါတီ၏ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် ဦးဉာဏ်ဝင်းက အမိန့်စာပြန်ခဲ့သည်။

ဦးအောင်ရွှေ၏ စျာပနအခမ်းအနားကို ဩဂုတ်လ ၁၇ ရက် နံနက်ပိုင်းက သီတဂူဆရာတော်ကြီးက သရဏဂုံတင်ကာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် အစိုးရအဖွဲ့ဝင်များ၊ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ပါတီဝင်များနှင့် ဝါရင့်နိုင်ငံရေးသမားများက ရေဝေးသုသာန်သို့ လိုက်ပါ ပို့ဆောင်ခဲ့ကြသည်။

ဦးအောင်ရွှေသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ဥက္ကဋ္ဌဟောင်းတစ်ဦးဖြစ်ပြီး ဩဂုတ်လ ၁၃ရက်နေ့ည ၉ နာရီ ၁၆ မိနစ်အချိန်တွင် ရန်ကုန်မြို့ ဝိတိုရိယဆေးရုံ၌ လူကြီးရောဂါဖြင့် ကွယ်လွန်ခဲ့ခြင်းဖြစ်ပြီး ကွယ်လွန်ချိန်တွင် အသက် ၁၀၁ နှစ်ရှိပြီ ဖြစ်သည်။ ■

## ကန်ကြီးထောင့် အထည်ချုပ်စက်ရုံ ရေနွေးငွေ့ပိုက်လိုင်း အဆက်ပြတ်ထွက်ရာမှ ၁၁ ဦး ဆေးရုံရောက်

**ကန်ကြီးထောင့်၊ ဩဂုတ် ၁၇**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့ ဟွာမုန် (ဂျင်းသားနှင့် ဆွဲသား) အထည်ချုပ်စက်ရုံတွင် ဩဂုတ် ၁၇ ရက် နံနက်ပိုင်းက အထည်များကို မီးပူတိုက်သည့်နေရာမှ ရေနွေးငွေ့ပိုက်လိုင်း အဆက်ပြတ်ထွက်ပြီး ရေနွေးငွေ့များ ပန်းထွက်သည်ကို ထွက်ပြေးသော စက်ရုံလုပ်သား ၁၁ ဦး ဆေးရုံရောက်ခဲ့ကြောင်း ဒေသခံများထံမှ သိရသည်။

"စစဖြစ်ဖြစ်ချင်းတော့ ဘွိုင်လာပေါက်တယ်ဆိုပြီး သိရတာပါ၊ စက်ရုံထဲရောက်သွားတော့မှ ရေနွေးငွေ့ ပိုက်လိုင်းအဆက်ပြတ်ထွက်တဲ့ အသံကို ဘွိုင်လာပေါက်တယ်ဆိုပြီး အလုပ်သမားတွေ မှန်တံခါးကို ခွဲပြီး အတင်းတွန်းထွက်ကြတာပါ၊ ဆေးရုံတက်ရောက်ရတဲ့ အလုပ်သမားတွေအတွက် ငွေကြေးထောက်ပံ့ပေးထားပါတယ်" ဟု ဟွာမုန်အထည်ချုပ်စက်ရုံ တာဝန်ခံမန်နေဂျာ မစ္စတာလီကျင့်မြီက ရှင်းပြသည်။

အဆိုပါကိစ္စရပ်နှင့် ပတ်သက်၍ စက်ရုံမှာ တာဝန်ရှိသူများကို ရဲစခန်းတွင် ခေါ်ယူကာ မေးမြန်းနေကြောင်း၊ ပိုက်နှင့်ပိုက်ခေါင်းဆက်သော ပျက်စီးဆုံးရှုံးသည်ကို ကနဦးတွေ့ရသေးကြောင်း၊ လတ်တလောတွင် အမှုဖွင့်လှစ်ထားခြင်းမရှိကြောင်း ကန်ကြီးထောင့် မြို့မရဲစခန်းမှူး ဒုရဲမှူးမင်းဆွေက ပြောကြားသည်။

ဟွာမုန် အထည်ချုပ်စက်ရုံတွင် ယင်းနေ့နံနက် ၈ နာရီကျော်က မီးပူတိုက်သော ရေနွေးငွေ့ပိုက်လိုင်းဆက် ပြတ်ထွက်ခဲ့ကြောင်း၊ ရေနွေးငွေ့နှင့် လေသံများကြောင့် စက်ရုံတွင်း အလုပ်လုပ်နေသူများက ဘွိုင်လာပေါက်ကွဲသည်ဟုထင်မှတ်ကာ တွန်းထိုး ထွက်ပြေးခဲ့ကြောင်း၊ ယင်းကြောင့် အလုပ်သမား ၁၁ ဦး မူးမေ့ခြင်း၊ လဲကျခြင်းများရှိသဖြင့် ကန်ကြီးထောင့်ဆေးရုံသို့ ပို့ဆောင်ကုသခဲ့ရကြောင်း ကန်ကြီးထောင့်မြို့မ ရဲစခန်း၏ ထုတ်ပြန်ချက်အရ သိရသည်။

ကုသရသူများအနက် ယခင် နှလုံးရောဂါအခံရှိသော အမျိုးသမီးသုံးဦးမှာ ပုသိမ်ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ကြောင်း၊ စက်ရုံကို ၁ နာရီခန့် ရပ်နားခဲ့ပြီး ပုံမှန်လည်ပတ်နေကြောင်း ကန်ကြီးထောင့်မြို့ မီးသတ်ဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရှိရသည်။

ကန်ကြီးထောင့်မြို့ရှိ ဟွာမုန် အထည်ချုပ်စက်ရုံကို ၂၀၁၆ ခုနှစ်တွင် စတင် ဖွင့်လှစ်ခဲ့ပြီး အလုပ်သမားဦးရေ ၂၇၀ ကျော်ရှိကြောင်း၊ ဇူလိုင်လကုန်ပိုင်းက အလုပ်သမားသုံးဦးကို အလုပ်ထုတ်သည့်ကိစ္စဖြင့် ပြဿနာဖြစ်ပွားခဲ့သည်။ ■

### မျက်နှာဖုံး - ဒုရဲအုပ်တစ်ဦးကို အဂတိလိုက်စားမှုဖြင့် မှ အဆက်

"တရားစွဲဆိုလိုက်တယ်။ ကျူးလွန်တာ ပေါ်လွင်လို့ပါ။ အခုဆိုရင် ကော်မရှင်ထံ တိုင်တဲ့စာတွေမှာ အောက်ခြေအဆင့် တာဝန် ထမ်းဆောင်တဲ့သူတွေ အများဆုံးတွေ့ရတယ်။ အဆင့်မြင့် အရာရှိတွေလည်း ပါတယ်" ဟု အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးသင်းမောင်က ပြောသည်။

အဆိုပါ ကော်မရှင်၏ ထုတ်ပြန်ချက်တွင် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မြို့သစ်(၄)ရပ်ကွက်နေ နစ်နာသူက ရဲအုပ် သိန်းထက်နိုင်သည် ပုသိမ်ကြီးမြို့နယ်တရားရုံး ရာဇဝတ်ကြီး အမှုအမှတ် ၂၁၇၀/၂၀၁၄ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၈၅ ဖြင့် စစ်ဆေးခံနေရသော အမှုတွင် မမှန်မကန်ဆောင်ရွက်၍ လာဘ်ငွေရယူခြင်းအား အရေးယူပေးပါရန် အမျိုးသားလွှတ်တော်သို့ တိုင်ကြားခဲ့ခြင်းအား အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ လွှဲပြောင်းပေးပို့ခဲ့ခြင်း ဖြစ်သည်။

အဆိုပါ တိုင်ကြားမှုအား အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ ဒုတိယရဲအုပ် သိန်းထက်နိုင် (ယခု ရဲအုပ်) သည် ပုသိမ်ကြီး မြို့မရဲစခန်းတွင် ရာဇသတ်ကြီးပုဒ်မ ၄၃၆ အမှုကို အမှုစစ်အဖြစ် ဆောင်ရွက်ခဲ့သည်။

ထို့နောက် ယင်းအမှုအား မြို့နယ်တရားရုံးသို့ ရာဇဝတ်ကြီးအမှု အမှတ် ၂၁၇၀/၂၀၁၄၊ ရာဇသတ်ကြီးပုဒ်မ ၂၈၅ ဖြင့် တရားစွဲရာတွင် တရားခံ၏သားဖြစ်သူထံမှ ငွေကျပ် ၁၀ သိန်းကို အကြိမ်ကြိမ်ခွဲ၍ ရယူခြင်း၊ KTV ဆိုင်များသို့ခေါ်ယူကာ သီဆိုစားသောက် ကုန်ကျစရိတ် ငွေကျပ် ၅၅၀၀၀၀ (ငါးသိန်းငါးသောင်း)ကို ရှင်းလင်းစေခိုင်းခဲ့ခြင်း စသဖြင့် အမှုစစ်ရဲအရာရှိအဖြစ် ဆောင်ရွက်စဉ် အဂတိလိုက်စားမှု ကျူးလွန်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ၎င်းကို ၂၀၁၃ ခုနှစ်၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၇ အရ ပုသိမ်ကြီးမြို့နယ် တရားရုံးတွင် ဩဂုတ်လ ၁၆ ရက်နေ့က တရားစွဲဆို အရေးယူဆောင် ရွက်ခဲ့ကြောင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ထံမှ သိရသည်။

ယင်းအမှုကို လာမည့် ဩဂုတ်လ ၂၅ ရက်နေ့တွင် ပုသိမ်ကြီးမြို့နယ်တရားရုံးတွင် ပထမဆုံးအကြိမ် ရုံးထုတ်စစ်ဆေးသွားမည်ဖြစ်သည်။

"အဆင့်မြင့်အရာရှိတွေမှာ ပြီးတော့ ပါမောက္ခ၊ တရားသူကြီး၊ မြို့နယ်တရားသူကြီး၊ ရဲတပ်ဖွဲ့က အဆင့်မြင့်အရာရှိ အပြင် အောက်ခြေကအုပ်ချုပ်ရေးမှူးတွေအထိ အရေးယူဆောင်ရွက်မှုတွေ ပြုလုပ်ထားပါတယ်" ဟု ကော်မရှင်အဖွဲ့ဝင် ဦးသင်းမောင်က ဆက်လက်ပြောသည်။

အလားတူ ပြီးခဲ့သည့် ဇူလိုင်လ ၃၁ ရက်နေ့၌ ယခင် ကရင်ပြည်နယ် အစိုးရအဖွဲ့ အတွင်းရေးမှူးတာဝန်ယူခဲ့သော ဦးပြုံးချိုအပါအဝင် ခြောက်ဦးသည် ရာထူးတာဝန်ကိုအကြောင်းပြု၍ အဂတိလိုက်စားမှု ကျူးလွန်ခဲ့ခြင်းကြောင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ၅၆ ဖြင့် တရားစွဲဆိုခြင်း ခံခဲ့ရသည်။ ■

### မျက်နှာဖုံး - အိန္ဒိယဝန်ကြီးချုပ် စက်တင်ဘာ လဆန်းတွင် မှ အဆက်

ထိပ်သီးစီးပွားရေး ညီလာခံကို တက်ရောက်မည်ဖြစ်ပြီး ယင်းခရီးစဉ်အပြီးတွင် မြန်မာနိုင်ငံသို့ လာရောက်မည်ဖြစ်ကြောင်း ဖော်ပြထားသည်။

အဆိုပါ ခရီးစဉ်နှင့် ပတ်သက်၍ နိုင်ငံတော် သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ ဦးဇော်ဌေးကို မေးမြန်းရာ "နီးမှ ထုတ်ပြန်ပေးပါမယ်။ အခုက စောနေသေးတယ်" ဟု ပြောဆိုသည်။

ပြီးခဲ့သည့်ရက်ပိုင်းက အိန္ဒိယ အစိုးရက အိန္ဒိယနိုင်ငံသို့ တရားမဝင် ပြောင်းရွှေ့လာသည့် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့မှ သောင်းနှင့်ချီသည့် မွတ်ဆလင်များကို ပြန်ပို့သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

လက်ရှိတွင် အိန္ဒိယဝန်ကြီးချုပ်မိုဒီ၏ မြန်မာနိုင်ငံ ခရီးစဉ်တွင် အဆိုပါ ရွှေ့ပြောင်းဒုက္ခသည်များအရေးနှင့် ပတ်သက်၍ ဆွေးနွေးမှုများ ပြုလုပ်သွားဖွယ်ရာရှိကြောင်း သုံးသပ်မှုများ ရှိနေသည်။

အဆိုပါ ခရီးစဉ်သည် အိန္ဒိယ ဝန်ကြီးချုပ် နာရင်ဒြာမိုဒီ၏ NLD အစိုးရသစ်လက်ထက်တွင် ပထမဦးဆုံး လာရောက်မည့် ချစ်ကြည်ရေး ခရီးစဉ် ဖြစ်လာမည်ဖြစ်ပြီး သမ္မတ ဦးသိန်းစိန် လက်ထက် နေပြည်တော်တွင် ASEAN Summit ကျင်းပစဉ်က မြန်မာနိုင်ငံသို့ တစ်ကြိမ်လာရောက်ထားသည်။

အိန္ဒိယဝန်ကြီးချုပ် နာရင်ဒြာမိုဒီနှင့် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့သည် ပြီးခဲ့သည့် ၂၀၁၆ ခုနှစ် အောက်တိုဘာလက နိုင်ငံတော်အတိုင်ပင်ခံ၏ သုံးရက်ကြာ အိန္ဒိယခရီးစဉ်၌ နောက်ဆုံးအကြိမ် တွေ့ဆုံထားခြင်းဖြစ်သည်။

■ J-08

ဝန်ထမ်းအလိုရှိသည်
အမျိုးသမီးဝန်ထမ်း - (၃) ဦး
အဆောင်စီစဉ်ပေးမည်။

09-5125681

# ဘန်ကောက်အိမ်ရာများ ရန်ကုန်နှင့် မန္တလေးတွင် လာရောင်းမည်

ရန်ကုန်၊ ဩဂုတ် ၁၇

ထိုင်းနိုင်ငံ ဘန်ကောက်မြို့၏ အဓိက လမ်းမကြီးတစ်ခုဖြစ်သည့် Sukhumvit လမ်းမကြီးပေါ်တွင် တည်ရှိသည့် MUNIQ အိမ်ရာစီမံကိန်းနှင့် ဘန်ကောက်စီးပွားရေးဇုန် (Central Business District) တွင် တည်ရှိသည့် MARQUE အိမ်ရာစီမံကိန်းတို့မှ ကွန်ဒိုတိုက်ခန်းများကို ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် လာရောက်ရောင်းချမည်ဖြစ်ကြောင်း ယင်းပွဲကို စီစဉ်ကျင်းပမည့် SQFT Global Properties ထံမှ သိရသည်။

အဆိုပါ အဆင့်မြင့်အိမ်ရာစီမံကိန်းများမှ ကွန်ဒိုတိုက်ခန်းများအရောင်းပြပွဲများကို ရန်ကုန်မြို့တွင် နိုဗိုတယ်ဟိုတယ်၌ စက်တင်ဘာလ ၉ ရက် ၁၀ ရက်နှင့် မန္တလေးမြို့တွင် ဆီဒိုးနားဟိုတယ်၌ စက်တင်ဘာလ ၁၆ ရက်၊ ၁၇ ရက်တို့တွင် ကျင်းပမည်ဖြစ်ကြောင်း ယင်းကုမ္ပဏီထံမှ သိရသည်။

“Whizdom 101 စီမံကိန်းကို ဒီမှာ ရောင်းတုန်းက အဲဒီနေရာကို မြို့လယ်နဲ့ နည်းနည်းဝေးတယ်ဆိုတဲ့ တုံ့ပြန်မှုတွေ ရှိခဲ့တယ်။ အခုရောင်းမယ့် MARQUE ဆိုရင်လည်း ဆမီတဝေး ဆေးရုံကြီးနဲ့နီးတယ်။ ဒါကြောင့်လည်း ပိုမိုကောင်းမွန်တဲ့ MARQUE နဲ့ MUNIQ တို့ကို ယူလာရခြင်းဖြစ်ပါတယ်” ဟု ယင်းကုမ္ပဏီ၏ တာဝန်ရှိသူတစ်ဦးဖြစ်သူ ဒေါ်နှင်းအိလွင်က ဆိုသည်။

လက်ရှိမြန်မာ့အိမ်၊ ခြံ၊ မြေ ဈေးကွက်အတွင်း အရောင်းအဝယ်အေးစက်နေသည်မှာ သုံးနှစ်ခန့် ကြာမြင့်နေပြီဖြစ်ပြီး တိုက်ခန်းကွန်ဒိုဈေးကွက်မှာလည်း အရောင်းအဝယ်ဖြစ်ပေါ်ခြင်းမရှိဘဲ အငှားပိုင်းတွင်သာ ဖြစ်ပေါ်လျက်ရှိသည်။

SQFT Global Properties သည် မြန်မာနိုင်ငံတွင် ဇူလိုင်လအတွင်းက ဘန်ကောက်အိမ်ရာတစ်ခုဖြစ်သည့် Whizdon 101 စီမံကိန်းမှ ကွန်ဒိုတိုက်ခန်းများကို အရောင်းပြပွဲပြုလုပ်ကာ လာရောက်ရောင်းချထားသည်။

■ S-04



# ရေဆိုးသန့်စင်စက်ရုံမှ ထွက်သည့် ဇီဝမြေဩဇာနှင့်အရည်ကို စိုက်ပျိုးမွေးမြူရာ၌သုံး

ရန်ကုန်၊ ဩဂုတ် ၁၇

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်ရှိ ရန်ကုန်အရက်ချက်စက်ရုံ Myanmar Distillery Co.,Ltd. ၏ ရေဆိုးသန့်စင်စက်ရုံမှ ထွက်ရှိသော ဇီဝမြေဩဇာနှင့် ဇီဝမြေဩဇာအရည်ကို လယ်ယာစိုက်ပျိုးခြင်း၊ ငါးစာနှင့် အသီးအနှံအပင်များ စိုက်ပျိုးရန် အသုံးပြုနေပြီဖြစ်ကြောင်း မှော်ဘီမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သူရက ပြောကြားသည်။

“Waste Water အစီအစဉ်မှာတော့ ဌာနတွေနဲ့ပူးပေါင်းပြီး ကွင်းဆင်းလေ့လာပါတယ်။ စွန့်ပစ်တဲ့ဆင့်ကဲအစီအစဉ်က အဆင်ပြေတဲ့ အနေအထားမှာရှိပါတယ်။ ရေဆိုးသန့်စင်စက်ရုံက တောင်သူလယ်သမားတွေ လက်တွေ့ စိုက်ပျိုးတာကလည်း အောင်မြင်နေတာ တွေ့ရပါတယ်” ဟု ၎င်းကဆိုသည်။

လက်ရှိတွင် ရေဆိုးသန့်စင်စက်ရုံမှ ထွက်ရှိသည့်ဇီဝမြေဩဇာနှင့် ဇီဝမြေဩဇာအရည် ၂၀ ရာခိုင်နှုန်းခန့်ကို လယ်ယာစိုက်ပျိုးခြင်း၊ ငါးစာနှင့် အသီးအနှံအပင်များ စိုက်ပျိုးရန် အသုံးပြုနေပြီး ပိုလျှံနေသည်များကိုလည်း ကျေးရွာပြည်သူများ အသုံးပြုနိုင်ရန် ဆက်လက်စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း Myanmar Distillery Co., Ltd. ထံမှ Plant Manager ဦးစိုးမိုးက ပြောကြားသည်။

“အရည်၊ အဖတ်ခွဲပြီး ပထမဆုံးအဆင့် ဖယ်လိုက်တဲ့အဖတ်တွေကို ငါးစာအနေနဲ့ရောင်းတယ်။ တွံတေးက ငါးကန်တွေက အဓိကလာဝယ်တယ်။ နောက်ဆုံးအဆင့် အမည်းဖတ်တွေကို ဇီဝမြေဩဇာအဖြစ် ၄က်ပျောပင်နဲ့ ပန်းစိုက်တဲ့နေရာတွေမှာ ပြန်သုံးပါတယ်။ ရေဆိုးတွေကို သန့်စင်ပြီး အရည်နဲ့အဖတ်တို့ကို စပါးစိုက်ခြင်းအတွက် ၂၀၁၆ ခုနှစ်ကစပြီး မြေဩဇာအစား စတင်အသုံးပြုခဲ့တယ်။ အဲဒါကိုတော့ အခမဲ့ ပေးပါတယ်” ဟု ၎င်းကဆိုသည်။

ယခုနှစ်တွင် ရေဆိုးသန့်စင်စက်ရုံမှ ပြန်လည်သန့်စင်ပြီးသည့် ရေများကို ဂါလန်နှစ်သိန်းခွဲဆံ့သည့် မြေသားကန်ကို တည်ဆောက်ကာ ပန့်၊ ပိုက်လိုင်းများ တပ်ဆင်ပြီး မှော်ဘီမြို့နယ် မီးသတ်ဦးစီးဌာနသို့ ရေပေးဝေမည်ဖြစ်ကြောင်း ဦးစိုးမိုးက ဆက်လက်ပြောဆိုသည်။

Waste Water Treatment System အောင်မြင်ရန် Grand Royal Group အနေနှင့် ဒေါ်လာ ၂ ဒသမ ၅ မီလီယံ အသုံးပြုကာ မြေဧက ၁၈ ဧကပေါ်တွင် ၂၀၁၂ ခုနှစ်က တည်ဆောက်ခဲ့ပြီး ၂ နှစ်တိတိ အချိန်ယူကာ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ရေဆိုးသန့်စင်စက်ရုံမှ သန့်စင်ခြင်းအဆင့်များအနေနှင့် စွန့်ပစ်အစာဖတ်ခွဲခြားပြုလုပ်၍သန့်စင်ခြင်း၊ လေမဲ့အဏုဇီဝပိုးမွှားအားဖြင့်သန့်စင်ခြင်း၊ လေရှိအဏုဇီဝပိုးမွှားအားဖြင့် သန့်စင်ခြင်း၊ မြေသားကန်များဖြင့် သန့်စင်ခြင်းဖြင့် အဆင့်လေးဆင့်ခွဲခြား၍ လုပ်ဆောင်ထားပြီးဖြစ်သည်။

ယခုလက်ရှိ မှော်ဘီမြို့နယ်တွင် စက်ရုံပေါင်း ၂၀ ကျော်ခန့်ရှိပြီး Grand Royal Group အရက်ချက်စက်ရုံမှ ထွက်ရှိသော ရေဆိုးသန့်စင်ခြင်းလုပ်ငန်းသည် မြန်မာနိုင်ငံ အရက်ချက်စက်ရုံလောကတွင် ပထမဆုံးနှင့် တစ်ခုတည်းသော အောင်မြင်မှုရရှိထားပြီး ISO 14001 ရရှိထားပြီး ဖြစ်သည်။

■ J-10

# မတ်ပဲတစ်တန် ကျပ်ငါးသောင်းနီးပါး ဈေးတက်

ရန်ကုန်၊ ဩဂုတ် ၁၇

အိန္ဒိယနိုင်ငံ၏ ဝယ်ယူမှုရပ်တန့်လိုက်ခြင်းကြောင့် ပဲစင်းငုံဈေးနှုန်းများ စံချိန်တင် ကျဆင်းနေသော်လည်း မတ်ပဲဈေးနှုန်းမှာ တစ်ပတ်အတွင်း တစ်တန်လျှင် ကျပ်ငါးသောင်းနီးပါးအထိ မြင့်တက်ကြောင်း ဘုရင့်နောင်ပဲဈေးကွက်အတွင်းမှ သိရသည်။

မြန်မာ့ပဲဈေးကွက်သည် အိန္ဒိယနိုင်ငံ၏ ဝယ်လိုအားပေါ်မူတည်လျက်ရှိရာ ယင်းနိုင်ငံဘက်မှ ပဲစင်းငုံဝယ်ယူမှုရပ်၍ မတ်ပဲဝယ်လိုအား ကောင်းမွန်ခြင်းကြောင့် မတ်ပဲဈေးနှုန်းများ ဆက်တိုက်မြင့်တက်လာခြင်းဖြစ်ကြောင်း ယင်းပဲဈေးကွက်အတွင်းမှ သိရသည်။

အဆိုပါပဲဈေးနှုန်းများသည် ယခင်အပတ်ကထက် မတ်ပဲတစ်တန်လျှင် ကျပ်ငါးသောင်းနီးပါး မြင့်တက်ပြီး ပဲစင်းငုံတစ်တန်လျှင် ကျပ်တစ်သောင်းကျော် ဆက်လက်ကျဆင်းကြောင်း ဘုရင့်နောင်ပဲဈေးကွက်အတွင်းမှ သိရသည်။

ပဲစင်းငုံကို အိန္ဒိယနိုင်ငံက တစ်နှစ်လျှင် တန်နှစ်သိန်းသာ ဝယ်ယူတော့မည်ဟု ဩဂုတ်လ ၅ ရက်နေ့က ထုတ်ပြန်ပြီးနောက်ပိုင်း ဈေးနှုန်းများ ဆက်တိုက်ကျဆင်းလာခြင်းဖြစ်ပြီး သမိုင်းတစ်လျှောက် အနိမ့်ဆုံးဈေးနှုန်းသို့ ရောက်ရှိလျက်ရှိကြောင်း ပဲကုန်သည်များက ပြောဆိုသည်။

လက်ရှိပဲဈေးကွက်အတွင်း ပဲစင်းငုံတစ်တန်လျှင် ကျပ် ၅၀၀,၀၀၀ ခန့်နှင့် မတ်ပဲတစ်တန်လျှင် ကျပ် ၈၀၉,၀၀၀ ခန့်ဈေးရှိကြောင်း ဘုရင့်နောင် ပဲဈေးကွက်အတွင်းမှ သိရသည်။

■ S-04




# E D I T O R I A L

# ဂုဏ်သိက္ခာရှိသော တရားရုံးများ ဖြစ်စေလို

တရားရုံးဆိုသည်မှာ နိုင်ငံတော်၏ အဓိက မဏ္ဍိုင်ကြီး သုံးရပ်အနက် တစ်ခုအပါအဝင်ဖြစ်သည့် တရားရေးမဏ္ဍိုင်ကို ကိုယ်စားပြုသည့်နေရာ အဖြစ် အများသိရှိထားကြသည်။

တရားရုံးတို့မည်သည် မည်သည့်ပြဿနာ မကျေလည်မှုမဆိုဥပဒေကြောင်း အရ မျှတပြတ်သားစွာ ကြားနာ၊ သုံးသပ်ဆုံးဖြတ်ပေးရသည့်နေရာဖြစ်ခြင်း ကြောင့် နိုင်ငံသားအားလုံး၏ ယုံကြည်ကိုးစားမှု အခံရဆုံးဖြစ်ရပေမည်။

ထို့အပြင် တရားရုံးအတွင်းသို့ ဝင်ရောက်လာသူမှန်သမျှတို့သည် ပြင်ပ တွင် မည်သည့်အဆင့်အတန်း၊ ရာထူး၊ တာဝန်မျိုးထမ်းဆောင်နေသည်ဖြစ်စေ တရားရုံးက မျှတတည့်မတ်စွာ ချမှတ်ထားသည့် စည်းကမ်းများကို လေးစား လိုက်နာကြရန် တာဝန်ရှိပေသည်။

ထို့အတူ စွပ်စွဲတိုင်ကြားသူနှင့် အစွပ်စွဲခံရသူတို့သည် ပြင်ပတွင် မည်မျှ ရာထူး၊ တာဝန်၊ ဩဇာ၊ အာဏာကြီးမားသူ၊ ချမ်းသာကြွယ်ဝသူ၊ နာမည်ကျော် ကြားသူဖြစ်စေ၊ တရားလိုနှင့် တရားခံ (ဝါ) စွပ်စွဲခံရသူ ဟုသာ တရားသူကြီး က ရှုမြင်ရမည်ဖြစ်ပြီး ၎င်းတို့၏ နောက်ခံရာထူး၊ အရှိန်အဝါများနှင့် ဖယ်ခွာ ကြည့်နိုင်ရမည် ဖြစ်သည်။

တရားရုံးသို့ နှစ်ဖက်စလုံးမှ လာရောက်ကြသူများ အပါအဝင် တာဝန်ကျ နိုင်ငံ့ဝန်ထမ်းများရော တာဝန်ချိန် ပြင်ပအလွတ်သဘော လာရောက်သော နိုင်ငံ့ဝန်ထမ်းများပါ တရားရေး မဏ္ဍိုင်ကိုယ်စားပြု တရားရုံး၏ ဂုဏ်သိက္ခာနှင့် အဆင့်အတန်းကို လေးစားရိုသေရမည်ဖြစ်သည်။

သို့ရာတွင် ယနေ့တရားရုံးများသို့ အလုပ်တာဝန်ဖြင့် ဖြစ်စေ၊ အလွတ် သဘောအရဖြစ်စေ၊ တရားလို တရားခံဘက်နှင့် ပတ်သက်၍ ဖြစ်စေ လာရောက်ကြသူအချို့မှာ တရားရုံးကို အဂါရဝဖြစ်စေသည့် ဝတ်စားဆင်ယင်မှု၊ အပြုအမူ အပြောအဆိုများ တွေ့မြင်နေရသည်မှာ များစွာ အရုပ်ဆိုးလှ သည်။

တရားရုံးအတွင်း အမှုစစ်ဆေးနေချိန် ရုံးဝင်းအတွင်း ကျယ်လောင်စွာ တယ်လီဖုန်းပြောဆိုခြင်း၊ ဘောင်းဘီတို၊ တီရှပ်ဝတ်ဆင်လာခြင်း၊ ယင်းသို့ သော အခြေအနေများကို ထိန်းသိမ်းကြီးကြပ်မှု မရှိခြင်းတို့ တွေ့မြင်နေရပေ သည်။

ယင်းကဲ့သို့ အဂါရဝ ဖြစ်စေသည်များကို သာမန်ပြည်သူများက မသိနားမလည်၍ ကျူးလွန်မိသကဲ့သို့ ဖြစ်သွားခြင်းကို နားလည်လက်ခံပေး၍ ရသော်ငြား တရားရုံးနှင့် ဆက်စပ်နေသော ပြည်သူ့ဝန်ထမ်းများက ဖောက်ဖျက် ကျူးလွန်နေခြင်းမှာမူ မည်သို့မျှမဖြစ်သင့်ပေ။

မဝေးတော့သည့် အချိန်ကာလတစ်ခုသို့ ရောက်ပါက နိုင်ငံသား အားလုံး၏ တစ်ခုတည်းသော စိတ်ချလက်ချအားကိုး ယုံကြည်လေးစားဖွယ် ဖြစ်လာရမည့် တရားရုံးတော်များကို ယခုထက်ပို၍ အရှိန်အဝါကြီးသော၊ ဂုဏ်သိက္ခာ အဆင့်အတန်းမြင့်မားသော၊ ဖြောင့်မတ်မှန်ကန်သော၊ တရားမျှတ သည့် ဥပဒေ မျက်နှာတစ်ခုတည်းကိုသာကြည့်သော တရားစီရင်ရေးမဏ္ဍိုင် ကိုယ်စားပြု ရုံးတော်များအဖြစ် ဝိုင်းဝန်းကူညီမြှင့်တင်ကြပါမည့်အကြောင်း တိုက်တွန်းအကြံပြုလိုရင်းဖြစ်သည်။

**အယ်ဒီတာ**

**(၁၇-၈-၂၀၁၇)**

# ပျက်စီးနေသည့် ယာဉ်ရပ်မှတ်တိုင်များ ပြုပြင်ရန် စစ်တမ်းကောက်

**ရန်ကုန်၊ ဩဂုတ် ၁၇**

ရန်ကုန်မြို့တွင်း YBS ယာဉ်လိုင်းများ ပြေးဆွဲနေသည့်မှတ်တိုင်များ ထဲမှ ပျက်စီးနေသောမှတ်တိုင်များကို စည်ပင်သာယာရေး ကော်မတီနှင့် ပူးပေါင်းပြင်ဆင်ရန် ဇူလိုင်လမှစတင် စစ်တမ်းကောက်ယူလျက်ရှိကြောင်း ရန်ကုန်တိုင်း ဒေသကြီးသယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ YRTA ထံမှ သိရသည်။

"မှတ်တိုင်အချို့ဆိုရင် အုတ်တွေဖြိုထားပြီးနေပြီ။ အဓိက စည်ပင်နဲ့ပေါင်းလုပ်နေတယ်။ စစ်တမ်းလည်း ကောက်နေပြီ။ ပျက်စီးစာရင်း မသိရသေးဘူး" ဟု YRTA အတွင်းရေးမှူး ဒေါက်တာမောင်အောင်က ဆိုသည်။

ခရီးသည်တင်ဘတ်စ်ကား မှတ်တိုင် လက်ရှိ ၄၀၀၀ ကျော်ရှိပြီး အဆိုပါမှတ်တိုင်များကို အသစ်ပြန်လည်တည်ဆောက်မည်ဖြစ်ပြီး လိုအပ်ချက်အရ မှတ်တိုင်များကိုလည်း နေရာပြောင်းရွှေ့မည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

YBS ယာဉ်လိုင်းများအနေနှင့် YBS ဆိုင်းဘုတ်ထောင်ထားသော မှတ်တိုင်များတွင်သာ ရပ်ရမည်ဖြစ်ပြီး သတ်မှတ်နေရာတွင် ယာဉ်မရပ်ခြင်း၊ မှတ်တိုင်မဟုတ်သောနေရာတွင် ခရီးသည် တင်၊ ချခြင်းများ ပြုလုပ်ပါက အရေးယူမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ရန်ကုန်မြို့တွင် YBS တံဆိပ်တပ်ယာဉ်များဖြင့် ပြောင်းလဲ ပြေးဆွဲချိန်တွင် ခရီးသည်များ စီးနင်းမှုအဆင်ပြေစေရန် လမ်းညွှန်ဆိုင်းဘုတ်များ စိုက်ထူခဲ့ပြီး အဆိုပါဆိုင်းဘုတ်များကိုလည်း အဆင့်မြှင့်တင်မည်ဖြစ်ကြောင်း YRTA ထံမှ သိရသည်။

ပြန်လည်ပြင်ဆင်ရာတွင် တိုင်များ ပိုမိုခိုင်ခံ့အောင် ဆောင်ရွက်ခြင်း၊ လမ်းကြောင်းများ စနစ်တကျဖော်ပြခြင်း၊ တိုးချဲ့လမ်းကြောင်းများ ဖြည့်တင်းခြင်းနှင့် အလွယ်တကူ ဖျက်ဆီး၍မရစေရန်တို့ကို ဆောင်ရွက်မည် ဖြစ်သည်။

YBS ယာဉ်လိုင်းများ ပြေးဆွဲနေသည့် ယာဉ်လုပ်သားများအနေနှင့် သတ်မှတ် မှတ်တိုင်ရောက်အောင် မောင်းနှင်ခြင်းမရှိပါက စည်းကမ်းချက် ၁၃၈ ချက်အရ ဒဏ်ငွေကျပ်တစ်သောင်းမှ သုံးသောင်းအထိအရေးယူနိုင်ပြီး ဆိုင်းဘုတ်များကို ဖျက်ဆီးပါက ဖမ်းဆီးစစ်ဆေးကာ ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း YRTA ထံမှ သိရသည်။ **J-06**

The VOICE Daily

CARTOON




The VOICE Daily

**The Product of Myanmar Partners Think Tank Group (A Sister Publication of Living Color Magazine)**

**Editor in-Chief** - Kyaw Min Swe, **Deputy Chief Editor** -Tin Aung Kyaw , **Editor in Charge** -Kyaw San Min .

**Senior Executive Editors** - Thiri Zaw, Aung Soe, **Legal Advisor** - U Hla Sein (Advocate), **Foreign Desk** - Aung Kyaw Soe,

**Editors** - Kyaw Swar Soe, Win Lwin Khaing, Kyi Kyi Lwin, Aung Aung Tun, Pyae Phyo Lin , Thant Zin Oo, Hein Myat Soe, Nay Zar Kyaw, Aung Thiha Tun.

**Graphic Editors** - Myo Htoo Htet, Ngu War Khine, Soe Han,

**Manager (DTP)** - Ma Khine, **Designer** - Saw Elijah, **Design & DTP** - Cho Cho Zin, Hnin Si.

**Senior Reporters** - Aung Htet , Khaing Soe Lin , Sithu Aung Myo Kyaw , Pwint Zin Maw Hein, Thet Shine Thu, Nilar Myint, Zaw Moe Lwin,Si Si Thin Hlaing, Zeyar Hein.

**Reporters** - Khine Cherry Tun, San San Htwe, Kyaw Soe Oo, Su Lay Ngone, Thida Swe, Aung Zaw Htoo, Khin Myat Myat Wai.

**Part-time Editors**- Aung Naing Win, Mg Man @ Myo Myint Aung.

**Mandalay Reporters** - Ye Win Naing, Than Pe Thar. Nay Lin, Yan Moe Naing, Myat Min, Aung Phyo,

**Regional Reporters** - Zay Yar Ko, Yan Naing, Zaw Tint, Myint Soe, Kyaw Soe Moe, Nyein Thu Min, Nay Min Htet, Nay Lin Phyu, Cho Thae Kyi, Yan Kaung, Min Min Aung, Slai Yaw Zin, Ma Ma, Myat Thu Tun (Poe Thiha), Paw Oo, Khin May San, Tin Zaw Oo. **Photographer** - Ye Pyae Zar Ni, Aung Naing,

**Advertising** - Ei Mar Lar, Zaw Zaw Aung

**Distribution** - Htet Khaung, Jet Too Too.

**Press** -Hnit Thit Oo Press (00601) , 27(A), Corner of U Hmoo St and U Tun Nyo St., Dagon (East) Industrial Zone,

**Web Team**- thevoicewebteam@gmail.com,

**Website** - www.thevoicemyanmar.com, **Office** - No. 157, West Horse Race Course Road, Kyaikasan Quarter, Bahan Township, Yangon.

**Phone** – 09 263200010, 09 263200020, 09 263200030, 09 263200040, 09 263200050, 09 263200060, 09263200070, 09 263200080

**Hot Lines** – 09 785555771 **(Newsroom)**, 09 785555772**(Advertising)**, 09 785555773**(Distribution)**

**E-mail**-Admin; Chief Editor :c-editor@thevoicemyanmar.com, **News Room** : newsroom@thevoicemyanmar.com.

# ပြည်သူရွေးချယ်သော ဒီမိုကရေစီ အောင်မြင်လိုကြောင်း တပ်ချုပ်ဆို

**ရန်ကုန်၊ ဩဂုတ် ၁၇**

တပ်မတော်အနေနှင့် ပြည်သူရွေးချယ်သော ဒီမိုကရေစီနှင့် တိုင်းပြည်တည်ငြိမ်ပြီး ဖွံ့ဖြိုးတိုးတက်စေလိုကြောင်း တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြောဆိုလိုက်သည်။

ဩဂုတ်လ ၁၇ရက်၌ တာဝန်ပြီးဆုံး၍ မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာမည့် ဥရောပ သမဂ္ဂအဖွဲ့ရုံးမှ သံအမတ်ကြီး H.E .MR.Roland Kobia နှင့် တပ်ချုပ်တို့သည် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ တွေ့ဆုံစဉ် အထက်ပါအတိုင်း ပြောဆိုခဲ့ကြောင်း တပ်ချုပ်ရုံး၏ ထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးတွင် တွေ့ကြုံနေရသည့် အခက်အခဲများအား လူ့သဘောသဘာဝကိုသိရှိနားလည်မှုအပေါ် အခြေခံ၍ တစ်ဆင့်ပြီးတစ်ဆင့် ဖြေရှင်းကျော်လွှားရမည် ဖြစ်ကြောင်း၊ အရေးကြီးသည်မှာ ပြုပြင်ပြောင်းလဲမှုတွင် ပါဝင်လုပ်ဆောင်နေသူများ၏ တိုင်းပြည်အပေါ် စိတ်ရင်းစေတနာကောင်းထားရှိမှုပင်ဖြစ်ကြောင်း၊ တပ်မတော်အနေနှင့် ပြည်သူကရွေးချယ်သော ဒီမိုကရေစီစနစ်အောင်မြင်စေလိုကြောင်း၊ တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်စေလိုကြောင်း၊ တပ်မတော်၏ ရပ်တည်ချက်ကို ပြောဆိုခဲ့ကြောင်း ယင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

နိုင်ငံ၏ပြုပြင် ပြောင်းလဲမှုများတွင် အဓိကအားဖြင့်ရင်ဆိုင်နေရသည့် အခက်အခဲမှာ ဒီမိုကရေစီ အတွေ့အကြုံအားနည်းပြီး ရင့်ကျက်မှုမရှိသေးခြင်း၊ ဗဟိုဦးစီးစနစ်ဖြင့် အုပ်ချုပ်ခဲ့သည့် နှစ် ၅၀ ကျော်၊ ၆၀ နီးပါး ကာလအတွင်း နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးနှင့် ပုဂ္ဂိုလ်ရေး အရခံစားချက်ရှိခဲ့ကြသည့် လူပုဂ္ဂိုလ်အချို့နှင့် နိုင်ငံရေးစနစ်နှစ်ခု အားပြိုင်မှုကြောင့်ရရှိလာသည့် ခံယူချက်ရှိသူအချို့သည် ယနေ့တိုင်အုပ်ချုပ်သူအစိုးရအပေါ် အတိုက်အခံလုပ်ဆောင်နေကြောင်း တပ်ချုပ်က ပြောဆိုဆွေးနွေးခဲ့သည်။

ထို့အတူ လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးနှင့်ဒီမိုကရေစီအရေးကို တစ်ဆင့်ချင်းပြောင်းလဲမည်ဟု တပ်ချုပ်က ဆိုသည်။

■ J-07

# ဘီလပ်မြေစက်ရုံမှတင်သွင်းသော သဘာဝပတ်ဝန်းကျင်အစီရင်ခံစာကို ဒေသခံများ လက်မခံ

**မော်လမြိုင်၊ ဩဂုတ် ၁၇**

မွန်ပြည်နယ်၊ ကျိုက်မရော မြို့နယ်တွင် MCL ဘီလပ်မြေစက်ရုံမှ တင်သွင်းထားသော သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင် လေ့လာဆန်းစစ်သည့် အစီရင်ခံစာ (EIA) ကိုပညာရှင်များနှင့် ဒေသခံများ လက်မခံကြောင်းကို ဩဂုတ်လ ၁၇ရက်က MCL မှ ပြုလုပ်သည့် ပြည်သူလူထုသို့ ရှင်းလင်းပွဲတွင် ဒေသခံများက ပြောဆိုသည်။

“အဓိကကတော့ ဒီ EIA ကတော့ update မဖြစ်ဘူး၊ update မဖြစ်တော့ မမှန်နိုင်ဘူး၊ ဒါကြောင့် လက်မခံနိုင်ဘူး၊ ကန့်ကွက်တယ်၊ EIA format ဖြစ်တဲ့ အချက် ၆ ချက်ထဲမှာလည်း မဝင်ဘူး၊ အရင်ဘာဖြစ်ခဲ့လဲ၊ အခုဘာဖြစ်နေလဲ၊ နောက်ဘာလုပ်ရင် ဘာဖြစ်ဦးမလဲ ဒါမျိုးတွေလည်းမပါခဲ့ဘူး၊ လုံလောက်တဲ့ ပြည်သူတွေရဲ့သဘောထားရယူမှုလည်း မရှိခဲ့ဘူး” ဟု ဒေသခံနိုင်ရဲဇော်က ပြောသည်။

ဒေသခံများ လက်ခံနိုင်သည့် EIA ကို စနစ်တကျနဲ့ ပြန်ကောက်ယူပြီး တင်ပြမှသာလျှင် သက်ဆိုင်ရာမှ ဆုံးဖြတ်နိုင်မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ လွန်ခဲ့တဲ့ ၂၀၁၃ ခုနှစ်တွင် ပြုလုပ်ထားသည့် EIA ကိုသာ ခေါင်းစဉ်ခွဲကာ တင်သွင်းမည်ဆိုပါက သက်ဆိုင်ရာမှ ဆုံးဖြတ်ရာတွင်လည်း မှားယွင်းသည့် ဆုံးဖြတ်ချက်သာ ကျလာနိုင်ကြောင်း ၎င်းက ထောက်ပြသည်။

“ EIA အစီရင်ခံစာတင်ပြီးလို့ ၁၅ ရက်အတွင်း ပြည်သူနဲ့ တွေ့ဆုံပြီး ရှင်းလင်းပွဲလုပ်ရမှာ အခုက ရက်ပေါင်း ၉၀ ရှိနေပြီး ဒီအချက်နဲ့တင် MCL က လုံးဝကို မှားနေပြီး၊ ၂၀၁၃ မှာ ရေးထားတာကို ပစ္စုပ္ပန်နဲ့ ပြန်ပြင်ရေးရမှာပါ၊ ပတ်ဝန်းကျင်ထိန်းသိမ်းမှု အစီရင်ခံစာကို ပြန်ရေးရမှာဖြစ်ပါတယ်၊ အဲဒီမှာ အချက် ၆ ချက်ပါတယ်” ဟု အမေရိကန်နိုင်ငံမှ ဝန်းကျင်ဗေဒ အကြံပေးရေး ပညာရှင် ဦးစိုးအောင်က ပြောကြားသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းမှု အစီရင်ခံစာတွင် အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ ထုတ်လုပ်ခြင်း၊ စက်ရုံပိတ်ခြင်း၊ စီမံကိန်းပိတ်ခြင်း၊ စောင့်ကြပ်ကြည့်ရှုခြင်းစသည့် အချက် ၆ချက်ပါဝင်မှသာ ပြီးပြည့်စုံသည့် အစီရင်ခံစာတစ်စောင်ဖြစ်ကြောင်း ၎င်းက ပြောဆိုသည်။

သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင် လေ့လာဆန်းစစ်သည့် အစီရင်ခံစာ (EIA) ကို ၂၀၁၃ ခုနှစ်တွင် တတိယ ပါတီဖြစ်သည့် REM-UAE Laboratory and Consultant Co.,Ltd မှ တာဝန်ယူ ပြုလုပ်ခဲ့ကြောင်း၊ ၂၀၁၇ ခုနှစ်တွင် ထိုအစီရင်ခံစာကို အပိုင်းခွဲ ကာ တင်ပြရမည်ဟု ဆိုလာသဖြင့် မိမိတို့အနေနှင့် ပြန်လည် အပိုင်းခွဲပေးခဲ့ကြောင်း၊ အစီရင်ခံစာ ပြုလုပ်ပြီးသွားသည့်အတွက် ကျန်သည့်အချက်များသည် MCL ၏ တာဝန်သာ ဖြစ်ကြောင်း လေ့လာဆန်းစစ်သည့်အဖွဲ့တွင် ပါဝင်သည့် ဒေါ်ခင်ဥမ္မာထွေးက ပြောသည်။

လက်ရှိ ၂၀၁၇ ခုနှစ်တွင် ပြည်ထောင်စုအစိုးရသို့ တင်ပြထားသည့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင် လေ့လာဆန်းစစ်သည့် အစီရင်ခံစာ (EIA) ကို ပြည်ထောင်စု ပတ်ဝန်းကျင် ထိန်းသိမ်းရေးဌာနသို့ တင်ပြထားသည့်အတွက် ဝန်ကြီးဌာနမှ ဆန်းစစ်သည့်အဖွဲ့က ပြန်ကြားလာသည်ကို စောင့်ဆိုင်းရမည်ဖြစ်ကြောင်း MCL ဘီလပ်မြေစက်ရုံမှ အမှုဆောင်အရာရှိ ဦးဇော်လွင်ဦးက ပြောကြားသည်။

ဩဂုတ်လ ၁၇ ရက်နေ့တွင် ကျင်းပသည့် MCL ဘီလပ်မြေစက်ရုံမှ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင် လေ့လာဆန်းစစ်သည့် အစီရင်ခံစာနှင့် ပတ်သက်သည့် လူထုသို့ချပြရှင်းလင်းပွဲတွင် မွန်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာမင်းကြည်ဝင်း၊ ဌာနဆိုင်ရာများနှင့် ကျိုက်မရောမှ လာရောက်သည့် ဒေသခံ ၁၆၀ ကျော် တက်ရောက်ခဲ့သည်။ ■

## NEWS PHOTO



ကျောင်းသားသမဂ္ဂအဆောက်အအုံ ပြန်လည်တည်ဆောက်ရေးအတွက် ကျောင်းသားမျိုးဆက်များ၏ တွေ့ဆုံဆွေးနွေးပွဲကို ရန်ကုန်မြို့ ရန်ကုန်တက္ကသိုလ်တွင် ဩဂုတ်လ ၁၇ ရက်နေ့က ပြုလုပ်ရာ ၁၉၆၂ ကျောင်းသားမျိုးဆက်မှ ကျောင်းသားခေါင်းဆောင် ဦးလှရွှေနှင့် ၁၉၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုဂျင်မီတို့ကို အတူတွေ့ရစဉ်

ဖြန့်ချိရေးကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၃ (ရန်ကုန်)၊ ဖုန်း - ၀၉၇၇၈၈၃၃၀၇၁ (မန္တလေး)

Vacancy Announcement / 025 /UNDP HR/2017

UN DP

Job Code Title: Project Manager
Contract Type: Service Contract
Grade: SC10
Department: Environmental Governance and Disaster Resilience
Report to: Senior Technical Adviser
No. of post: 1 Post
Duty station: Myeik, Tanintharyi Region
Contract Duration: One Year with possible extension
Closing Date: 23 August 2017
To apply:
https://jobs.partneragencies.net/erecruitjobs.html?JobOpeningId=11474
Qualifications and experience:
- At least a Master's degree preferably in environment management, sustainable livelihoods or rural development;
- A minimum of 5 years of work experience in project-relevantfield (s) preferably with at least 5 years in a project management setting involving multi-lateral/international funding agency;
- Previous experience with UN projects will be a definite asset;
- Sound understanding of biodiversity and ecosystem conservation, climate change adaptation and sustainable livelihoods, andassociated issues;
- Sound understanding of integrated sustainable land and seascape management, climate change adaptation and community development;
- Very good knowledge and experience of results-based management and project cycle management;
- Very good inter-personal skills;
- Very good computer skills;
- Excellent command of written and spoken English and Myanmar language

## မြစ်ရေကြီးခြင်း သတိပေးချက်

ဩဂုတ်လ ၁၇ ရက်နေ့ တိုင်းတာချက်များအရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် သုံးပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း တစ်ပေခန့်ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ပါသည်။

ထို့ပြင် ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် တစ်ပေခွဲခန့်နှင့် မော်လိုက်မြို့တို့တွင် နှစ်ပေခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ဖောင်းပြင်မြို့တွင် ပေဝက်ခန့်နှင့် မော်လိုက်မြို့တွင် တစ်ပေခန့် ဆက်လက်မြင့်တက်လာနိုင်ကာ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက် ဆက်လက်တည်ရှိနိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့တွင် လေးပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်ပါသည်။

အလားတူရေဝတီမြစ်ရေသည် ရွှေကူမြို့တွင် တစ်ပေခန့်နှင့် ကသာမြို့တွင် ပေဝက်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအောက်သို့ ပြန်လည်ကျဆင်းနိုင်ပါသည်။

ယင်းကြောင့် မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေနှင့် အထူးသတိပြုနေထိုင်ရန် လိုအပ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။ ■

# ကိုရီးယားအလုပ်အကိုင်စာမေးပွဲ မြန်မာနိုင်ငံသား ၃၀,၀၀၀ ခန့် ဖြေဆိုမည်

**ရန်ကုန်၊ ဩဂုတ် ၁၇**

ကိုရီးယားနိုင်ငံ၌ ကုန်ထုတ်လုပ်သားလုပ်ကိုင်ခွင့်အတွက်ဖြေဆိုရမည့် ကိုရီးယားအရည်အချင်းစစ်စာမေးပွဲကို မြန်မာနိုင်ငံသား ၂၉,၀၀၀ ဦး ဝင်ရောက်ဖြေဆိုမည်ဖြစ်ကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူက ပြောသည်။

ဝင်ခွင့်လျှောက်ထားသူစာရင်းတွင် ပဲခူး၊ ဧရာဝတီတိုင်း၊ ရခိုင်း၊ မွန်၊ ချင်းပြည်နယ်၊ တနင်္သာရီတိုင်းနှင့်အထက်အညာဒေသများမှ ဖြစ်သည်။

အဆိုပါစာမေးပွဲကို ရန်ကုန်ကွန်ပျူတာတက္ကသိုလ်နှင့် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်တို့တွင် ဩဂုတ်လ ၂၆ ရက်နှင့် ၂၇ ရက်နေ့များတွင် ဖြေဆိုရမည်ဖြစ်သည်။

"ကုန်ထုတ်တစ်ခုတည်းကိုဒီရက်ဖြေဆိုမယ့်သူ နှစ်သောင်းကိုးထောင်ကျော်ရှိပါတယ်" ဟု အလုပ်သမားညွှန်ကြားမှုဦးစီးဌာန တာဝန်ရှိသူက ဆိုသည်။

ယခုနှစ်အတွက် ကိုရီးယားနိုင်ငံသို့ မြန်မာအလုပ်သမားစေလွှတ်မှု ခွဲတမ်းအရ ဆောက်လုပ်ရေးလုပ်သား ၃၀၀ ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်သား ဦးရေ ၄၀၀၊ ကုန်ထုတ်လုပ်သား ၃၄၀၀ ဦး စုစုပေါင်းလုပ်သား ၄၁၀၀ ကို ခေါ်ယူမည်ဖြစ်သည်။

ဖြေဆိုခွင့်လျှောက်လွှာ တစ်စောင်ကိုအမေရိကန်ဒေါ်လာ ၂၄ ဒေါ်လာ (မြန်မာငွေကျပ် ၃၃၀၀၀ ဝန်းကျင်) ဖြင့် မြောက်ဒဂုံမြို့နယ်ရှိ အလုပ်သမားညွှန်ကြားမှုဦးစီးဌာန ပြည်ပအလုပ်အကိုင်လမ်းညွှန်သင်တန်းကျောင်းတွင် မတ် ၂၀ ရက်မှ ၂၄ ရက်အထိ ငါးရက်တာ ရောင်းချခဲ့ရာတွင် လျှောက်လွှာဝယ်ယူသူ ၃၃၀၀၀ ဦးအထိ ရှိခဲ့သည်။

ကိုရီးယားနိုင်ငံသို့ သွားရောက်လုပ်ကိုင်လိုသူများအနေနှင့် ကုန်ထုတ်လုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းဟူ၍ အမျိုးအစားအလိုက်ဝင်ခွင့်ဖောင်အတွက် ပထမအအဆင့်ကို (EPS–T0PIK) တင်သွင်းရန် ၂၄ ဒေါ်လာကုန်ကျပြီး ဖြေဆိုအောင်မြင်ပါက ဒုတိယအဆင့် အခြေခံကျွမ်းကျင်မှု စစ်ဆေးပြီး အောင်မြင်သူသည် အနည်းဆုံး ၆ လမှ ၂ နှစ်ဝန်းကျင်အထိ ခေါ်စာကို စောင့်ဆိုင်းပြီးမှသာ သွားရောက်လုပ်ကိုင်ခွင့် ရရှိကြသည်။

ကိုရီးယားနိုင်ငံမှ ရွှေ့ပြောင်းလုပ်သားခေါ်ယူသည့် နိုင်ငံပေါင်း ၁၆ နိုင်ငံတွင် မြန်မာနိုင်ငံအပါအဝင်ဖြစ်သည်။

၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလအထိ မြန်မာနိုင်ငံမှ နိုင်ငံပေါင်း ၁၈ နိုင်ငံသို့ ရွှေ့ပြောင်းလုပ်သားအဖြစ် တရားဝင်သွားရောက်လုပ်ကိုင်သူ ၂၂ သိန်းရှိကြောင်း အလုပ်သမားညွှန်ကြားမှုဦးစီးဌာန ရွှေ့ပြောင်းဌာနခွဲထံမှ သိရသည်။ ■ J-18


ဓာတ်ပုံ - AAT

# ငလျင်ဒဏ်သင့် ပုဂံယဉ်ကျေးမှုဒေသ တစ်နှစ်ပြည့်အလုပ်ရုံဆွေးနွေးမည်

**ရန်ကုန်၊ ဩဂုတ် ၁၇**

၂၀၁၆ ခုနှစ် ဩဂုတ်လ ၂၄ ရက်က ဖြစ်ပွားခဲ့သည့် ငလျင်ကြောင့် ပုဂံဒေသရှိ ပျက်စီးဆုံးရှုံးခဲ့မှုများအတွက် ပြုပြင်ထိန်းသိမ်းမှုများနှင့်ပတ်သက်၍ တစ်နှစ်ပြည့် အခမ်းအနားအဖြစ် အလုပ်ရုံဆွေးနွေးမည်ဖြစ်ကြောင်း သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနထံမှ သိရသည်။

"ငလျင်ဒဏ်သင့်တာက တစ်နှစ်ပြည့်ကာလအတွင်းမှာ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေရဲ့ပူးပေါင်းဆောင်ရွက်မှုနဲ့အလှူငွေတွေရဲ့ သုံးစွဲထားတဲ့ ပမာဏ ရှင်းတမ်းတွေ၊ ပြင်ဆင်ဆောင်ရွက်မှုတွေကို သုံးသပ်တဲ့ အလုပ်ရုံ ဆွေးနွေးမှုပါ" ဟု ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန (စီမံ)ညွှန်ကြားရေးမှူး ဦးဇော်ဇော်ထွန်းက ဆိုသည်။

ပုဂံဒေသ၏ ငလျင်ဒဏ်သင့် တစ်နှစ်ပြည့်အဖြစ် ပြုပြင်ထိန်းသိမ်းရေးဆောင်ရွက်မှုများတွင် ပါဝင်ဆောင်ရွက်နေသည့် ယူနက်စကို၊ အိန္ဒိယ၊ တရုတ် စသည့်နိုင်ငံများမှ ပညာရှင်များအပြင် ပုဂံဒေသ ငလျင်သင့်မှုအတွင်း ပြင်ဆင် ထိန်းသိမ်းရန် ဖွဲ့စည်းထားသည့်ပညာရှင်များပါဝင်သည့်အဖွဲ့များ၊ ပူးပေါင်းဆောင်ရွက်ခဲ့သည့် ပရဟိတအဖွဲ့များ ပါဝင်မည့် ယင်းဆွေးနွေးပွဲကို ပုဂံဒေသ၌ ဩဂုတ်လ ၂၇ ရက်တွင် ပြုလုပ်မည်ဖြစ်သည်။

"ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့တဲ့ဘုရားတွေကို အသေးစားပျက်စီးမှုအဖြစ် သတ်မှတ်ထားတဲ့ ၂၂၄ ဆူက ပြင်ဆင်မှုကတော့ အားလုံးလုပ်ပြီးပါပြီ။ အကြီးစားပျက်စီးမှုအတွက် ကျန်ရှိတဲ့ဘုရားတွေကတော့ တစ်နှစ်ပြီးတစ်နှစ် စီမံကိန်းတွေနဲ့ဆောင်ရွက်နေပါတယ်။ အခုကပြင်ဆင်မှုတွေ လုပ်လိုက် (expect team) က စိစစ်လိုက်နဲ့ဆက်လုပ်နေပါတယ်" ဟု ပုဂံဌာနခွဲညွှန်ကြားရေးမှူး ဦးအောင်အောင်ကျော်က ဆိုသည်။

ပုဂံဒေသတွင် အဆိုပါငလျင်ကြောင့် ဘုရားပေါင်း ၃၈၉ ဆူ ပျက်စီးထိခိုက်ခဲ့ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ထုတ်ပြန်ထားသည်။

ငလျင်ဒဏ်သင့်မှုကြောင့် ထိခိုက်ခဲ့သည့်ဘုရားများကို ပြန်လည်ပြင်ဆင်ရာ၌ ရှေးမူမပျက် ပြန်လည်ထိန်းသိမ်းရာတွင် ယူနက်စကိုမှပညာရှင်များနှင့် ရှေးဟောင်းပညာရှင်များပါဝင်သည့်အဖွဲ့များ ပူးပေါင်းဆောင်ရွက်နေကြောင်း သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။ ■J-14

# မြန်မာ - အိန္ဒိယနယ်စပ်ကို ဗဟိုပြု၍ မြေငလျင်လှုပ်

**ရန်ကုန်၊ ဩဂုတ် ၁၇**

မြန်မာ- အိန္ဒိယနယ်စပ်ကို ဗဟိုပြု၍ ယနေ့ (ဩဂုတ်လ ၁၇ ရက်) မွန်းလွဲ ၂ နာရီ ၈ မိနစ်ခန့်က အင်အားရစ်ခ်စတာစကေး ၄ ဒသမ ၆ အဆင့်ရှိမြေငလျင်လှုပ်ခတ်ခဲ့ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန မြေငလျင်ဌာနခွဲထံမှ သိရသည်။

အဆိုပါမြေငလျင်သည် မန္တလေးမြေငလျင်စခန်းမှ အနောက်မြောက်ဘက် ၂၈၅ မိုင်ခန့်အကွာ မြန်မာ-အိန္ဒိယ နယ်စပ်အနီးကို ဗဟိုပြုခြင်းဖြစ်ပြီး အင်အားအနည်းငယ်ရှိကြောင်း အဆိုပါဌာနထံမှ သိရသည်။ ■

# အွန်လိုင်းလက်ဖွဲ့ဝန်ဆောင်မှု ဝက်ဘ်ဆိုက်သစ် မိတ်ဆက်

**ရန်ကုန်၊ ဩဂုတ် ၁၇**

မင်္ဂလာပွဲများတွင် အများဆုံးကြုံရလေ့ရှိသည့် အမျိုးအစားတူလက်ဖွဲ့ပစ္စည်းများလက်ခံရရှိခြင်းကို ဖြေရှင်းပေးနိုင်မည့် အခမဲ့အွန်လိုင်းဝန်ဆောင်မှုဝက်ဘ်ဆိုက်သစ် MingalarLetPhwe.com မိတ်ဆက်သည့် အခမ်းအနားကို ဩဂုတ်လ ၁၆ ရက်နေ့က ရန်ကုန်မြို့ရှိ Novotel Hotel တွင် ကျင်းပခဲ့သည်။

"ဧည့်သည်တွေအနေနဲ့ မင်္ဂလာမောင်နှံတွေ ဘာလိုချင်လဲ မသိတဲ့အခါ သူတို့လိုအပ်မယ်ထင်တဲ့ပစ္စည်းတွေ ထပ်နေတော့ အသုံးမဝင်ဘဲ ချောင်ထိုးထားရတာတွေကို ဒီဝန်ဆောင်မှုကနေ ဖြေရှင်းပေးသွားမှာပဲ ဖြစ်ပါတယ်" ဟု MingalarLetPhwe.com ၏ CEO Mr.Charles-Patrick Rowan က ဆိုသည်။

MingalarLetPhwe.com သည် မင်္ဂလာလက်ဖွဲ့ပစ္စည်းများကို စိတ်ကြိုက်ရွေးချယ်နိုင်သော ဝက်ဘ်ဆိုက်ဖြစ်ပြီး မင်္ဂလာမောင်နှံများအနေနှင့် လက်ဖွဲ့ပစ္စည်းများ ထပ်နေသည့်ပြဿနာကို အကောင်းဆုံး ဖြေရှင်းပေးနိုင်မည်ဖြစ်ကာ မင်္ဂလာလက်ဖွဲ့ထည့်ဝင်သူများအတွက် လက်ဖွဲ့ပစ္စည်းအမျိုးအစားပေါင်း ၅၀၀၀ ကျော်ကို တစ်နေရာတည်းတွင် ဝင်ရောက်ကြည့်ရှုဝယ်ယူနိုင်မည်ဖြစ်ကြောင်း အဆိုပါဝက်ဘ်ဆိုက်ထံမှ သိရသည်။

အဆိုပါဝန်ဆောင်မှုအတွက် ကျသင့်သည့် ဝန်ဆောင်မှုကို မင်္ဂလာလက်ဖွဲ့တွင်ပါဝင်သည့် Company များနှင့် အကျိုးတူ ပူးပေါင်းဝန်ဆောင်မှုပေးခြင်းဖြစ်ပြီး MingalarLetPhwe.com မှ လက်ဖွဲ့ပစ္စည်းများမှာ အပြင်စျေးနှုန်းများအတိုင်း ကျသင့်မည်ဖြစ်သည်။ ■ J-05

# မွေးမြူရေးအစာကုန်ကြမ်း ဈေးတက်

**ရန်ကုန်၊ ဩဂုတ် ၁၇**

ငါး၊ ပုစွန်အစာ မွေးမြူရေးကုန်ကြမ်းများဖြစ်သည့် ပဲဖတ်၊ နှမ်းဖတ်နှင့် ဖွဲနုဈေးနှုန်းများမှာ ယခုရက်ပိုင်းအတွင်း ယခင်ထက် တစ်ပိဿာလျှင် ကျပ် ၁၀၀ ခန့် မြင့်တက်သွားကြောင်း မွေးမြူရေးလုပ်ငန်းရှင်များထံမှ သိရသည်။

ဇူလိုင်လအတွင်းက ပဲဖတ်၊ နှမ်းဖတ်နှင့် ဖွဲနုတစ်ပိဿာလျှင် ကျပ် ၂၅၀ ခန့်အထိသာရှိသော်လည်း ယခုဩဂုတ်လအတွင်း တစ်ပိဿာလျှင် ကျပ် ၃၅၀ ခန့်အထိ ဈေးတက်လာခြင်းဖြစ်သည်။

"ဒီလက မိုးပဲပေါ်တဲ့ရာသီလေ။ အရင်ဆို မိုးပဲပေါ်ရင် ပဲဖတ်ဈေးက အေးလေ့ရှိတယ်။ ဒါပေမဲ့ဆန်စက်တွေနဲ့ ဆီစက်တွေက အပြည့်အဝ မလည်ပတ်နိုင်တဲ့အတွက် ပွင့်လင်းရာသီအထိတောင် ဈေးကျဖို့မမြင်ဘူး" ဟု ငါး၊ ပုစွန်အစာ ထုတ်လုပ်ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဒေါက်တာ သက်မှူးက ပြောကြားသည်။

ရေကြီးနစ်မြုပ်မှုများ၊ လမ်းပန်းဆက်သွယ်ရေးနှင့် လုပ်သားအခက်အခဲများကြောင့် ဆန်စက်၊ ဆီစက်များမှာ အပြည့်အဝ မလည်ပတ်နိုင်ခြင်းနှင့် မွေးမြူရေးအစာကုန်ကြမ်းများကိုလည်း ဈေးကွက်တွင်လိုအပ်သလောက် လုံလောက်စွာ မထုတ်လုပ်နိုင်သောကြောင့်လည်း ဈေးနှုန်းများ မြင့်တက်ရခြင်းဖြစ်ကြောင်း ၎င်းက ပြောဆိုသည်။

၂၀၁၆ ခုနှစ်က ပဲဖတ်၊ နှမ်းဖတ်နှင့် ဖွဲနုတစ်ပိဿာလျှင် ကျပ် ၅၀၀ ခန့်အထိ မြင့်တက်ခဲ့ဖူးကြောင်း၊ ဆန်စက်၊ ဆီစက်များ ဖွံ့ဖြိုးမှသာ အစာကုန်ကြမ်းဈေးနှုန်းများကို ထိန်းချုပ်နိုင်မည်ဖြစ်ပြီး ပြည်တွင်းတွင်လုံလောက်စွာ မထုတ်လုပ်နိုင်သောကြောင့် မွေးမြူရေးအစာ ကုန်ကြမ်းများကို ပြည်ပနိုင်ငံများမှသာ ဈေးကြီးပေးတင်သွင်းနေရကြောင်း မွေးမြူရေးလုပ်ငန်းရှင်များထံမှ သိရသည်။ ■ **J-11**

## NEWS IN BRIEF

## Myanmar Business Model Contest ကျင်းပရေး MoU ရေးထိုး

**ရန်ကုန်၊ ဩဂုတ် ၁၇**

ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ဂျပန်နိုင်ငံမှ Cross-Border International Education Support Foundation (CIESF) အဖွဲ့အစည်းတို့ပူးပေါင်းကာ 'Myanmar Business Model Contest ၂၀၁၇' ကျင်းပရေးအတွက် ဩဂုတ်လ ၁၅ ရက်နေ့က ယင်းအသင်းချုပ်၌ နားလည်မှုစာချွန်လွှာ (MoU) သဘောတူလက်မှတ်ရေးထိုးခဲ့ကြောင်း ကုန်သည်စက်မှုအသင်းချုပ်ထံမှ သိရသည်။

ကုန်သည်စက်မှုအသင်းချုပ်နှင့် CIESF တို့ပူးပေါင်းကာ ကျောင်းသား၊ ကျောင်းသူများနှင့် စီးပွားရေးလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်နေသည့် လူငယ်များ စွမ်းရည်မြင့်မားလာစေရန်နှင့် စီးပွားရေးလုပ်ငန်းများ တည်ထောင်နိုင်ရန် ရည်ရွယ်ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲတွင်ပါဝင်လိုသူများသည် ကုန်သည်စက်မှုအသင်းချုပ်၊ သင်တန်းရေးရာဌာန ဖုန်း ၀၁-၂၃၁ ၄၃၄၄၊ ၀၁-၂၃၁၇ ၄၈၀ နှင့် အီးမေးလ်၊ hrd.umfcci@gmail.com တို့ထံ ဆက်သွယ်စုံစမ်းနိုင်ကြောင်း ယင်းအသင်းချုပ်ထံမှ သိရသည်။ ■ **J-11**

### ဩဂုတ်လ ၁၇ ရက်နေ့ စတော့အိတ်ချိန်း ဈေးကွက်အခြေအနေ

| Name | Opening Price | 11(AM) Price | 1(PM) Price | Change | Trading Shares | Trading Value (MMK) |
|---|---|---|---|---|---|---|
| FMI | 13500 | 13500 | 13000 | -500 | 3234 | 42,568,500 |
| MTSH | 3300 | 3300 | 3300 | - | 19495 | 64,333,500 |
| MCB | 8800 | 8600 | 8600 | -200 | 20 | 172,000 |
| FPB | 22500 | 22500 | 22500 | - | 2273 | 51,142,500 |



UMFCCI အသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းနှင့် ပါကစ္စတန် သံအမတ်ကြီး H.E Dr Khalid Hussain Memo တို့ကို ဩဂုတ်လ ၁၆ ရက်နေ့က တွေ့ဆုံဆွေးနွေးနေသည်ကို တွေ့ရစဉ် (Photo by UMFCCI Page)

# ရေထွက်ကုန်နှင့် သစ်တောထွက်ပစ္စည်း တင်ပို့ရေး ပါကစ္စတန်သံအမတ်နှင့်ဆွေးနွေး

**ရန်ကုန်၊ ဩဂုတ် ၁၇**

မြန်မာနိုင်ငံမှ ရေထွက်ကုန်နှင့် သစ်တောထွက်ပစ္စည်းများကို ပါကစ္စတန်နိုင်ငံသို့ တင်ပို့ရန်နှင့် နှစ်နိုင်ငံ ကုန်သွယ်မှုလုပ်ငန်းများ တိုးမြှင့်ရန်အတွက် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်သံအမတ်ကြီးနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ထံမှ သိရသည်။

ဩဂုတ်လ ၁၆ ရက်နေ့က ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းနှင့် ပါကစ္စတန် သံအမတ်ကြီး H.E Dr Khalid Hussain Memo တို့သည် သစ်တောထွက်ပစ္စည်းများ၊ စိုက်ပျိုးရေးထုတ်ကုန်များနှင့် ငါးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ရေထွက်ကုန်များ စသည်တို့ကို နှစ်နိုင်ငံအပြန် အလှန်တင်ပို့ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ရေးတို့ ဆွေးနွေးခဲ့ကြကြောင်း ယင်းအသင်းချုပ်ထံမှ သိရသည်။

"သစ်တောထွက်ပစ္စည်းဆိုလည်း ကျွန်းပေါ့။ နောက်ပြီး မန်ကျည်းသီးတို့၊ ရေထွက်ကုန်တို့ကို နှစ်နိုင်ငံအပြန်အလှန် တင်ပို့ကြမယ်။ ပြီးရင် စီးပွားရေးအဖွဲ့တွေကို အပြန်အလှန်စေလွှတ်ဖို့ရှိတယ်" ဟု ယင်းအသင်းချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ရန်အတွက် ယခုဩဂုတ်လအတွင်း ပါကစ္စတန်နိုင်ငံဘက်မှ စီးပွားရေးအဖွဲ့အစည်းများ လာရောက်လေ့လာမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များကလည်း ပါကစ္စတန်နိုင်ငံသို့ သွားရောက်လေ့လာရန်ရှိကြောင်း ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ထံမှ သိရသည်။ ■ **J-11**

# နိုင်ငံခြားအာမခံကုမ္ပဏီများနှင့် ဖက်စပ်လုပ်ကိုင်ခွင့်ပေးရန် တင်ပြ

**ရန်ကုန်၊ ဩဂုတ် ၁၇**

နိုင်ငံခြားအာမခံကုမ္ပဏီများကို ပြည်တွင်းအာမခံကုမ္ပဏီများနှင့် အကျိုးတူဖက်စပ်လုပ်ကိုင်ခွင့်ပေးရန် ပုဂ္ဂလိကအာမခံလုပ်ငန်းရှင်များက တင်ပြထားကြောင်း ယင်းလုပ်ငန်းရှင်များထံမှ သိရသည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက နိုင်ငံခြားအာမခံကုမ္ပဏီများကို ပြည်တွင်း၌ လုပ်ကိုင်ခွင့်ပေးရန် ဆောင်ရွက်နေပြီး ယင်းကဲ့သို့ လုပ်ကိုင်ခွင့်ချပေးရာတွင် ပြည်တွင်းလုပ်ငန်းများ မပြိုလဲစေရန် ဖက်စပ်လုပ်ကိုင်ခွင့်ပေးသင့်ကြောင်း ဂရင်းဂါးဒီးယန်းအာမခံကုမ္ပဏီမှ အုပ်ချုပ်မှုဒါရိုက်တာ ဦးမျိုးနောင်က ပြောကြားသည်။

"အစိုးရက ဖက်စပ်လုပ်ကိုင်ခွင့်ပေးရင် နည်းပညာကောင်းတွေရမယ်။ ပြည်တွင်းလုပ်ငန်းတွေလည်း ဖွံ့ဖြိုးလာနိုင်တဲ့အတွက် လုပ်ငန်းရှင်တွေက အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ကို တင်ပြထားတယ်" ဟု ၎င်းကရှင်းပြသည်။

ပြည်တွင်းသို့ဝင်ရောက်ရန် လျှောက်ထားသည့် ကုမ္ပဏီများထဲတွင် သက်တမ်း ၁၀ နှစ်အထက်ရှိသည့် ကုမ္ပဏီများပါဝင်ကြောင်း၊ လက်ရှိလုပ်ကိုင်နေသည့် ပုဂ္ဂလိကအာမခံကုမ္ပဏီများမှာ သက်တမ်း ၄ နှစ်သာ ရှိသောကြောင့် နိုင်ငံခြားကုမ္ပဏီများနှင့် ဈေးကွက်အတွင်းယှဉ်ပြိုင်ပါက နောက်ကျကျန်ခဲ့နိုင်ကြောင်း ၎င်းကပြောဆိုသည်။

လက်ရှိတွင် နိုင်ငံခြားအာမခံကုမ္ပဏီရုံးခွဲ ၂၄ ခုကို ဖွင့်ခွင့်ပေးထားပြီး သီလဝါအထူးစီးပွားရေးဇုန်ထဲတွင်သာ ဂျပန်အာမခံကုမ္ပဏီများကို လုပ်ကိုင်ခွင့်ပေးထားကြောင်း၊ အာမခံကုမ္ပဏီများဖွင့်ရန် စိတ်ဝင်စားသည့်နိုင်ငံများမှာ အမေရိက၊ ဂျပန်၊ တရုတ်နှင့် စင်ကာပူနိုင်ငံတို့ဖြစ်ကြောင်း မြန်မာ့အာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့ထံမှ သိရသည်။

"လုပ်ငန်းရှင်တွေ တင်ပြထားတာနဲ့ပတ်သက်ပြီး အသေးစိတ်ကို ဌာနထဲမှာ ဆွေးနွေးနေပါတယ်။ ဒီနှစ်အတွင်းထဲမှာပဲ နိုင်ငံခြားအာမခံကုမ္ပဏီတွေနဲ့ပတ်သက်တဲ့ မူဝါဒတွေ ထုတ်သွားဖို့ရှိပါတယ်" ဟု မြန်မာ့အာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ■ **J-13**

**နိုင်ငံခြားငွေလဲလှယ်နှုန်း** — Source: KBZ Bank

| 17.8.2017 | USD | EURO | SGD |
|---|---|---|---|
| ဝယ်ဈေး (ကျပ်) | ၁၃၅၁ | ၁၅၉၀ | ၉၉၁ |
| ရောင်းဈေး (ကျပ်) | ၁၃၅၄ | ၁၅၉၄ | ၉၉၅ |

Source: ရန်ကုန်တိုင်း ရွှေလုပ်ငန်းရှင်များအသင်း

| 17.8.2017 | ရွှေဈေး | |
|---|---|---|
| ပြည်တွင်းရွှေ (ကျပ်) | ၉၁၃,၀၀၀ (ဖွင့်) | ၉၁၄,၀၀၀ (ပိတ်) |
| ကမ္ဘာ့ရွှေ (ဒေါ်လာ) | ၁၂၈၉ (ဖွင့်) | ၁၂၉၀ (ပိတ်) |

# ရောဝတီတိုင်းတွင် တရားမဝင်စက်သုံးဆီသိုလှောင် ရောင်းချနေခြင်းကို စိစစ်ကြပ်မတ်ပေးရေးအဆို အတည်ပြု

**ပုသိမ်၊ ဩဂုတ် ၁၇**

ရောဝတီတိုင်းဒေသကြီးရှိ အချို့သော မြို့နယ်များ၊ မြို့များ၊ ကျေးရွာကြီးများတွင် ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ ရေနံဆီများအား မြို့လယ်ကောင်၊ ရပ်ကွက်၊ ဈေးဆိုင်ခန်းများတွင် ရောင်းချ သိုလှောင်ထားမှုများကို တိုင်းဒေသကြီး အစိုးရအဖွဲ့မှ စိစစ်ကြပ်မတ်ပေးပါရန် တိုက်တွန်းကြောင်း အဆိုကို ဩဂုတ်လ ၁၆ရက်က တိုင်းဒေသကြီးလွှတ်တော်တွင် အတည်ပြုသည်။

"ဒေသခံပြည်သူတွေက ဘယ်တော့ မီးလောင်မလဲဆိုပြီး ထိတ်လန့်နေကြရတယ်၊ သူခိုး ခိုးရင်ကျန်ပါတယ်၊ မီးလောင်ရင် ကြမ်းကြားထဲက ကြမ်းပိုးတောင်မကျန်ပါဘူး၊ ပြည်သူတွေက စိုးရိမ်ကြောင့်ကြမှုတွေ ဖြစ်နေတဲ့အတွက်ကြောင့် ဒီအဆိုကို တတိယနေ့အစည်းအဝေးမှာ ကျွန်တော်တင်ခဲ့ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်ဧည်းက ဆွေးနွေးတယ်၊ အခုလွှတ်တော်က အတည်ပြုလိုက်တာ ဖြစ်ပါတယ်" ဟု အဆိုရှင် ဝါးခယ်မမြို့နယ်(၁) လွှတ်တော်ကိုယ်စားလှယ်ဦးဌေးအောင် က ပြောကြားသည်။

တိုင်းဒေသကြီးတွင် စက်သုံးဆီရောင်းချသည့် ဆိုင် ၂၆၁ ဆိုင်ကို ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ လိုင်စင်ထုတ်ပေးထားသော်လည်း ပုံစံအမျိုးမျိုးနှင့် နေရာဒေသ အသီးသီးတွင် တရားမဝင်ရောင်းချမှုများရှိနေသည်ကို သိရကြောင်း၊ တရားမဝင် ရောင်းချနေမှုများကို အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှု ဥပဒေနှင့်အညီ စိစစ်ကြပ်မတ် ဆောင်ရွက်မည်ဖြစ်ကြောင်း တိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်၊ စက်မှုလက်မှုနှင့် လမ်းပန်း ဆက်သွယ်ရေးဝန်ကြီး ဦးဝင်းဌေး က ပြောကြားသည်။

■ R-11

# ကန်ကြီးထောင့်တွင် ကျောင်းကြိုပို့ စက်လှေနစ် ကျောင်းသား၊ ကျောင်းသူနှစ်ဦးနှင့် ရေယာဉ်မောင်းပျောက်

**ပုသိမ်၊ ဩဂုတ် ၁၇**

ရောဝတီတိုင်း ဒေသကြီး၊ ကန်ကြီးထောင့်မြို့နယ် လက်ဆောက်ကွင်း ကျေးရွာအနီး လက်ဆောက်ကွင်းမြစ်အတွင်း ဩဂုတ်လ ၁၆ရက် ညနေ ပိုင်းက ကျောင်းကြိုပို့ ပဲ့ထောင် စက်လှေတစ်စီးနစ်မြုပ်ခဲ့ရာ စက်လှေပေါ် လိုက်ပါလာသူ ၃ ဦး ပျောက်ဆုံးနေကြောင်း ကံရွာနယ်မြေ ရဲစခန်းထံမှ သိရှိရသည်။

စက်လှေမောင်းသူနှင့်အတူ ထုံးဘိုကျေးရွာအလယ်တန်း ကျောင်းခွဲမှ ပဥ္စမတန်း ကျောင်းသူ မအေးငြိမ်းသူ (၁၀နှစ်) နှင့် သတ္တမတန်း ကျောင်းသား အသက် ၁၂ နှစ်ရှိ မောင်ဟိန်းထက်ဇော် (၁၂နှစ်) တို့ ပျောက်ဆုံးနေသဖြင့် တာဝန်ရှိသူများက ရှာဖွေနေကြောင်း အဆိုပါနယ်မြေ ရဲစခန်းမှ ရဲအရာရှိ တစ်ဦးက ပြောသည်။

ပဲ့ထောင် စက်လှေပေါ်တွင် လက်ဆောက်ကွင်းကျေးရွာ အုပ်စုအနီးရွာများဖြစ်သည့် အရှေ့စု၊ အလယ်စု၊ သိုင်းချောင်းကျေးရွာတို့မှ မြစ်တစ်ဖက်ကမ်းရှိ ထုံးဘိုအလယ်တန်း ကျောင်းခွဲတွင် တက်ရောက်ပညာသင်နေသော ကျောင်းသား ၁၁ ဦး၊ ကျောင်းသူ ၆ ဦးလိုက်ပါလာသည့်စက်လှေမှာ ကျောင်းမှအပြန်တွင် တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။

ထုံးဘိုရွာဘက်ကမ်းမှ လက်ဆောက်ကွင်းရွာဘက်ကမ်းသို့မြစ်ကိုဖြတ်၍ မောင်းလာစဉ် မိုးအသင့်အတင့် ရွာနေပြီး လက်ဆောက်ကွင်းရွာဘက်ကမ်း အနီးတွင် တိမ်းမှောက်ခဲ့ကြောင်း၊ ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ ကံရွာနယ်မြေ ရဲစခန်းမှ ရာဇသတ်ကြီးပုဒ်မ ၂၈၀ ဖြင့် အမှုဖွင့်ကာ အရေးယူထားကြောင်း ကံရွာနယ်မြေ ရဲစခန်းမှူး ရဲအုပ်ကျော်မင်းနောင် က The Voice သို့ ပြောသည်။

■ R-12

# ရန်ကုန်-ပြည် ကားလမ်းဘေး တံတားပေါ်မှ လူငယ်တစ်ဦး ပြုတ်ကျသေဆုံး

**ပြည်၊ ဩဂုတ် ၁၇**

ပဲခူးတိုင်းအနောက်ပိုင်း၊ ရွှေတောင်မြို့နယ် ဆင်မကြပ်လမ်းဆုံအနီး ပြည်-ရန်ကုန်ကားလမ်းဘေး အုတ်တံတားအောက်တွင် ၂၄ နှစ်အရွယ် လူငယ်တစ်ဦး အရက်မူးပြီး ပြုတ်ကျသေဆုံးခဲ့ကြောင်း ပြည်ခရိုင်ရဲတပ်ဖွဲ့မှူးရုံး မှုခင်းဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အုတ်ရိုးတံတားရေအောက်မြွှန်မြောင်းထဲတွင်အဆိုပါလူငယ်၏ရုပ်အလောင်းကို ဒေသခံတစ်ဦးက ဩဂုတ်လ ၁၆ ရက်နေ့ ညနေပိုင်းက တွေ့ရှိခဲ့ပြီး သက်ဆိုင်ရာသို့ အကြောင်းကြားခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့ထံမှ စုံစမ်းသိရှိရသည်။

"နေ့စဉ်အရက်အလွန်အကျွံသောက်လေ့ရှိတယ်လို့သိရတယ်။ သေဆုံးနေစဉ်လည်း အရက်စော်နံနေတယ်။ ဓမ္မတာအတိုင်းသေဆုံးမှုဟုတ် မဟုတ် စုံစမ်းစစ်ဆေးနေပါတယ်"ဟု ပြည်ခရိုင်ရဲတပ်ဖွဲ့မှုခင်းဌာနမှ တာဝန်ကျရဲအရာရှိတစ်ဦးက ဆိုသည်။

အဆိုပါသေဆုံးမှုကို သေမှုသေခင်းအမှတ်စဉ် ၉/၂၀၁၇ကဖြင့် ရွှေတောင်မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိသည်။

M-06



# အမြန်လမ်း မိုင်တိုင် ၁၂၆ အနီး ကုန်တင်ယာဉ် နှစ်စီးတိုက်၊ နှစ်ဦးသေဆုံး

Photo Ko Zaw Hla Myint

**တောင်ငူ၊ ဩဂုတ် ၁၇**

ရန်ကုန် - မန္တလေးအမြန်လမ်း မိုင်တိုင် ၁၂၆ နှင့် ၆ ဖာလုံအနီး ဩဂုတ်လ ၁၇ရက် နံနက် ၁ နာရီ ၄၅ မိနစ်ခန့်က ရပ်ထားသော ကုန်တင်ယာဉ်ကို နောက်မှလိုက်လာသော အခြားကုန်တင်ယာဉ်တစ်စီးက အရှိန်ဖြင့် တိုက်မိရာ နှစ်ဦးသေဆုံးခဲ့ကြောင်း ဇောဓိကုန်းအမြန်လမ်း ရဲစခန်းထံမှ စုံစမ်းသိရှိရသည်။

ကိုအာစန်း(၂၄နှစ်) မောင်းနှင်ကာ ကြက်များ တင်ဆောင်လာသော ကုန်တင်ယာဉ်မှာ ရှေ့ဘီးပေါက်သဖြင့် ရပ်တန့်ပြင်ဆင်ပေးရန် လုပ်ဆောင်နေချိန် နောက်တွင်ပါလာသော နေပြည်တော်ဘက်မှ ရန်ကုန်ဘက်သို့ ဦးသက်ဦး(၃၉နှစ်) မောင်းလာသည့် ပန်းများတင်ဆောင်လာသည့် ကုန်တင်ယာဉ်က ဝင်တိုက်ခဲ့ကြောင်း ယင်းရဲတပ်ဖွဲ့ထံမှ သိရသည်။

ယာဉ်တိုက်မှုကြောင့် ဦးသက်ဦး(၃၉နှစ်)၊ ဦးအာနိုး( ၃၅နှစ်) တို့ သေဆုံးခဲ့ပြီး အသက် ၂၀ မှ ၂၈ အကြားရှိ အမျိုးသားသုံးဦးနှင့် အမျိုးသမီးတစ်ဦး စုစုပေါင်းလေးဦး ဒဏ်ရာရရှိခဲ့သဖြင့် ဖြူးမြို့ ပြည်သူ့ဆေးရုံတွင် ဆေးကုသနေကြောင်း၊ ယာဉ်မတော်တဆမှုကြောင့် ယာဉ်မောင်း ဦးသက်ဦးနှင့် ကိုအာစန်းတို့ကို ရာဇသတ်ကြီးပုဒ်မ ၃၀၄-က/၃၃၈/၃၃၇ ဖြင့်အမှုဖွင့်ကာ စစ်ဆေးနေကြောင်း အမြန်လမ်းရဲတပ်ဖွဲ့မှ ရဲအရာရှိတစ်ဦးက ပြောကြားသည်။

■ R-15

# ကရင်ပြည်နယ်တွင် H1N1 ၆ဦး ဖြစ်ပွား

**ဘားအံ၊ ဩဂုတ် ၁၇**

ကရင်ပြည်နယ်တွင် ဇူလိုင်လမှဩဂုတ်လအထိ ပြည်သူ့ဆေးရုံသို့ ရောက်ရှိလာသော လူနာများကို စစ်ဆေးရာ သံသယရှိသူ ၁၁ဦးအနက် ၆ဦးမှာ ရာသီတုပ်ကွေး (H1N1)ဖြစ်ပွားနေကြောင်း ကရင်ပြည်နယ် ကျန်းမာရေး ဦးစီးဌာနထံမှ သိရသည်။

"ကျွန်တော်တို့ဆီမှာ အခုမှတွေ့တာ၊ ဒီရောဂါ အဓိကဖြစ်တာ ရန်ကုန်တို့ မန္တလေးတို့၊ ပဲခူးတို့၊ ရောဝတီတို့က တအားဖြစ်နေပြီး ကျွန်တော်တို့ဘက်လည်း ရောက်လာနိုင်တယ်ဆိုပြီး ကြိုတင်ပြင်ဆင်ထားပါတယ်၊ တုပ်ကွေးရာသီဆိုတော့ လာပြတာ အများကြီးရှိတယ်၊ ဒီထဲက ၁၁ယောက်က သံသယရှိတာ"ဟုပြည်နယ်ဆေးရုံအုပ်ကြီး ဒေါက်တာ ကျော်မြင့်က ပြောကြားသည်။

ရာသီတုပ်ကွေး (H1N1) သံသယရှိသူ ၁၁ဦးအနက် အမှတ် ၁ ရပ်ကွက် အုတ်ဖိုရပ်တွင်နေသူ လေးနှစ်သမီး မယွန်းပပလှိုင်မှာ သေဆုံးခဲ့ကြောင်း၊ ယင်းကလေးမှာ ကိုယ်ခံအားနည်းသည့်အတွက် နောက်ဆက်တွဲရောဂါဖြစ်သော ပြင်းထန်အဆုတ်ရောင်ရောဂါဖြစ်ပွားကာ သေဆုံးခဲ့ကြောင်း၊ ၎င်း၏ မိသားစုကိုဆေးရုံသို့ ခေါ်ယူစစ်ဆေးခြင်း၊ ဆေးကုသခြင်းများကို ဆောင်ရွက်ပေးနေပြီး စိတ်ချရသော အခြေအနေသို့ ရောက်မှသာ ဆေးရုံဆင်းခွင့်ပေးမည်ဖြစ်ကြောင်း ၎င်းကရှင်းပြသည်။

ဘားအံဆေးရုံကြီး၏ပြင်ပလူနာဌာန အနေနှင့် ရာသီတုပ်ကွေး H1N1 သံသယလူနာနှင့် အဆုတ်အအေးမိသော သံသယရှိတဲ့လူနာများတွေ့လျှင် ကလေးအထူးကုဆရာဝန်ကြီးနှင့် အထွေထွေရောဂါကုဆရာဝန်ကြီးထံ ချက်ချင်းအကြောင်းကြားစေကြောင်း၊ H1N1 သံသယလူနာအဖြစ် သတ်မှတ်ပါက သီးသန့်အဆောင်သို့ ပို့ဆောင်ကာ ကုသနေပြီး ရန်ကုန်ရှိ အမျိုးသားဓာတ်ခွဲဌာနထံ ပေးပို့စစ်ဆေးကြောင်း ၎င်းထံမှ သိရသည်။

"သတင်းထုတ်ပြန်တာ နောက်ကျတယ်၊ ကျွန်တော်တို့ဆို လူနာဆုံးလို့သင်္ဂြိုဟ်ဖို့သွားသယ်တာ၊ H1N1 လူနာဆိုတာမပြောပြဘူး၊ အဲ့ဒီတော့ တစ်ကိုယ်ရေ ကာကွယ်ရေးဝတ်စုံတောင် မပါဘဲ သွားသယ်ခဲ့ရတယ်၊ ခုလောလောဆယ် ဆေးရုံကထွက်တဲ့ Death Body တွေကို မသယ်ဖို့ ကျွန်တော်တို့တွေ တိုင်ပင်ထားတယ်" ဟု မာဃ လူမှုကူညီရေးအသင်းမှ အသင်းသားတစ်ဦးက ပြောဆိုသည်။

(H1N1) ရောဂါနှင့် ပြင်းထန်အဆုတ်ရောင် ရောဂါသံသယရှိသူ ဘားအံပြည်သူ့ဆေးရုံကြီးမှ လူနာ ၁၁ ဦးနှင့် မြဝတီခရိုင် ပြည်သူ့ဆေးရုံကြီးမှ သံသယရှိလူနာ ၁ ဦး၊ စုစုပေါင်း ၁၂ ဦးတို့၏ နမူနာပစ္စည်းများကို အမျိုးသားကျန်းမာရေးဌာန ဓာတ်ခွဲခန်းသို့ ပို့စစ်ဆေးကြောင်း၊ စစ်ဆေးချက်အရ ရာသီတုပ်ကွေး( H1N1) ရောဂါဖြင့် ၆ဦးကို အတည်ပြုနိုင်ခဲ့ပြီး တစ်ဦးမှာ သေဆုံးခဲ့ကြောင်း၊ ကျန်လူနာများကို ဆေးကုသပေးလျက်ရှိရာ အချို့လူနာများမှာ ကျန်းမာရေး ကောင်းမွန်လာကြောင်း ကရင်ပြည်နယ် ကျန်းမာရေးဦးစီးဌာနထံမှ သိရသည်။

■R-17

# သက်တမ်းနှစ် ၂၀ ကျော်ရှိ သီရိမင်္ဂလာဈေးဟောင်းကို အန္တရာယ်ရှိအဆောက်အအုံသတ်မှတ်

**ရန်ကုန်၊ ဩဂုတ် ၁၇**

ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်တွင်ရှိသော သက်တမ်းနှစ် ၂၀ ကျော်ရှိ သီရိမင်္ဂလာဈေးဟောင်းကို အန္တရာယ်ရှိ အဆောက်အအုံအဖြစ်သတ်မှတ်ကာ ယင်းနေရာတွင် ဖွင့်လှစ်ထားသည့် သီရိမင်္ဂလာယာဉ်ရောင်းဝယ်ရေးစခန်းကို ဩဂုတ်လ ၁၇ ရက်က စတင်ပိတ်သိမ်းလိုက်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီထံမှ သိရသည်။

"သီရိမင်္ဂလာယာဉ် ရောင်းဝယ်ရေးစခန်းက ယာ/အုံပိုင်အဆောက်အအုံဖြစ်တဲ့အတွက် ဒီအဆောက်အအုံကို အန္တရာယ်ရှိတယ်လို့ ကြေညာတဲ့အတွက် ဩဂုတ်လ ၁၇ ရက်မှာ ဌာနအနေနဲ့ ပိတ်သိမ်းတယ်။ ယာဉ်တွေ ဘယ်နေ့ နောက်ဆုံးရွှေ့ပြောင်းရမလဲဆိုတာတော့ အထက်ကတာဝန်ရှိသူတွေ ညွှန်ကြားချက်ကို စောင့်ရပါမယ်။ အန္တရာယ်ရှိတဲ့အတွက် မြန်မြန်ဖယ်ရင်တော့ ပိုကောင်းပါတယ်" ဟု ၎င်းကဆိုသည်။

လက်ရှိတွင် ပြောင်းရွှေ့ရသည့် လုပ်ငန်းရှင်များအနေနှင့် ယာဉ်ရပ်နားရန် အခက်အခဲရှိပါက လှိုင်ယာဉ်ရောင်းဝယ်ရေးစခန်းတွင် လည်းကောင်း၊ သံသုမာယာဉ်ရောင်းဝယ်ရေးစခန်းတွင်လည်းကောင်း၊ အောင်မင်္ဂလာအဝေးပြေး ယာဉ်ရပ်နားစခန်း၊ အမှတ် ၃ လမ်းကြားရှိယာဉ်ရပ်နားကွင်း ၃ တွင်လည်းကောင်း နေရာလစ်လပ်မှုပေါ်မူတည်ပြီး ရပ်နားနိုင်ကြောင်း အခွန်ဌာနကထုတ်ပြန်ကြေညာထားသည်။

ရန်ကုန်တိုင်းတွင် သီရိမင်္ဂလာယာဉ်ရောင်းဝယ်ရေးစခန်း၊ လှိုင်ယာဉ်ရောင်းဝယ်ရေးစခန်းနှင့် သံသုမာ ယာဉ်ရောင်းဝယ်ရေး စခန်းသုံးခုသာရှိပြီး လက်ရှိ သီရိမင်္ဂလာယာဉ်ရောင်းဝယ်ရေးစခန်း၌ ယာဉ်စီးရေ ၇၀၀ ကျော်ရပ်နားလျက်ရှိသည်။

ယခင်က မော်တင်ကလီ ဈေးဟောင်းကို ပြောင်းရွှေ့၍ သီရိမင်္ဂလာဈေးကို ၁၉၉၇ခုနှစ်က ငါးထပ်အဆောက်အအုံဈေးအဖြစ် စတင်တည်ဆောက်ခဲ့ပြီး ၁၉၉၈ ခုနှစ် နှစ်လယ်ပိုင်းတွင် ဖွင့်လှစ်ခဲ့ပြီး ယင်းဈေးသည် မြန်မာတစ်နိုင်ငံလုံးကို လက်ကားဖြန့်ရောင်းချနေသော ကုန်စိမ်းဈေးကြီးဖြစ်ခဲ့ကာ ရန်ကုန်စည်ပင်က (က) အဆင့် သတ်မှတ်ထားသည့်ဈေးဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီစာရင်းများအရ သိရသည်။

၂၀၁၀ ခုနှစ်မှစတင်ကာ သီရိမင်္ဂလာဈေးတစ်ခုလုံးကို လှိုင်မြို့နယ် ပိတောက်ချောင်းအနီး ဘုရင့်နောင်လမ်းပေါ်ရှိ ယခင် ရတနာဖွဲ့နှဆီစက်ဝင်းအတွင်း ပြောင်းရွှေ့ခဲ့ပြီး ယင်းနှစ်တွင်ပင် သီရိမင်္ဂလာ ယာဉ်ရောင်းဝယ်ရေးစခန်းကို ဈေးဟောင်းတွင်ပင် ဖွင့်လှစ်ခဲ့သည်။ ■ J-10

# အသက် ၆၈ နှစ်အရွယ် ဆိုက်ကားသမားတစ်ဦး ဆိုက်ကားပေါ်မှ ပြုတ်ကျသေဆုံး

**ရန်ကုန်၊ ဩဂုတ် ၁၇**

တောင်ဥက္ကလာပမြို့နယ် အမှတ် (၇) ရပ်ကွက်၊ မင်းရဲကျော်စွာလမ်းထိပ်တွင် ဩဂုတ်လ ၁၆ ရက် ည ၇ နာရီခန့်က အသက် ၆၈ နှစ်အရွယ် ဆိုက်ကားသမားတစ်ဦးသည်၎င်းစီးနင်းလာသော ဆိုက်ကားပေါ်မှ ပြုတ်ကျသေဆုံးခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ထံမှ သိရသည်။

ယင်းမြို့နယ်၊ အမှတ် (၇) ရပ်ကွက်၊ ၁၃ လမ်းတွင်နေထိုင်သူ ဦးမောင်ငယ် (ခ) ဦးထွန်းလင်းသည် ယင်းနေ့က မင်းရဲကျော်စွာလမ်းအတိုင်း သံသုမာလမ်းဘက်မှ နန္ဒဝန်ဈေးဘက်သို့ ၎င်းပိုင်ဆိုက်ကားကို စီးနင်းလာစဉ် ဆိုက်ကားပေါ်မှ ရုတ်တရက်ပြုတ်ကျကာ ဦးခေါင်းချိုစောင်း ဖူးရောင်၊ ဘယ်နားထင် ပွန်းပဲ့ဒဏ်ရာများဖြင့် အခင်းဖြစ်နေရာတွင် သေဆုံးသွားကြောင်း အမှုဖွင့်တိုင်ကြားချက်အရ ယင်းရဲတပ်ဖွဲ့ထံမှ သိရသည်။

"ရဲစခန်းမှာတော့ ယာဉ်အားပေါ့ဆစွာမောင်းနှင်မှုကြောင့် လူသေဆုံးမှုပုဒ်မ ၃၀၄-က နဲ့ အမှုဖွင့်ထားပါတယ်၊ တရားလိုကတော့ ယာဉ်ထိန်းတပ်ဖွဲ့စု ၃၅ က ရဲအုပ်တစ်ဦးပါ၊ အရက်သေစာသောက်စားထားခြင်းရှိ မရှိတော့ မစစ်ဆေးရတဲ့အတွက် မသိပါဘူး၊ သေဆုံးရခြင်းအကြောင်းကတော့ ဆိုက်ကားကို ပေါ့ဆစွာစီးနင်းလို့ ရုတ်တရက် ပြုတ်ကျသေဆုံးရတာပါ" ဟု ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ ရဲအရာရှိတစ်ဦးက ရှင်းပြသည်။

အလားတူ ဩဂုတ်လ ၁၅ ရက် ည ၈ နာရီခွဲအချိန်ခန့်က ဒလမြို့နယ်၊ ဇညား ဒလရပ်ကွက်၊ ဗိုလ်ချုပ်လမ်းပေါ်တွင် အရက်သေစာ သောက်စားမူးယစ်ပြီး စက်ဘီးအားပေါ့ဆစွာစီးနင်းသူ အသက် ၂၅ နှစ်အရွယ် အမျိုးသားတစ်ဦး စက်ဘီးလဲကျရာမှ ကွန်ကရစ်လမ်းနှင့် ဦးခေါင်းဆောင့်မိပြီး သေဆုံးခဲ့သည်။ ■ J-16

The VOICE Daily CARTOON



# မီးဘေးကာကွယ်ရေးအစည်းအဝေးလာသူများ ဓာတ်လှေကားထဲပိတ်မိ

**ရန်ကုန်၊ ဩဂုတ် ၁၇**

တောင်ဥက္ကလာပမြို့နယ်၊ (၄) ရပ်ကွက်ရှိ အရှေ့ပိုင်းခရိုင် စုပေါင်းရုံးတွင် ဩဂုတ်လ ၁၆ ရက် နံနက်ပိုင်းက မီးဘေးကြိုတင်ကာကွယ်ရေး အစည်းအဝေးပွဲသို့ တက်ရောက်လာသည့် အမျိုးသား ကိုးဦးမှာ ဓာတ်လှေကားအတွင်း ပိတ်မိနေသောကြောင့် မီးသတ်တပ်ဖွဲ့က ကယ်ဆယ်ရေးလုပ်ငန်းများ အချိန်မီ ဆောင်ရွက်ခဲ့ရကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

အရှေ့ပိုင်းခရိုင် စုပေါင်းရုံး ခြောက်ထပ်အဆောက်အအုံတွင် မြေညီထပ်မှ စတုတ္ထထပ်သို့ ဓာတ်လှေကားဖြင့် တက်လာသော ဦးအောင်ကိုလတ် အပါအဝင် အမျိုးသားကိုးဦးမှာ ဓာတ်လှေကား စက်ချို့ယွင်းရာမှ မြေညီထပ်နှင့် ပထမထပ်ကြားအရောက်တွင် ပိတ်မိနေသောကြောင့် အရှေ့ပိုင်းခရိုင် မီးသတ်တပ်ဖွဲ့မှ မီးသတ်ကယ်ဆယ်ရေးယာဉ်နှစ်စီး၊ ရန်ကုန်တိုင်း လူမှုကယ်ဆယ်ရေးအဖွဲ့မှ ယာဉ်တစ်စီးတို့ဖြင့် သွားရောက်ပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

"မီးအားကျပြီး ဓာတ်လှေကားက လုံခြုံရေးခလုတ်ပြုတ်သွားတာ။ အေအာတီစနစ် အလုပ်မလုပ်တော့ဘဲ ရပ်နေလို့ အထဲပိတ်မိနေသူတွေက ဖုန်းဆက်ပြောလို့ သွားရောက်ကယ်ဆယ်ရေး ဆောင်ရွက်ခဲ့တာပါ။ လူထိခိုက် ဒဏ်ရာရမှု မရှိခဲ့ပါဘူး" ဟု မီးသတ်တပ်ဖွဲ့ဝင် တစ်ဦးကပြောကြားသည်။

ဓာတ်လှေကားထဲ ပိတ်မိနေသော အမျိုးသားကိုးဦးကိုမီးသတ်တပ်ဖွဲ့က အချိန်တစ်နာရီခွဲကြာတွင် ကယ်ဆယ်နိုင်ခဲ့ပြီး လူထိခိုက်ဒဏ်ရာရမှု တစ်စုံတစ်ရာ မရှိခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့ထံမှ စုံစမ်းသိရှိရသည်။ S-03

# ရန်ကုန်မြို့တော်တွင် မော်တော်ယာဉ်ဖြင့် မူးယစ်ဆေးဝါး လှည့်လည်ရောင်းချနေသူကို ဖမ်းမိ

**ရန်ကုန်၊ ဩဂုတ် ၁၇**

ရန်ကုန်မြို့တော်တွင် မော်တော်ယာဉ်ဖြင့် မူးယစ်ဆေးဝါးများ လှည့်လည်ရောင်းချနေသူ အမျိုးသားတစ်ဦးကို ဩဂုတ်လ ၁၆ ရက် နံနက် ၁၁ နာရီခွဲက သဃ်န်းကျွန်းမြို့နယ်၊ စံပြဆေးရုံဘေးရှိ ဦးညိုလမ်းတွင် ရန်ကုန်မြို့အတွင်း မူးယစ်ဆေးဝါးများ လှည့်လည်ရောင်းချနေသော အမျိုးသားတစ်ဦးကို ဖမ်းမိခဲ့ကြောင်း ရဲတပ်ဖွဲ့ထံမှသိရသည်။

ဒလမြို့နယ်၊ ကျန်စစ်သားရပ်ကွက်ရှိ ပန်းဝါလမ်းတွင် နေထိုင်သူ အသက် ၄၂ နှစ် ဇော်ဇော် (ခ) ဇေယျာကျော်ညွှန့်ဆိုသူ မောင်းနှင်လာသော Toyota Corolla အမျိုးအစားမော်တော်ယာဉ်ကို ရဲတပ်ဖွဲ့နှင့် ရပ်ကွက်တာဝန်ရှိသူများက ဝိုင်းဝန်းစစ်ဆေးခဲ့ရာ ဘိန်းဖြူဟု ယူဆရသည့်အမှုန့်များထည့်ထားသော ကော်ဘူး သုံးဘူးကို သိမ်းဆည်းရမိခဲ့သည်။

"ရန်ကုန်ထဲမှာ မူးယစ်ဆေးဝါးတွေ ဖြန့်ဖြူးရောင်းချနေတဲ့ ဂိုဏ်းအဖွဲ့ထဲက တစ်ယောက်ကို ဖမ်းမိခဲ့တာပါ။ သိမ်းဆည်းရမိတဲ့ ဘိန်းဖြူတန်ဖိုးက ကျပ်နှစ်သိန်းကျော်လောက်ပဲ ရှိပါတယ်။ နောက်ကွယ်က ကျန်ကွင်းဆက်တွေ ဖမ်းမိနိုင်ဖို့ ဆက်လက်စုံစမ်းစစ်ဆေးနေဆဲပါ" ဟု ရဲအရာရှိတစ်ဦးက ပြောကြားသည်။

မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းမိခဲ့သည့် အမျိုးသားကို သဃ်န်းကျွန်းမြို့မရဲစခန်းက မူးယစ်(ပ) ၃၀/၁၇၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅ / ၁၆(ဂ) ဖြင့် အမှုဖွင့် အရေးယူထားကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။ ■ S-03

# ဗားကရာမီးပွိုင့်ရှိ ယာဉ်ထိန်းရဲရုံးကို လက်သီးနဲ့ထိုး၊ ပုလင်းနဲ့ပစ်ပေါက်သူကို အမှုဖွင့်ဖမ်းဆီး

**ရန်ကုန်၊ ဩဂုတ် ၁၇**

ကြည့်မြင်တိုင်မြို့နယ်၊ ကမ်းနားလမ်းနှင့် ဗားကရာလမ်းမီးပွိုင့်ရှိ ယာဉ်ထိန်းရဲရုံးအား လက်သီးနဲ့ထိုး၊ M 150 အချိုရည်ပုလင်းဖြင့် ပစ်ခဲ့သူကို ဖမ်းဆီးအရေးယူထားကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ထံမှ သိရသည်။

ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကလေးရပ်ကွက်၊ ရိပ်သာ(၉)လမ်းတွင်နေထိုင်သူ အသက် ၃၁ နှစ်အရွယ် ဝင်းထိုက်ဟိန်း(ခ) ကတုံးသည် ဩဂုတ်လ ၁၇ ရက် နံနက် ၃ နာရီခန့်က အထက်ပါ ယာဉ်ထိန်းရဲရုံးကို လက်သီးနဲ့ထိုး၊ M 150 အချိုရည်ပုလင်းဖြင့် ပစ်ပေါက်ခဲ့သဖြင့် ယာဉ်ထိန်းရဲရုံး ရှေ့လေကာမှန် နှစ်ချပ်၊ ဘယ်ဘက်ခြမ်းရှိ လေကာမှန်တစ်ချပ်တို့ ကွဲကြေပျက်စီးခဲ့ကြောင်း အမှုဖွင့်တိုင်ကြားချက်အရ ယင်းရဲတပ်ဖွဲ့ထံမှ သိရသည်။

"ယာဉ်ထိန်းရဲရုံး လေကာမှန်တွေ ကွဲနေတယ်ကြားလို့ စစ်ဆေးပြီး အမှုဖွင့်ခဲ့တာ၊ အဲဒါကြောင့် ရဲစခန်းက တပ်ဖွဲ့ဝင်တွေက လှည့်ကင်းမီးတန်းယာဉ်နဲ့လိုက်ဖမ်းတာ၊ နာရီပိုင်းအတွင်းမှာပဲ ဖမ်းမိခဲ့တယ်၊ သူက အရက်မူးပြီး လက်သီးနဲ့ထိုး၊ အချိုရည်ပုလင်းနဲ့ပစ်ပေါက်ခဲ့တာလို့ သိရတယ်၊ အဲဒါကြောင့်သူ့လက်ဘယ်ညာလက်ချောင်း ပွန်းပဲ့ဒဏ်ရာနဲ့ ဘယ်မျက်ခုံးပေါ်မှာ ပွန်းပဲ့ဒဏ်ရထားလို့ အနောက်ပိုင်းဆေးရုံကြီးမှာ တင်ပို့ကုသထားပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ ရဲအရာရှိတစ်ဦးက ရှင်းပြသည်။

ယာဉ်ထိန်းရဲရုံး လေကာမှန်များ ပျက်စီးမှုကြောင့် အမှုဖွင့်အရေးယူပေးရန် ယာဉ်ထိန်းရဲတပ်ဖွဲ့စု(၄၀) မှ ဒုရဲမှူး အောင်နိုင်ဦးက တရားလိုပြုလုပ်တိုင်ကြားသဖြင့် ကြည့်မြင်တိုင်မြို့မရဲစခန်းက (ပ) ၂၉၀/၁၇၊ ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေး ဥပဒေပုဒ်မ ၆(၁)ဖြင့် အမှုဖွင့်ဆောင်ရွက်ထားသည်။ ■ J-16

MANDALAY VOICE

# ပုဂံမြို့သစ်နှင့် ညောင်ဦးစည်ပင်နယ်နိမိတ်ကို ကာကွယ်ထိန်းသိမ်းထားသောဇုန်အဖြစ် သတ်မှတ်ရန်ပြင်ဆင်

**မန္တလေး၊ ဩဂုတ် ၁၇**

ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေအတွင်းရှိ ပုဂံမြို့သစ်နှင့် ညောင်ဦးမြို့နယ်စည်ပင်သာယာနယ်နိမိတ်ကို ကာကွယ်ထိန်းသိမ်းထားသောဇုန် (PZ) အဖြစ် ပြောင်းလဲသတ်မှတ်ရန် ပြင်ဆင်ထားကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ) ထံမှ သိရသည်။

ပုဂံမြို့သစ်နှင့် ညောင်ဦးမြို့နယ်သည် ယခင်က ရှေးဟောင်းယဉ်ကျေးမှုဇုန် (MZ) အဖြစ် တည်ရှိခဲ့ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ပြင်ဆင်သတ်မှတ်ရခြင်းဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ) ညွှန်ကြားရေးမှူး ဦးအောင်အောင်ကျော်က ပြောကြားသည်။

“အရင်တုန်းက ပုဂံရော၊ ညောင်ဦးရောက ရှေးဟောင်းယဉ်ကျေးမှုဇုန်ထဲမှာ ရှိနေတဲ့အတွက် ဒေသဖွံ့ဖြိုးရေးလုပ်လို့ မရဘူး။ အခုလိုပြောင်းတာက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေ လုပ်လို့ရအောင်ပေါ့။ တိုင်းအစိုးရအဖွဲ့ကို တင်ပြနိုင်ရန်စီစဉ်နေတယ်” ဟု ၎င်းက ရှင်းပြသည်။

ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေကို ယူနက်စကိုသို့ တင်သွင်းနိုင်ရန် စီစဉ်နေခြင်းဖြစ်ရာ ယင်းသို့တင်သွင်းနိုင်ရန် ဇုန်နယ်နိမိတ် တိုင်းတာရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပြီးဖြစ်ကြောင်း၊ မန္တလေးတိုင်းအစိုးရထံတင်ပြပြီးပါက စက်တင်ဘာလဆန်းတွင် ပုဂံဒေသခံများကို ချပြမည်ဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ) ထံမှ ထပ်မံသိရသည်။

“နဂိုက တစ်မြို့လုံးက ရှေးဟောင်းဇုန်ဖြစ်နေတော့ ရှေးဟာင်းရဲ့စည်းကမ်းအရ ဒီထဲမှာအဆောက်အအုံတွေ၊ ဟိုတယ်တွေဆောက်လို့မရဘူး။ ယူနက်စကိုစည်းကမ်းအရ ဟိုတယ်လုပ်နိုင်ဖို့လည်း ဆောင်ရွက်ပေးလို့မရဘူးပေါ့။ စီးပွားရေးလုပ်တဲ့အခါမှာ ဟိုတယ်တွေ၊ စားသောက်ဆိုင်တွေလုပ်ခွင့်မရရင် ဝင်ငွေမရှိတော့ဘူး။ ဒီလိုအနေအထားမှာ တောင်းဆိုတဲ့အခါ ရှေးဟောင်းက ယဉ်ကျေးမှုကို ထိန်းသိမ်းရင်း တစ်ဖက်ကလည်း စီးပွားရေးဖွံ့ဖြိုးဖို့ အထောက်အကူဖြစ်အောင် ယဉ်ကျေးမှုဇုန်ကနေ ကာကွယ်ထိန်းသိမ်းရေးဇုန်အနေနဲ့ လုပ်လိုက်တဲ့သဘောပါ” ဟု မန္တလေးတိုင်း စည်ပင်သာယာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဦးမင်းအောင်မြင့်စိုးက ပြောကြားသည်။

ပုဂံဒေသသည် ကမ္ဘာ့အထင်ရှားဆုံးရှေးဟောင်းဒေသဖြစ်သော်လည်း ယခုအချိန်ထိ ယူနက်စကိုအသိအမှတ်ပြုကမ္ဘာ့အမွေအနှစ် နယ်မြေအဆင့်မရသေးကြောင်း၊ မရသည့်အကြောင်းများတွင် ရှေးဟောင်းတန်ဖိုးများကို နားမလည်ခဲ့ခြင်း၊ ပညာရှင်များ၏ ကောင်းမြတ်သည့် အကြံဉာဏ်များကို အပြည့်အစုံမရခဲ့ခြင်းတို့ကြောင့်ဖြစ်ကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ပြောကြားထားဖူးသည်။ ■

M05

# မန္တလေး ကုန်စည်ဈေးကွက်အတွင်း နှမ်းဈေးတက်

**မန္တလေး၊ ဩဂုတ် ၁၇**




**မန္တလေးကုန်စည်ဈေးကွက်အတွင်း အပဲ၊နှမ်း အရောင်းအဝယ်ပြုလုပ်နေသည်ကိုတွေ့ရစဉ်**

မန္တလေးကုန်စည်ဈေးကွက်အတွင်းသို့ ယခုရက်ပိုင်းတွင် နှမ်းအဖြူ (အသစ်) များ စတင်ဝင်ရောက်လျက်ရှိပြီး နှမ်းမျိုးစုံ ဈေးတက်လျက်ရှိကြောင်း မန္တလေးမြို့ ပဲ၊ နှမ်းကုန်သည်များထံမှ သိရသည်။

‘နှမ်းအဖြူက အခုမှအသစ်ဝင်တာ၊ သူက တရုတ်ဘက်က အဝယ်သွက်တယ်။ ကျန်တဲ့ နှမ်းအနက်၊ အညိုတွေလည်း အခုရက်ပိုင်း အရောင်းအဝယ်လိုက်တယ်” ဟု မန္တလေးမြို့တော်ရှိ မုံရွာပွဲရုံ လုပ်ငန်းရှင် ဦးမျိုးဆွေက ပြောကြားသည်။

အသစ်ဝင်ရောက်လာသော နှမ်းအဖြူ (၄၅ပိဿာဝင်) တစ်အိတ်လျှင် ၁၂၅,၀၀၀ ကျပ်အထိ ဈေးရနေကြောင်း၊ ဇူလိုင်လအတွင်းက ကျပ် ၁၁၃,၀၀၀ မှ ကျပ် ၁၂၀,၀၀၀ သာရှိသော စမုန်နှမ်း (နှမ်းနက်) ၄၅ ပိဿာဝင်တစ်အိတ်သည် ဩဂုတ်လ ၁၇ ရက်နေ့တွင် ကျပ် ၁၃၂,၀၀၀ အထိရှိနေကြောင်း၊ မန္တလေးမြို့နှမ်းဈေးကွက်အတွင်းမှ သိရသည်။

‘နှမ်းဈေးက အရမ်းကြီးတော့ အတက်အကျမရှိဘူး။ ဒါပေမဲ့ အခုရက်ပိုင်း အရောင်းအဝယ်ကောင်းတယ်” ဟု မန္တလေးမြို့ခံ ပဲ၊ နှမ်းကုန်သည်တစ်ဦးက ပြောဆိုသည်။

မန္တလေးသို့ ဝင်ရောက်လာသော နှမ်းအဖြူအသစ်များမှာ မကွေးမြို့နှင့် ကျောက်ပန်းတောင်းမြို့တို့မှ ဝင်လာခြင်းဖြစ်ကြောင်း၊ မန္တလေးနှမ်းဈေးကွက်သည် တရုတ်ဝယ်လက်ပေါ်မူတည်ကာ အရောင်းအဝယ်ပြုလုပ်ရကြောင်း ပဲ၊ နှမ်းဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ ■

**ဝင်းရွှေရည်ဦး**

# ဒေသခံသုံးဦးကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တစ်ခု ဖမ်းဆီး

**မန္တလေး၊ ဩဂုတ် ၁၇**

စစ်ကိုင်းတိုင်း ခန္တီးမြို့နယ် ရွှေကျားကိုက်ကျေးရွာမှ ဒေသခံသုံးဦးကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တစ်ခုက ဩဂုတ်လ ၁၆ ရက်နေ့ ည ၁၁ နာရီခန့်အချိန်က ဖမ်းဆီးခေါ်ဆောင်သွားကြောင်း ရွှေကျားကိုက်ကျောင်းတိုက်ဆရာတော်ဦးဣန္ဒပါလက မိန့်ကြားသည်။

“ရေကြီးနေတော့ ရွာကအချို့မိသားစုတွေဟာ ရွာအပြင်ရေလွတ်ရာကုန်းပေါ်မှာ တက်နေရတယ်။ အဒီညက ပြောက်ကျားဝတ်စုံ တွေဝတ်ဆင်ထားတဲ့ လက်နက်ကိုင်တစ်စုက ရွာသားသုံးဦးကို ဖမ်းဆီးခေါ်ဆောင်သွားတာ။ တစ်ယောက်ကတော့ ထွက်ပြေးလွတ်မြောက်လာတယ်။ သေနတ်သုံးချက်လည်း ပစ်ခတ်ခဲ့ပါတယ်” ဟု ၎င်းကပြောဆိုသည်။

ယင်းသို့ဖမ်းဆီးခေါ်ဆောင်သွားသည်မှာ မှန်ကြောင်း ခန္တီးမြို့နယ် လင်းဖားရဲစခန်းမှူး ရဲအုပ်အောင်လင်းဦးက အတည်ပြုပြောကြားသည်။

လတ်တလောတွင် ဖမ်းဆီးခံထားရသည့် ရွာသားများ၏အခြေအနေ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း၏ အခြေအနေတို့နှင့်ပတ်သက်၍ စုံစမ်းနေဆဲဖြစ်ကြောင်း ၎င်းကပြောဆိုသည်။

ဒေသခံများ အေးချမ်းစွာနေထိုင်နိုင်ရေးနှင့်ပတ်သက်၍ ယမန်နှစ်က တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့နှင့် တွေ့ဆုံကာ ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့ကြောင်း ဦးဣန္ဒပါလက ထပ်မံမိန့်ကြားသည်။

စစ်ကိုင်းတိုင်း ခန္တီးမြို့နယ်အတွင်း နာဂတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များရှိနေပြီး နှစ်စဉ် ဆက်ကြေးတောင်းခြင်း၊ ဒေသခံ ရွာသားအချို့ကို ဖမ်းဆီးခြင်းများရှိကြောင်း ရွှေကျားကိုက်ဒေသခံများထံမှ သိရသည်။ ■

M-01

# မန္တလေးတွင် H1N1 ပိုးကြောင့် သေဆုံးသူ ရှစ်ဦးအထိရောက်ရှိ

**မန္တလေး၊ ဩဂုတ် ၁၇**




**မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး**

မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးတွင် လတ်တလောပြင်းထန်အဆုတ်ရောင်ရောဂါဖြင့် ဆေးရုံတက်ရသူများအနက် ရာသီတုပ်ကွေး H1N1 ရောဂါပိုးကြောင့် သေဆုံးသူ ရှစ်ဦးအထိရှိပြီဖြစ်ကြောင်း မန္တလေးတိုင်း ပြည်သူ့ကျန်းမာရေးဦးစီးဌာနထံမှ သိရသည်။

မန္တလေးတိုင်းတွင် H1N1 သံသယရှိ လူနာကို ဇူလိုင်လ ၃၀ ရက်နေ့က စတင်တွေ့ရှိခဲ့ခြင်းဖြစ်ပြီး ဩဂုတ်လ ၁၆ ရက်နေ့နံနက် ၇ နာရီအချိန်အထိ စာရင်းများအရ သေဆုံးသူ ရှစ်ဦး၊ ဆေးကုသမှုခံယူနေဆဲလူနာကိုးဦး၊ ဆေးရုံမှ ဆင်းသွားသူ ၁၃ ဦးရှိကြောင်း ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းသန်းမြင့်က ပြောကြားသည်။

“လတ်တလော ပြင်းထန်အဆုတ်ရောင်နဲ့ ဆေးရုံရောက်လာတဲ့သူ သုံးဆယ်ဦးရှိတယ်။ အခုလက်ရှိ စာရင်းတွေအရ သေဆုံးသူ ရှစ်ဦးရှိတယ်” ဟု ၎င်းက ဆိုသည်။

မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးသို့ ရောက်ရှိလာသည့် အဆိုပါလူနာသုံးဆယ်ဦးအနက် မန္တလေးတိုင်းအတွင်းရှိ မြို့နယ် ၁၃ ခုမှ လူနာ ၂၃ ဦး၊ ရှမ်းပြည်နယ်မြောက်ပိုင်းမှ နှစ်ဦးနှင့် စစ်ကိုင်းတိုင်းအတွင်းမှ ငါးဦး တွေ့ရှိခဲ့ကြောင်း မန္တလေးတိုင်း ပြည်သူ့ကျန်းမာရေး ဦးစီးဌာန မှတ်တမ်းများအရ သိရသည်။

မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လတ်တလောပြင်းထန်အဆုတ်ရောင်ရောဂါဖြင့် ဆေးရုံတက်လူနာ ၆၈၇ ဦးရှိပြီး၊ ရာသီတုပ်ကွေး H1N1 ရောဂါပိုးရှိကြောင်း ဓာတ်ခွဲအတည်ပြုလူနာ ၂၆၂ ဦးရှိပြီး ယင်းရောဂါကြောင့် သေဆုံးသူ ၂၆ ဦးရှိကြောင်း ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ထုတ်ပြန်ကြေညာထားသည်။ ■

M-04

# NEWS IN BRIEF

## ပြင်ဦးလွင်မြို့တွင် ဘေးအန္တရာယ်ကင်းရှင်းသော စားသောက်ကုန်များဆိုင်ရာ ဆွေးနွေးပွဲပြုလုပ်မည်

ပြင်ဦးလွင်မြို့တော်ခန်းမ၌ ဩဂုတ်လ ၁၈ ရက် (ယနေ့) မွန်းလွဲ ၁ နာရီတွင် ဘေးအန္တရာယ်ကင်းရှင်းသော စားသောက်ကုန်များဆိုင်ရာ ဆွေးနွေးပွဲ ကျင်းပမည်ဖြစ်ကြောင်း စားသောက်ကုန်ထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း (မန္တလေး) ထံမှသိရသည်။

‘ဘေးအန္တရာယ်ကင်းရှင်းသော စားသောက်ကုန်များမှ အရည်အသွေးတန်ဖိုးမြှင့်တင်နိုင်သော လုပ်ငန်းများဖြစ်မြောက်ရေးဆီသို့’ ဟု အမည်ပေးထားသော ယင်းဆွေးနွေးပွဲကို မန္တလေးတိုင်း စားသုံးသူရေးရာဦးစီးဌာနနှင့် စားသောက်ကုန် ထုတ်လုပ် တင်ပို့ရောင်းချသူများ အသင်း (မန္တလေး) တို့ ပူးပေါင်း ကျင်းပခြင်းဖြစ်ကြောင်း၊ ဒေသခံ စားသောက်ကုန်ထုတ်လုပ်သူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ ဆွေးနွေးကြမည်ဖြစ်ကြောင်း ယင်းအသင်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယင်းအမည်ဖြင့် ဆွေးနွေးပွဲကို မန္တလေးမြို့၌ ဇူလိုင်လ ၂၃ ရက်နေ့က ကျင်းပခဲ့ရာတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ပြည်ထောင်စုဝန်ကြီး တက်ရောက်ခဲ့သည်။

**ဝင်းရွှေရည်ဦး**

# မြို့ပြနဲ့ စားသောက်မှုစတိုင်လ်

**မေလှိုင်းသူ၊ အောင်သီဟ**




'ဂျီ ဂျီ ဂျီ ဂျစ်' ငွေစာရင်းဘောက်ချာတစ်ရွက် ထွက်လာပြီးနောက် ကော်ဖီဆိုင်က ဝိတ်တာလေးကို ပိုက်ဆံနှစ်ထောင့်ငါးရာ ပေးလိုက်သူက ဒေါ်မေဖြူသွယ်ပါ။ သူမဟာ Seasons ဆိုင်ကို မကြာခဏလာထိုင်လေ့ရှိပြီး ရပ်ကွက်ထဲက လက်ဖက်ရည်ဆိုင်ထက် စာရင် ဒီဆိုင်မှာက ပိုပြီးသက်သောင့်သက်သာဖြစ်လို့ လာလေ့ရှိတာပါ။

ရိုးရိုးကော်ဖီဆိုင်တွေမှာ အသင့်ဖျော်ကော်ဖီထုပ်တွေကို ဈေးသက်သက်သာသာနဲ့ သောက်သုံးနိုင်ပေမယ့် ဒီဆိုင်ကတော့ သူမ ကြိုက်တဲ့ ကော်ဖီအရသာနဲ့ အဲကွန်းခန်းထဲမှာ အေးအေးဆေးဆေး တစ်ယောက်တည်း ထိုင်လို့ရတဲ့အတွက် အမြဲတမ်းလာဖြစ်တယ်လို့ ဆိုပါတယ်။

"ဒီလိုဆိုင်တွေပေါ်လာတာ အရမ်းကောင်းတယ်။ အရင်ကဆို လက်ဖက်ရည်ဆိုင်မှာ မိန်းကလေး တစ်ယောက်တည်းထိုင်နေရင် အကြည့်ပေါင်းမျိုးစုံနဲ့ အကြည့်ခံရတာပေါ့လေ။ ရပ်ကွက်တွေထဲက ဆိုင်တွေမှာကျတော့ ရပ်ကွက်ထဲက လူပေါင်းစုံလာတဲ့နေရာလေ။ စရိုက်ဆန်ချင်တာမျိုးတွေ ရှိတယ်။ ဒီလိုဆိုင်တွေကျတော့ သီးသီးသန့်သန့် လူတန်းစားတစ်ရပ်အတွက် ဖြစ်သွားတယ်။ သန့်ရှင်းမှုကလည်း ရပ်ကွက်ထဲကဆိုင်တွေထက် သာတယ်" လို့ အသက် ၃၁ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ကုမ္ပဏီဝန်ထမ်း ဒေါ်မေဖြူသွယ်က ပြောပါတယ်။

အလုပ်တစ်ဖက်ကြောင့် အစားအသောက်ကို ကိုယ်တိုင်မချက်ပြုတ်နိုင်ဘဲ အပြင်စာတွေပဲ စားသောက်နေကြတဲ့သူတွေဟာ အရင်လို ကြုံရာဆိုင်တွေမှာ မစားသောက်တော့ဘဲနဲ့ ကျန်းမာရေးနဲ့ညီညွတ်ပြီး သန့်ရှင်းလတ်ဆတ်တဲ့ စားသောက်ဆိုင်တွေကို ရွေးချယ်လာကြတယ်လို့ မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းမှ အတွင်းရေးမှူး ဒေါက်တာနေဇော်အောင်က ပြောပါတယ်။

"အရင်တုန်းကဆိုရင် ကော်ဖီတစ်ခွက်ကို ၂၅၀၀၊ ၃၀၀၀ ရောင်းဖို့ဆိုတာ လုံးဝမဖြစ်နိုင်တဲ့အရာပါ။ ကော်ဖီတစ်ခွက်ကို ၅၀၊ ၁၀၀ နဲ့ ပေးသောက်ကြတယ်။ အခုကျတော့ လူတွေက ကျန်းမာရေးအမြင်ရှိလာတော့ ဈေးသက်သာတာထက် သန့်ရှင်းသပ်ရပ်တဲ့ဆိုင်တွေမှာ ရွေးပြီးစားလာကြတယ်" လို့ သူကဆိုပါတယ်။

၂၀၁၃ ခုနှစ်ကစတင်ပြီး နိုင်ငံတကာမှာ နာမည်ရှိတဲ့ စားသောက်ဆိုင်တွေက ပြည်တွင်းဈေးကွက်ကို အများအပြားဝင်ရောက်လာတဲ့အပြင် အဲဒီဆိုင်တွေက ဝန်ဆောင်မှုအပိုင်းနှင့် သန့်ရှင်းလတ်ဆတ်မှုကို ဂရုတစိုက်လုပ်ဆောင်တဲ့အတွက် စားသုံးသူတွေအားပေးမှုကိုရပြီး ဈေးကွက်ထဲမှာ နေရာရလာတယ်။ ပြည်တွင်း စားသောက်ဆိုင်တွေကလည်း နိုင်ငံခြားဆိုင်တွေနီးပါး တန်းတူဖြစ်အောင် ဝန်ဆောင်မှုနဲ့ သန့်ရှင်းမှုအပိုင်းကို ပိုကောင်းအောင် ပြင်ဆင်သင့်တယ်လို့ သူက ထောက်ပြပြောဆိုပါတယ်။

စီးပွားရေးတိုးတက်လာတာနဲ့အမျှ လူတွေရဲ့ နေထိုင်စားသောက်မှုပုံစံဟာ ပြောင်းလဲလာခဲ့ပါတယ်။ အရင်က ယောကျ်ားကအလုပ်လုပ်ပြီး မိန်းမက မီးဖိုချောင်ကိုစီမံရတဲ့အတွက် စားသောက်ဆိုင်တွေမှာ အမြဲတမ်းလာစားတယ်ဆိုတာ မရှိသလောက်ပါပဲ။ အခုခေတ်မှာ ယောကျ်ားရော၊ မိန်းမပါ အလုပ်ထွက်လုပ်ရတဲ့အတွက် အစားအသောက်ဘက်ကို အချိန်မပေးနိုင်ဘဲ စားသောက်ဆိုင်တွေမှာ ဝယ်စားတဲ့နေ့တွေက ပိုများလာပါတယ်။

အခုခေတ် အခြေခံစားသောက်ကုန်အချို့မှာ ကျန်းမာရေးနဲ့မညီညွတ်တဲ့ ဓာတုပစ္စည်းတွေ ပါဝင်နေတယ်ဆိုတဲ့ သတင်းတွေကြောင့် ဆိုင်တွေကို ရွေးချယ်စားသုံးလာရကြပေမယ့်လည်း အခြေခံလူတန်းစားတွေမှာတော့ တန်ဖိုးနည်း အစားအသောက်ရောင်းတဲ့ လမ်းဘေးဆိုင်လေးတွေကို မှီခိုနေရဦးမှာပါလို့ ကုမ္ပဏီဝန်ထမ်းတစ်ဦးဖြစ်သူ ဦးရဲမင်းထွန်းက ပြောပါတယ်။

"အပြင်ဆိုင်တွေမှာဆိုရင် သူတို့သုံးတဲ့ပစ္စည်းတွေ ငါးပိတို့၊ ငရုတ်သီးတို့မှာ ဆိုးဆေးပြဿနာတွေရှိနိုင်တယ်။ အဲဒီတော့ ဝင်ငွေရှိတဲ့ လူတန်းစားက ဆိုင်တွေကိုရွေးစားတယ်။ အစာလည်းဆေး ဆေးလည်းအစာဖြစ်အောင် ဆိုင်တွေကို ရွေးပြီးစားဖြစ်တယ်" လို့ သူက ဆိုပါတယ်။

ရန်ကုန်မှာ လူငယ်ပိုင်းနဲ့ လူလတ်ပိုင်းတွေက လုပ်ငန်းခွင်အတွင်းမှာ ရောက်နေကြတဲ့အတွက် အစားအသောက်တွေ တကူးတက ချက်ပြုတ်မှုမလုပ်ဘဲ စားသောက်ဆိုင်တွေမှာ ဝယ်စားကြသလို လပေးချိုင့်ဆွဲထမင်းဆိုင်တွေမှာလည်း ဝယ်ယူစားသောက်ကြတယ်လို့ မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းထံကနေ သိရပါတယ်။

ပြည်တွင်း အစားအသောက်ဈေးကွက်ကို နိုင်ငံတကာအစားအသောက်တွေ ထိုးဖောက်ပေမယ့်လည်း မြန်မာထမင်းဟင်းကို ဝယ်ယူစားသုံးမှုက ရာခိုင်နှုန်းပိုများပြီး ထိုင်းအစားအစာနဲ့ တရုတ်အစားအစာတွေကို စားတာဟာ ဒုတိယရာခိုင်နှုန်း အများဆုံးဖြစ်တယ်လို့ အသင်းရဲ့စာရင်းတွေအရ သိရပါတယ်။

"စားသောက်မှုပုံစံ ပြောင်းလဲလာတဲ့လူတွေက အသက် ၂၀ ကနေ အသက် ၄၀ တန်းတွေဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဝင်ငွေအသင့်အတင့် ရှာနိုင်တဲ့သူတွေ ဖြစ်နေလို့ပါပဲ။ အခုဆို စားသောက်ဆိုင်တွေက ပိုများတယ်။ ရွေးချယ်စရာများလာတော့ အပြင်စာတွေ စားဖြစ်လာတယ်။ ဒါက စီးပွားရေးဖွံ့ဖြိုးတဲ့နိုင်ငံတိုင်း ကြုံရတဲ့ကိစ္စပါပဲ" လို့ ဒေါက်တာနေဇော်အောင်က ပြောပါတယ်။

အရင်ကတော့ စားသောက်ဆိုင်တွေမှာ အပြင်အဆင်ကောင်းပြီး ဧည့်ကြိုတွေထားတဲ့ဆိုင်တွေဆိုရင် ဈေးကြီးမယ်ဆိုတဲ့အထင်နဲ့ လူငယ်တွေက ဆိုင်ထဲ

**စာမျက်နှာ 13 သို့**




ရွှေပန်ဆိုင်း
京都麻辣烤城
အသားကင်
SHWE PAN SAI BARBEQUE
ရွှေပန်ဆိုင်းအသားကင်ဆိုင်အား အမှတ်(၄)၊ ရတနာလမ်းမကြီး (မိုးကောင်းလမ်းနှင့် ဝေဇယန္တာလမ်းကြား)
ရွှေပန်ဆိုင်း ဟော့ပေါ့ဆိုင်အား အမှတ်(၅)၊ ရတနာလမ်းမကြီး(မိုးကောင်းလမ်းနှင့် ဝေဇယန္တာလမ်းကြား)
သင်္ဃန်းကျွန်းမြို့နယ်တွင် ဖွင့်လှစ်ထားပါသဖြင့် မိတ်ဟောင်းမိတ်သစ် Customer များအား လာရောက်စားသုံးကြပါရန် ဖိတ်ခေါ်အပ်ပါသည်။
Buffet Hotpot
20% Off
(August 1st - 31st)
&
Get Coupon (For September)
09-776002005, 09-8592052, 09-5028508, 09-261768908


銀豐漁村
YIN FONG SEA FOOD
ထိုင်ဝမ်နည်းပညာဖြင့်လတ်ဆတ်သောပင်လယ်စာများကို စားသုံးချင်သူများအတွက် Yin Fong မှ
နွေးထွေးပျူငှာစွာကြိုဆိုနေပါသည်။
မိတ်ဟောင်းမိတ်သစ်တို့ရေ ဖွင့်လင်းကာသီရောက်ရင်
အရသာသစ် Breakfast တွေကို
စတင်မြည်းစမ်းခွင့်ရတော့မယ်နော် . . .
BREAKFAST
LUNCH
DINNER
No.717,Upper Pansodan Road, Yangon, MyanmarPh:01-706021,09-73056687,09-250648096, Facebook: Yin Fong Sea Food


မာမားစားဖို့
အချိန်ရောက်ပြီ
MAMA®
INSTANT NOODLES
Marketed By :


G.F. Shwe La Win Family
Company Limited
အရသာစွဲမက်စေမယ့် ဟင်းကောင်းတစ်ခွက်အတွက်
SUPER SEASONING
GOLDEN®
FISH

# နိုင်ငံတကာဆိုင်များကို ယှဉ်နိုင်ရန် အရသာနှင့် သန့်ရှင်းမှုပိုကောင်းရန် လိုအပ်

**ရန်ကုန်၊ ဩဂုတ် ၁၇**

ပြည်တွင်းဈေးကွက်သို့ နိုင်ငံတကာမှ စားသောက်ဆိုင် အများအပြား ဝင်ရောက်လာပြီဖြစ်၍ ပြည်တွင်းလုပ်ငန်းများအနေနှင့် အရသာနှင့် သန့်ရှင်းမှုအပိုင်း ပိုမိုကောင်းမွန်အောင် လုပ်ဆောင်သင့်ကြောင်း မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးနေလင်းက ပြောကြားသည်။

လက်ရှိအချိန်တွင် ပြည်တွင်းမှ စားသောက်ဆိုင်လုပ်ငန်းအများစုမှာ တစ်နိုင်တစ်ပိုင်ဆိုင်များသာဖြစ်ကြောင်း၊ နိုင်ငံခြားမှဝင်ရောက်လာသည့် စားသောက်ဆိုင်များမှာ ငွေကြေးတောင့်တင်းမှုရှိပြီး ဆိုင်ခန်းနေရာများကိုလည်း ပြည်တွင်းလုပ်ငန်းများထက် ဈေးပိုမိုပေးကာ နေရာဝင်ယူလာမည်ကို စိုးရိမ်စရာရှိကြောင်း ၎င်းက ထောက်ပြပြောဆိုသည်။

"သူတို့က ငွေကြေးအလုံးအရင်းနဲ့ ဝင်လာကြတဲ့ဆိုင်တွေပါ။ ကျွန်တော်တို့က ကိုယ့်ရှိတာနဲ့ လုပ်နေရတာမို့လို့ နေရာပိုင်းမှာတော့ အခက်အခဲရှိတယ်။ တဖြည်းဖြည်းနဲ့ကျွန်တော်တို့ဆိုင်တွေ နေရာပျောက်မှာကိုတောင် စိုးရိမ်ရတယ်" ဟု ၎င်းက ဆိုသည်။

လက်ရှိအချိန်တွင်လည်း ပြည်တွင်းစားသောက်ဆိုင်လုပ်ငန်းများအနေနှင့် နိုင်ငံတကာက စားသောက်ဆိုင်များနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်ရန် ပြုပြင်ပြောင်းလဲမှုများကိုလည်း ပြင်ဆင်ပြောင်းလဲနေပြီဖြစ်ကြောင်း မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းထံမှ သိရသည်။

"ပြည်တွင်းစားသောက်ဆိုင်လုပ်ငန်းတွေကို နိုင်ငံတကာနဲ့ တန်းတူလိုက်နိုင်အောင် ဂျပန်အစိုးရအကူအညီနဲ့ နှစ်တိုင်း အစားအသောက်ဆိုင်ရာ သင်တန်းတွေ ပေးနေတယ်" ဟု Dolphin စားသောက်ဆိုင်ပိုင်ရှင် ဒေါက်တာနေဇော်အောင်က ပြောကြားသည်။ ■

## အစားအသောက်နှင့် အဖျော်ယမကာ လက်လီအရောင်းပြပွဲ ကျင်းပ

**ရန်ကုန်၊ ဩဂုတ် ၁၇**





မြန်မာနိုင်ငံ အစားအသောက်နှင့် အဖျော်ယမကာ လက်လီအရောင်းပြပွဲကို ရန်ကုန်မြို့တပ်မတော်ခန်းမတွင် ဩဂုတ်လ ၁၇ ရက်နေ့မှစတင်ကာ ၁၉ ရက်နေ့အထိ ကျင်းပနေကြောင်း မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းထံမှ သိရသည်။

အဆိုပါပြပွဲတွင် မြန်မာစားသောက်ကုန်လုပ်ငန်းများအပါအဝင် ထိုင်း၊ စင်ကာပူ၊ မလေးရှား၊ တရုတ်နှင့် ထိုင်ဝမ်တို့ကပါ နောက်ဆုံးပေါ် အစားအသောက်နှင့် အလုတန်ဆာဆင်မှုများ၏ နည်းပညာများနှင့် လက်လီအရောင်းပစ္စည်းများကို စင်တင်ပြသမည်ဖြစ်သည်။

'လက်လီစတိုးဆိုင်သို့ အကောင်းဆုံးဆီ ရှေ့သို့ချီ' ခေါင်းစဉ်ဖြင့် Super Flash Lunch Box (ထမင်းဘူး)နှင့် အရက်ယမကာပြပွဲများကိုလည်း ပြသသွားမည်ဖြစ်ကြောင်း၊ ပြပွဲသို့အခမဲ့လာရောက်ကြည့်ရှုနိုင်ပြီး ကြည့်ရှုသည့် ပရိသတ်များကို မဲဖောက်ပေးမည်ဖြစ်ကာ ကံထူးရှင်နှစ်ဦးသည် ပြပွဲမစတင်မီ ကြိုတင်မှတ်ပုံတင်စာရင်းသွင်းထားပါက ဘန်ကောက်လေကြောင်းလိုင်းဖြင့် ရန်ကုန်မှ ဘန်ကောက်သို့ အသွားအပြန်ခရီးဆု သုံးဆုကို ချီးမြှင့်သွားမည်ဖြစ်ကြောင်း ပြပွဲစီစဉ်သူများထံမှ သိရသည်။

မြန်မာနိုင်ငံ လက်လီရောင်းချသူများအသင်းက စီးပွားရေးဆိုင်ရာ အသိပညာဟောပြောပွဲကို ဩဂုတ် ၁၈ ရက်နေ့တွင် မွန်းလွဲ ၁နာရီမှ ၄ နာရီအထိကျင်းပသွားမည်ဖြစ်ကြောင်း၊ အဆိုပါပြပွဲသည် ကုန်ပစ္စည်းအမျိုးအစားအစုံအလင်နှင့် နိုင်ငံတကာလုပ်ငန်းရှင်များကပါ လာရောက်ပြသရောင်းချသည့်အတွက်အစားအသောက်နှင့် အဖျော်ယမကာလုပ်ငန်းများကို စိတ်ပါဝင်စားသူများအနေနှင့် လက်လွတ်မခံသင့်ကြောင်း ယင်းအသင်းထံမှ သိရသည်။

■ J-13

## မြန်မာ့ရိုးရာ အစားအသောက်ပွဲတော် ကျင်းပမည်

**ရန်ကုန်၊ ဩဂုတ် ၁၇**

မိုးရာသီမြန်မာ့ရိုးရာ အစားအသောက်ဈေးရောင်းပွဲတော်ကို ဩဂုတ်လ ၂၆ ရက်နေ့မှ ၂၇ ရက်နေ့အထိ ဒဂုံမြို့နယ် ခရေပင်လမ်းရှိ ပဒုမ္မာစားသောက်ဆိုင်တွင် ကျင်းပမည်ဖြစ်ကြောင်း ယင်းစားသောက်ဆိုင်ထံမှ သိရသည်။

အဆိုပါပွဲကို စနေ၊ တနင်္ဂနွေရက်များတွင် ကျင်းပမည်ဖြစ်သည့်အတွက် ရိုးရာအစားအစာကို တစ်နေရာတည်းတွင် စားသောက်နိုင်မည်ဖြစ်ကြောင်း၊ ကချင်အစားအစာ၊ ရှမ်းအစားအစာ၊ အင်းလေးအစားအစာ၊ ရခိုင်အစားအစာများအပါအဝင် အခြားသောတိုင်းရင်းသားများ၏ ရိုးရာအစားအစာများလည်း ပါဝင်မည်ဖြစ်သည်။

မြန်မာ့ရိုးရာ အစားအသောက်ပွဲတော်တွင် ရိုးရာစားသောက်ဆိုင်ပေါင်း ၁၂ ဆိုင်ဝင်ရောက်ပြသမည်ဖြစ်ပြီး ဩဂုတ်လ ၂၆ ရက်နေ့တွင် နံနက် ၈ နာရီမှ မွန်းလွဲ ၂ နာရီအထိ ရိုးရာအစားအသောက်များ ရရှိမည်ဖြစ်ကြောင်း ပဒုမ္မာစားသောက်ဆိုင်ထံမှ သိရသည်။ ■ J-13

စာ - 11 မြို့ပြနဲ့ စားသောက်မှုစတိုင်လ် မှ အဆက်

ထိုင်ဖို့ မဝံ့မရဲ ဖြစ်ခဲ့ကြပါတယ်။ အခုခေတ်မှာတော့ Facebook ဆိုတဲ့ ဆိုရှယ်မီဒီယာကို တွင်တွင်ကျယ်ကျယ်သုံးလာတဲ့အတွက် စားသောက်ဆိုင်တွေရဲ့ အပြင်အဆင်နဲ့ ဈေးနှုန်းတွေကိုပါ သိလာရတာကြောင့် စားသောက်ဆိုင်တွေမှာ ပိုပြီးစားဖြစ်အောင် ဆွဲဆောင်လာနိုင်တယ်လို့ အနောက်ပိုင်းနည်းပညာတက္ကသိုလ်ကျောင်းသူတစ်ဦးဖြစ်သူ မသီသီအောင်က ပြောပါတယ်။

"တစ်ခုခုဆို Facebook မှာ ရှာလို့လွယ်တယ်။ ဈေးနှုန်းတွေပါ သိရတဲ့အခါကျတော့ ပိုက်ဆံကိုချိန်ပြီး သွားလို့ရတာပေ့ါ။ ဝန်ဆောင်မှုကောင်းကောင်း ပေးတဲ့ဆိုင်တွေကလည်း တကယ်တော့ အပြင်ဆိုင်တွေထက် ဈေးနည်းနည်းပဲပိုတာ။ ဆိုင်ထဲထိုင်ရတာက တော်တော်လေး သက်သောင့်သက်သာဖြစ်တယ်" လို့ သူက ဆိုပါတယ်။

လူငယ်ပိုင်းတွေအကြိုက်များတဲ့ အစားအသောက်ကတော့ ဟော့ပေါ့နဲ့ BBQ ဖြစ်ပြီး လက်ရှိအချိန်မှာ ဒီလိုဆိုင်တွေက ပြည်တွင်းက ဆိုင်တွေအပြင် ပြည်ပကဆိုင်တွေလည်း ဖွင့်လာတဲ့အတွက် ဈေးသက်သက်သာသာနဲ့ ရွေးချယ်စားလို့ရနေပါပြီ။

နိုင်ငံတကာဆိုင်တွေ မဝင်လာခင်က ဟော့ပေါ့တစ်ခါစားဖို့ဆိုရင် မြန်မာငွေကျပ် နှစ်သောင်းလောက်ကို သုံးရပါတယ်။ အခုဆို ထိုင်းဆိုင်တွေနဲ့ ပြည်တွင်းဆိုင်တချို့မှာ တစ်အိုး ကျပ် ၅၀၀၀ နဲ့ ရောင်းချနေတဲ့အတွက် ဝင်ငွေရှိသူရော မိဘဆီက မုန့်ဖိုးတောင်းနေရတဲ့ ကျောင်းသားတွေပါ စားနိုင်လာတယ်လို့ ထိုင်းဟော့ပေါ့ဆိုင်မှ တာဝန်ရှိသူတစ်ယောက်က ဆိုပါတယ်။

ပြည်သူတွေက စားသောက်မှုပုံစံ ပြောင်းလဲလာတာနဲ့အမျှ ပြည်ပကဆိုင်တွေနဲ့ တန်းတူလိုက်နိုင်ဖို့အတွက် ဂျပန်နိုင်ငံက အကူအညီနဲ့ ပြည်တွင်းစားသောက်ဆိုင်တွေကို သင်တန်းတွေပေးပြီး နိုင်ငံတကာမှာလုပ်နေတဲ့ ပုံစံအတိုင်း Franchise စနစ်( Brand နာမည်ကိုယူပြီး ပြည်တွင်းလုပ်ငန်းရှင်တွေက လုပ်ငန်းဆောင်ရွက်ခြင်း) နဲ့ ဆောင်ရွက်နေပါတယ်။

မြန်မာအစားအသောက်ဈေးကွက်ဟာ ကြီးမားလာတဲ့အတွက် ထိုင်း၊ ဂျပန်၊ စင်ကာပူ၊ ကိုရီးယား၊ ဥရောပစားသောက်ဆိုင်တွေကပါ ထိုးဖောက်ဝင်ရောက်လာပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဝင်လာတာနဲ့အမျှ စားသောက်ဆိုင်တွေပါ များစွာထပ်မံ ဝင်ရောက်လာနိုင်တဲ့အတွက် ပြည်တွင်းလုပ်ငန်းရှင်တွေ ဈေးကွက်မပျောက်အောင်၊ ဝန်ဆောင်မှုကောင်းအောင် ပြင်ဆင်သင့်တယ်လို့ စားသောက်ဆိုင်ပိုင်ရှင်တွေက ပြောကြပါတယ်။



လက်ရှိပြည်တွင်းစားသောက်ဆိုင်တွေရဲ့ အနေအထားဟာ ဆိုင်ခန်းငှားရမ်းခများပြားမှုနဲ့ ကုန်ဈေးနှုန်းကြီးမြင့်မှုတွေကြောင့် အမြတ်အစွန်း အနည်းငယ်ကျန်ရှိအောင် အခက်အခဲမျိုးစုံနဲ့ ဆောင်ရွက်နေရသလို စားသုံးသူများက ဖေ့ဘွတ်ခ်ပေါ် Review ပြန်ရေးတဲ့အခါ နာမည်ကောင်းရပြီး အောင်မြင်မှုရရှိသွားတဲ့ဆိုင်တွေရှိပြီး နာမည်ပျက်သွားတဲ့ဆိုင်တွေလည်း ရှိတဲ့အတွက်ကြောင့် သန့်ရှင်းမှုအပိုင်းကို အာရုံစိုက်သင့်ကြောင်း မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဒေါက်တာနေဇော်အောင်က ဆိုပါတယ်။

■ မေလှိုင်းသူ၊ အောင်သီဟ

# “ခေါက်ဆွဲပြုတ်စားချင်တယ်ဆို သူ့မှာပါတဲ့အမှုန့်တွေကို တစ်ဝက်ပဲလျှော့ထည့်လိုက်တာမျိုး။ အဲဒီလိုမျိုးစားပေါ့”

## အထွေထွေရောဂါကုဆရာဝန် ဒေါက်တာကျော်စွာဦးနှင့် တွေ့ဆုံခြင်း

အောင်သီဟ

-အသင့်စားအစားအစာ (Instant Food) များ အလွန်အကျွံစားသုံးခြင်းကြောင့် မည်သည့်ရောဂါ များ ဖြစ်ပွားမည်ဆိုခြင်းနှင့် စားမည်ဆိုလျှင်လည်း ဘေးထွက်ဆိုးကျိုး အနည်းဆုံးဖြစ်အောင် မည်သို့စားသောက်ရမည်ဆိုသည်ကို အထွေထွေရောဂါကုဆရာဝန် ဒေါက်တာကျော်စွာဦးနှင့် မေးမြန်းထားသည်များကို ဖော်ပြလိုက်ပါသည်။

**Voice ៖ Instant Food (အသင့်စား) တွေဟာ လက်ရှိအချိန်မှာ ကလေးကနေ လူကြီးတွေအထိ စားတာများလာတယ်။ ဒီအစားအစာတွေမှာ ဘယ်လိုဓာတ်တွေ အများဆုံးပါဝင်သလဲ။**

**Dr.KSO ៖** အထူးသဖြင့် ရေရှည်ခံအောင်ထားတဲ့ ဆိုဒီယမ် သုံးတာများတယ်။ နောက်ပြီး ခေါက်ဆွဲတွေမှာဆိုရင် ဖယောင်းဓာတ်တွေ၊ အခြားဆိုးဆေးတွေကို တာရှည်ခံဖို့အတွက် သုံးကြတယ်။

**Voice ៖ Instant Food တွေပုံမှန်စားတဲ့သူတွေ အနေနဲ့ ရေရှည်မှာ ဘယ်လိုရောဂါတွေ ရနိုင်သလဲ။**

**Dr.KSO ៖** ဒီအစားအစာတွေ အနည်းငယ်လောက်ပဲ စားရင်တော့ ဘာမှမဖြစ်ဘူး။ စားလို့ရတယ်။ ဒါပေမဲ့ အလွန်အကျွံစားတာဆိုရင်တော့ မကောင်းဘူးပေါ့။ ဥပမာ-တစ်နေ့ တစ်ထုပ်လောက် စားတာကတော့ ဘာမှသိပ်မဖြစ်ပါဘူး။ ရေရှည်ကျရင်တော့ အစာမကြေတာတွေဖြစ်မယ်။ ရင်ခေါင်းတောင့်တာတွေ၊ ကိုယ်အလေးချိန်တက်လာမယ်၊ ဝလာမယ်။ ဆိုဒီယမ်တွေပါတဲ့အတွက် ဦးနှောက်နဲ့ ကျောက်ကပ်တွေ ထိခိုက်လာမယ်။ နောက် ကင်ဆာတွေ ဘာတွေ ဖြစ်လာမယ်။ ကင်ဆာဖြစ်တာကတော့ အစားအသောက်ထက် ဒီအစားအစာကို ထုပ်ပိုးတဲ့ပုံစံတွေ၊ ဘူးတွေ၊ ပလတ်စတစ်တွေကြောင့်ဖြစ်တယ်လို့ သုတေသနတချို့တွေမှာ တွေ့ရတယ်။

**Voice ៖ ဘယ်လိုရောဂါအခံရှိတဲ့သူတွေ ဒီအစားအစာတွေကို ပိုပြီးရှောင်သင့်သလဲ။**

**Dr.KSO ៖** အထူးသဖြင့် အဝလွန်တဲ့သူတွေ၊ သွေးတိုး ဆီးချိုရှိတဲ့သူတွေပေါ့နော်။ သူတို့တွေက အသင့်စား အစားအစာတွေကို ရှောင်နိုင်ရင် ပိုကောင်းတယ်။ မရှောင်နိုင်ဘူးဆိုရင် လျှော့စားရမယ်။ မစားရင် ပိုကောင်းတာပေါ့။ ဘာလို့လဲဆိုတော့ သူ့ထဲမှာ ဆိုဒီယမ်တွေ ပိုများနေတော့ သွေးတိုးမယ်။ နောက်ဆက်တွဲအနေနဲ့ ကင်ဆာတွေ ဘာတွေဖြစ်လာနိုင်တယ်။

**Voice ៖ ဒီလိုအစားအစာတွေ စားမယ်ဆိုရင် ဘေးထွက်ဆိုးကျိုးတွေနည်းအောင် ဘယ်လိုလုပ်သင့်ပါသလဲ။**

**Dr.KSO ៖** ခေါက်ဆွဲပြုတ်တွေ ဘာတွေ စားမယ်ဆိုရင်တော့ တစ်ရည်လောက် အရင်ပြုတ်လိုက်ပေါ့။ တခြားအရာတွေက နည်းနည်းတော့ ပြောရခက်တယ်။ ဘယ်လိုလျှော့စားမလဲဆိုတာ။ ဒီအစားအစာကို စားတော့စားပေါ့။ လျှော့တော့စားပေါ့။ ကိုယ့်ကလေးတွေလည်း ကြိုက်ကြတာဆိုတော့လေ။ ကျွန်တော်တို့ကိုယ်တိုင်လည်း ကြိုက်တာဆိုတော့ အဓိကကတော့ လျှော့စားရမှာပေါ့။

**Voice ៖ လက်ရှိကျောင်းတွေမှာ ဒီလိုအစားအစာတွေ ပိုပြီးရောင်းလာကြတော့ ကလေးတွေကလည်း ပိုပြီးစားသလို ဖြစ်နေတော့ ဒီကလေးတွေအနေနဲ့ နောက်ပိုင်း အသက်အရွယ်ရလာရင် ဒီအစားအစာတွေကြောင့် ဘယ်လိုအကျိုးရလဒ်တွေ ရှိလာမလဲ။**

**Dr.KSO ៖** ကလေးတွေမှာ တောက်လျှောက်စားလာရင် အဝလွန်လာမယ်။ ငယ်ငယ်ရွယ်ရွယ်နဲ့ သွေးတိုးတွေ၊ ဆီးချိုတွေဖြစ်လာမယ်။ အသင့်စား အစားအစာတွေထဲမှာ အချိုရည်တွေကလည်း ကျန်းမာရေး ထိခိုက်လာမယ်။ တချို့ကလည်း ဒါကြီးပဲကြိုက်တာဆိုတော့ ဒါပဲ စားနေကြတော့ နောက်ပိုင်းမှာ သွေးတိုး၊ ဆီးချို၊ နှလုံးသွေးကြောကျဉ်းတာတွေ ဖြစ်ကောင်းဖြစ်နိုင်တာပေါ့။

**Voice ៖ ဆရာပြောသွားတဲ့အထိ ကင်ဆာဖြစ်တာက အစားအစာကြောင့်မဟုတ်ဘဲ ထုပ်ပိုးမှုပုံစံကြောင့် ဖြစ်တာလား။**

**Dr.KSO ៖** အဲဒါကတော့ အတော်လေးကို သုတေသန လုပ်ကြပါတယ်။ ဒီဟာရယ်လို့ မဟုတ်ပါဘူး။ ရေသန့်ဘူးတွေရော၊ နေရောင်ထဲမှာထားရင် ဘယ်လိုဓာတ်ပြုမှုတွေဖြစ်နိုင်လဲ။ ခေါက်ဆွဲထုပ်တွေ၊ ဘူးတွေဖြစ်ဖြစ် နေရောင်ထဲမှာထားရင် ဘယ်လိုဓာတ်ပြုမှုတွေဖြစ်ပြီး ကျန်းမာရေးကို ထိခိုက်နိုင်လဲဆိုတာ သုတေသန တော်တော်လေး လုပ်ထားပါတယ်။ ဒါပေမဲ့လည်း အသိအမှတ်ပြုထားပြီး စားနေသောက်နေတာတွေလည်း ရှိပါတယ်။ အကုန်လုံးကိုတော့ မစားဘဲ



“ ရေသန့်ဘူးတွေရော၊ နေရောင်ထဲမှာထားရင် ဘယ်လိုဓာတ်ပြုမှုတွေဖြစ်နိုင်လဲ။ ခေါက်ဆွဲထုပ်တွေ၊ ဘူးတွေဖြစ်ဖြစ် နေရောင်ထဲမှာထားရင် ဘယ်လိုဓာတ်ပြုမှုတွေဖြစ်ပြီး ကျန်းမာရေးကို ထိခိုက်နိုင်လဲဆိုတာ သုတေသန တော်တော်လေးလုပ်ထားပါတယ်။ ”

မသောက်ဘဲ ကြောက်စရာတော့ မလိုပါဘူး။ အားလုံးကတော့ အစားအသောက်နဲ့ ဆေးဝါးကွပ်ကဲရေးဌာနတွေကတော့ နိုင်ငံတိုင်းမှာ အသိအမှတ်ပြုပြီးမှ ရောင်းချခွင့် ပေးထားပါတယ်။ အရမ်းကြီးတော့ ကြောက်စရာမလိုပါဘူး။ သို့သော် ကျန်းမာရေးဗဟုသုတရှိတဲ့အခါကျတော့ ဆင်ခြင်စားနိုင်တာပေါ့။ ပလတ်စတစ်တွေ၊ မယ်လမင်းတွေကို အပူနဲ့ဓာတ်ပြုတဲ့အခါ အန္တရာယ်ရှိတာကို သိထားရင် ဆင်ခြင်စားလို့ရပါတယ်။

**Voice ៖ နောက်ထပ်ဘာများဖြည့်စွက်ပြောချင်ပါလဲ။**

**Dr.KSO ៖** အထူးသဖြင့် အသင့်စား အစားအစာကို အချိန်မပေးတာကတစ်မျိုး၊ ဗိုက်ဆာတာက တစ်မျိုးနဲ့ စားဖြစ်ကြတယ်။ ဘဝမှာ ရုန်းကန်နေရတော့ အလုပ်လုပ်နေရတဲ့သူတွေ ကလေးတွေကျတော့လည်း ကြိုက်ကြလို့ စားကြတယ်။ မိဘတွေကျတော့လည်း ထမင်းချိုင့်ကို အဆင်ပြေတာမျိုးလေးတွေ ထည့်ပေးလိုက်တာရှိတယ်။ ဒါပေမဲ့ တတ်နိုင်သလောက်ကို လျှော့စားရမယ်။ ခေါက်ဆွဲပြုတ်စားချင်တယ်ဆို သူ့မှာပါတဲ့အမှုန့်တွေကို တစ်ဝက်ပဲလျှော့ထည့်လိုက်တာမျိုး။ အဲဒီလိုမျိုးစားပေါ့။ အချိုမှုန့်ကို လျှော့ထည့်ပေါ့။ ကိုယ့်အသိဉာဏ်နဲ့ အစားအစာကိုချင့်ချိန်ပြီး စားရမှာပေါ့။ တန်ဆေးလွန်ဘေး ဆိုသလိုပေါ့။ ■ **အောင်သီဟ**

## အစားအသောက်ချက်ပြုတ်ခြင်း သင်တန်းလမ်းညွှန်

မြန်မာနိုင်ငံကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ဝင်ရောက်လာပြီးနောက်ပိုင်း ပြည်တွင်းက လူငယ်တွေအတွက် အလုပ်အကိုင်အခွင့်အလမ်း ရှိလာပေမယ့် လုပ်ငန်းကျွမ်းကျင်မှုအပိုင်းမှာ အားနည်းချက်တွေရှိလို့ သက်ဆိုင်ရာလုပ်ငန်းပိုင်းသင်တန်း တက်ရောက်ထားဖို့ လိုအပ်ပါတယ်။

အစားအသောက်ချက်ပြုတ်ခြင်းလုပ်ငန်းကို စိတ်ဝင်စားတဲ့လူငယ်တွေအတွက်ကိုတော့ နိုင်ငံတကာအစားအစာချက်ပြုတ်ခြင်းနဲ့ ကိတ်မုန့်၊ ပေါင်မုန့်ပြုလုပ်ခြင်းသင်တန်းတွေ လမ်းညွှန်ပေးချင်ပါတယ်။

ဒီသင်တန်းတွေကို တက်ရောက်မယ်ဆိုရင်တော့ ဝါရင့်ဆရာတွေ သင်ကြားပေးနေတဲ့ စမ်းချောင်းမြို့နယ် မြေနီကုန်း (ရိုးမဘဏ်အနီး) မှာရှိတဲ့ Star Academy သင်တန်းကျောင်းနဲ့ မဟာဗန္ဓုလလမ်းနဲ့ ၄၉ လမ်းထောင့်မှာရှိတဲ့ Lotus (ဟိုတယ်သင်တန်းကျောင်း)တို့မှာ တက်ရောက်နိုင်ပါတယ်။

အသေးစိတ်သိလိုရင်တော့ Star Academy - ၀၁ ၅၂၃ ၂၀၀၊ ၀၁ ၂၃၀ ၄၀ ၂၀၊ Louts -၀၁ ၃၉၇ ၄၄၉ ၊ ၀၉ ၇၃၁၆၉၂၀၇ တို့ကို ဆက်သွယ်နိုင်ပါတယ်။ ■

# ခြောက်လမှ ကိုးလအထိ ကလေးငယ်များအတွက် ဖြည့်စွက်စာ ပြင်ဆင်နည်း

ရလေး

ကလေးတစ်ယောက်ရဲ့ ခန္ဓာကိုယ်ဖွံ့ဖြိုးဖို့ ဉာဏ်ရည်မြင့်မားဖို့ဆိုတာ မွေးကင်းစအရွယ်ကစပြီး စနစ်တကျ ကျွေးမွေးတာကအစ အရေးကြီးပါတယ်။ ကလေးကို မွေးကင်းစကနေ အသက်ခြောက်လအထိ မိခင်နို့ရည်တစ်မျိုးတည်းကိုပဲ တိုက်ကျွေးရပါမယ်။ အသက်ခြောက်လပြည့်တဲ့အခါ မိခင်နို့ရည်တစ်မျိုးတည်းနဲ့ မလုံလောက်တော့တဲ့အတွက် အစားအစာတွေကိုစတင်မိတ်ဆက်ပြီး ဖြည့်စွက်စာအနေနဲ့ ကျွေးမွေးရပါမယ်။ ဖြည့်စွက်စာကျွေးတဲ့အခါ အာဟာရစုံစုံလင်လင် ချက်ပြုတ်ကျွေးတတ်ဖို့ အရေးကြီးတဲ့အတွက် ဖြည့်စွက်စာ ချက်ပြုတ်ပြင်ဆင်နည်းအဆင့်ဆင့်ကိုဖော်ပြပေးလိုက်ပါတယ်။

(၁) ပထမဆုံး ဆန်တစ်လုံးဆိုပါတော့၊ ဆန်ကို ပိုးမွှားတွေသေစေဖို့နဲ့ အရသာပိုကောင်းစေဖို့ ဆန်ကိုလှော်ပေးပါ။

(၂) ကလေးကြီးထွားဖို့ ပဲနီလေးက အကောင်းဆုံးပါ။ အရပ်လည်း ရှည်စေပါတယ်။ ပဲနီလေးကို ဆန်ရဲ့သုံးပုံတစ်ပုံထည့်ပါ။

(၃) ခုနက လှော်ထားတဲ့ဆန်နဲ့ ပဲနီလေး သုံးချိုးတစ်ချိုးကို အမှုန့်ကြိတ်ပါ။

(၄) ကြိတ်စက်နဲ့ကြိတ်ပြီး လေလုံဘူးနဲ့ထည့်သိမ်းထားမယ်ဆိုရင် ဖြည့်စွက်စာချက်တဲ့အခါ အဆင်သင့်ထုတ်ချက်နိုင်မှာပါ။ လှော်ထားတဲ့ဆန်ဟာ အနံ့ပိုမွှေးတဲ့အပြင် အရသာလည်း ပိုကောင်းပါတယ်။ လှော်ပြီးသားဖြစ်လို့ ချက်တဲ့အခါလည်း အချိန်မြန်မြန်နဲ့ ကျက်ပါတယ်။ ကလေးကို ကျွေးခါနီးမှ လိုသလောက်ကျိုကျွေးပါ။

(၅) ဆန်နဲ့ ပဲနီလေးအမှုန့်ကို ကျိုတဲ့အခါမှာ ကြက်ရိုး၊ ကြက်သားတို့ ပြုတ်ထားတဲ့ ကြက်ပြုတ်အရည်လေးနဲ့ကျိုပါ။ ကြက်ရိုးကို ရိုးတွင်းခြင်ဆီတွေထွက်အောင် ထုချေပြီးမှ ပြုတ်ပါ (သို့မဟုတ်) ပြုတ်ပြီးမှ ထုချေပေးလည်းရပါတယ်။ အရိုးမပါအောင် သေချာစစ်ဖို့ အရေးကြီးပါတယ်။

(၆) ဆီကို လက်ဖက်ရည်ဇွန်းနဲ့ တစ်ဇွန်းထည့်ပါ။ ဆီသုံးတဲ့အခါ သံလွင်ဆီကိုသုံးဖို့ ကလေးအထူးကုဆရာဝန်တွေက တိုက်တွန်းပါတယ်။

(၇) ဆားကို ပါတယ်ဆိုရုံ နည်းနည်းသာထည့်ပါ။ များသွားလို့မဖြစ်တာကြောင့် သတိထားပြီးထည့်ပါ။

(၈) ကလေးထမင်းကျိုတဲ့အထဲကို လူကြီးတွေ ကြက်သားစားတဲ့နေ့ဆို ကြက်သား၊ ငါးဆိုငါး၊ ကြက်အသည်းလည်း ကျွေးလို့ရပါတယ်။ ကြက်သားကို မျှင်ထည့်ပါ။ ငါးဆို အရိုးမပါအောင် ဂရုစိုက်ပါ။ အသားကိုထည့်တဲ့အခါ ဆန်မှုန့်ရဲ့ သုံးပုံတစ်ပုံကိုပဲထည့်ပါ။ အသားထည့်လိုက်တဲ့အခါ ဆန်၊ ပဲနီလေးနဲ့ အသားဟာ ၃း၁း၁ ဖြစ်သွားပါမယ်။

(၉) ကလေးအစာကျိုတဲ့အထဲကို မုန်လာဥနီ၊ ရွှေဖရုံသီး၊ ခရမ်းချဉ်သီးအနှစ်တို့ကိုထည့်ကျိုပါ။ အတုံးလေးတွေ တုံးထည့်ပါ။ ထည့်တဲ့အခါမှာလည်း အသီးအနှံကို ဆန်ရဲ့သုံးပုံပုံ တစ်ပုံပါပဲနော်။ ဒါဆို ၃း၁း၁ အချိုးအစားအတိုင်း ဖြစ်သွားပါမယ်။

(၁၀) နောက်ဆုံးအဆင့်အနေနဲ့ အစိမ်းရောင်အရွက်လေးတွေကို နုပ်နုပ်စဉ်းပြီး ချခါနီးမှာထည့်ပါ။ အပေါ်ကထည့်ခဲ့တဲ့ အသီးအနှံတွေက အာဟာရတန်ဖိုး မလျော့ကျစေပေမယ့် အစိမ်းရောင်အရွက်တွေကတော့ တန်ဖိုးလျော့ကျတတ်တာကြောင့် ကျက်ခါနီးမှ ထည့်ခိုင်းတာဖြစ်ပါတယ်။ ဖြည့်စွက်စာကျိုပြီးတဲ့အခါမှာ အစာတွေဟာ လက်နဲ့ဆုပ်စားနိုင်လောက်တဲ့အထိ ပျစ်နေရပါမယ်။ ဇွန်းနဲ့ခပ်ပြီး မှောက်ချရင်တောင် အောက်ကိုပြုတ်မကျလောက်အောင် ပျစ်နှစ်နေရပါမယ်။ အောက်ကို တစ်စက်စက်ကျတယ်ဆို အာဟာရတန်ဖိုးနည်းသေးတယ်ဆိုတာ သတိထားရပါမယ်။

အသက်ရှစ်လဆိုရင်ကြက်ဥတစ်လုံးစထည့်ကျွေးနိုင်ပါတယ်။ အရွက်စားတတ်တဲ့အကျင့်လည်းဖြစ်၊ အာဟာရလည်းရအောင် ဟင်းနုနယ်ရွက် အဖတ်လေးတွေကို ကလေးကို ပေးစားပါ။ ဖြည့်စွက်စာ တစ်နေ့သုံးကြိမ်ကျွေးပါ။ ရာသီပေါ်သီးနှံ တစ်နေ့တစ်ကြိမ်ကျွေးပါ။ ■

ရလေး

## Diabetasol ကို ဘာလို့သောက်သုံးသင့်တာလဲ

ဆီးချို သွေးချိုရောဂါ ဝေဒနာရှင်များ၊ အဝလွန်သူများနဲ့ ခန္ဓာကိုယ်အလေးချိန် ထိန်းသိမ်းလိုသူများအတွက် ခဏခဏ အစာစားချင်တဲ့စိတ်ကို ထိန်းထားစေနိုင်သူများအတွက် အမေရိကန် FDA နဲ့ ကိုက်ညီတဲ့ အားဖြည့်အာဟာရမှုန့် Diabetasol သောက်သုံးခြင်းဖြင့် ထိန်းသိမ်းထားနိုင်ပါတယ်။

အမျှင်ဓာတ်တွေ ပါဝင်တဲ့အတွက် တစ်ခါသောက်ထားရုံနဲ့ ခဏခဏ အစာစားချင်စိတ်ကို ထိန်းသိမ်းထားနိုင်ပါတယ်။

Cholesterol မပါဝင်တဲ့အတွက် အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်းနဲ့ နှလုံးသွေးကြောကျဉ်းရောဂါများ ဖြစ်ပွားမှုနှုန်းကို လျော့နည်းစေပါတယ်။ Sodium (ဆား) ပါဝင်မှုနှုန်း နည်းတဲ့အတွက်ကြောင့် ဆီးချိုရောဂါရှိသူများသာမက သွေးတိုးရောဂါရှိသူများပါ သောက်သုံးရန် သင့်လျော်ပါတယ်။




Diabetasol ဟာ အားဖြည့်အာဟာရမှုန့်ဖြစ်လို့ မနက်စာ (သို့) ညစာအဖြစ် အစားထိုးသောက်သုံးနိုင်မှာဖြစ်ပြီး သောက်သုံးပြီဆိုပါက အစာလုံးဝမစားခြင်းနဲ့ စားနေကျပမာဏထက် လျှော့စားတာတို့ ပြုလုပ်သင့်ကာ အဲဒါမှသာ သွေးတွင်း သကြားဓာတ်ပမာဏလိုအပ်တာထက် ပိုမများစေဖို့ ဖြစ်ပါတယ်။ ■



# အော်ဂဲနစ်ဆန် ဆိုတာ

အော်ဂဲနစ်ဆန်ဆိုတာ ဓာတုဓာတ်မြေသြဇာနဲ့ ဓာတုပိုးသတ်ဆေး အသုံးပြုထားခြင်းမရှိဘဲ သဘာဝအတိုင်း နုန်းတင်မြေနုပေါ်မှာ ဒီရေအတက်အကျနဲ့ စိုက်ပျိုးထားတဲ့ဆန် ဖြစ်ပါတယ်။

အော်ဂဲနစ်ဆန်နဲ့ တခြားဓာတုဆေးအသုံးပြုပြီး စိုက်ပျိုးထားတဲ့ဆန်တွေနဲ့ ကွာခြားချက်ကတော့ အော်ဂဲနစ်ဆန်က အာဟာရပြည့်ပြည့်ဝဝရရှိစေတယ်။ သဘာဝအတိုင်း စိုက်ပျိုးထားလို့စားသုံးရာမှာ နူးညံ့ပျော့ပျောင်းတယ်။ ထမင်းရဲ့အနှစ်သာရကို အပြည့်အဝခံစားရတယ်။ တစ်နှစ်ပတ်လုံး သိုလှောင်စားသုံးနိုင်ပါတယ်။

အော်ဂဲနစ်ဆန်ကို သဘာဝမြေသြဇာများဖြစ်တဲ့ နွားချေး / စက်ဖွဲပြာများကို အသုံးပြု၍ စနစ်တကျ စီမံဆောင်ရွက်ပြီး စိုက်ပျိုးထုတ်လုပ်ခြင်း ဖြစ်ပါတယ်။ မျိုးရိုးဗီဇပြုပြင်ပြောင်းလဲထားခြင်းမရှိဘဲ မျိုးကောင်းမျိုးသန့်များနဲ့ စိုက်ပျိုးထားခြင်းကြောင့် အာဟာရဓာတ် ပြည့်ပြည့်ဝဝ ရရှိစေနိုင်ပါတယ်။ အော်ဂဲနစ်ဆန်ကို တစ်နှစ်မှာ တစ်သီးသာ စိုက်ပျိုးပါတယ်။

**အော်ဂဲနစ် ဆန်လုံးညို (Brown Rice)**

အော်ဂဲနစ်ဆန်လုံးညိုဟာ သက်ကြီးရွယ်အိုများအတွက် အထူးကောင်းမွန်ပြီး ဗီတာမင်အပြည့်အဝရရှိကာ အာရုံကြောအားကောင်းစေနိုင်မှာ ဖြစ်ပါတယ်။ ကလေးငယ်များအတွက်လည်း အာဟာရပြည့်ပြည့်ဝဝရရှိစေပြီး သာမန်လူတွေ စားသုံးမယ်ဆိုရင်လည်း ခန္ဓာကိုယ်အလေးချိန်ကို မတက်စေနိုင်ပါဘူး။ ■













# “မြန်မာနိုင်ငံမှာ ကလေးသူငယ်တွေ ပုည့်ကျက်နေတဲ့ပြဿနာရှိတယ်”

## အားဖြည့်ဆန် စီမံချက်ဒါရိုက်တာ ဒေါက်တာမျိုးမြင့်အောင်နှင့် တွေ့ဆုံခြင်း

မေလှိုင်းသူ၊ အောင်သီဟ

**မြန်မာနိုင်ငံတွင် အားဖြည့်ဆန်ကို မိတ်ဆက်ခဲ့သည့် PATH အဖွဲ့မှ အားဖြည့်ဆန် စီမံချက်ဒါရိုက်တာ ဒေါက်တာမျိုးမြင့်အောင်ကို The Voice က တွေ့ဆုံမေးမြန်းထားသည်များကို ကောက်နုတ်ဖော်ပြအပ်ပါသည်။**



**Voice ： PATH အဖွဲ့ကနေ အားဖြည့်ဆန်နဲ့ ပတ်သက်ပြီး ကူညီနေတာတွေကို ပြောပြပေးပါရှင်။**

**Dr.MMA ：** မြန်မာနိုင်ငံမှာ ကလေးသူငယ်တွေ ပုည့်ကျက်နေတဲ့ပြဿနာရှိတယ်။ နောက်ပြီးရင် ကိုယ်ဝန်ဆောင်မိခင်တွေမှာ သွေးအားနည်းတဲ့ ပြဿနာရှိတော့ အဲဒါတွေကိုဖြေရှင်းဖို့ စဉ်းစားတဲ့အခါ လူတွေစားတဲ့ဆန်ထဲမှာ အာဟာရဓာတ်ဖြည့်တဲ့ နည်းပညာကို တွေ့ခဲ့တယ်။ အဲဒီနည်းပညာကို PATH အဖွဲ့က မြန်မာနိုင်ငံမှာ မိတ်ဆက်ပေးခဲ့တာပေါ့။ ဘာလုပ်ပေးလဲဆိုတော့ ဆန်ထဲကို အာဟာရဖြည့်စွက်တဲ့နည်းကို သင်ပေးပြီးတော့မှ Gold Power ဆိုတဲ့ကုမ္ပဏီကနေ အာဟာရပြည့်ဆန်စေ့တွေ ထုတ်တယ်။ အဲဒီ ထွက်လာတဲ့ဆန်တစ်စေ့ကိုမှ သမားရိုးကျဆန် ၉၉ စေ့နဲ့ ရောတယ်။ ဆန်စက်တွေမှာရောမွှေပြီး ဆန်စက်ရှစ်စက်ကနေ ထုတ်လုပ်နေပါတယ်။ ဆန်ကို သူများနိုင်ငံထဲကနေ ထုတ်လာတာလည်း မဟုတ်ဘူး။ အလှူရှင်ကတော့ အသက်မွေးဝမ်းကျောင်းနဲ့ စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေအဖွဲ့ဆီက ငွေကိုယူပြီးတော့ ဆန်စက်ကနေ အားဖြည့်ဆန်ထုတ်နိုင်အောင် နည်းပညာပိုင်းကူညီပေးတယ်။ စက်တွေဝယ်နိုင်အောင်လည်း ငွေကြေးထောက်ပံ့ပေးနေတယ်။

**Voice ： လက်ရှိမှာ ကုမ္ပဏီဘယ်နှခုလောက်ကို PATH အဖွဲ့ကနေ ထောက်ပံ့ပေးနေသလဲရှင်။**

**Dr.MMA ：** လောလောဆယ် ကုမ္ပဏီစုစုပေါင်း ၁၁ ခုရှိတယ်။ အားဖြည့်ဆန်စေ့ စနစ်တကျထုတ်လုပ်တဲ့ နည်းပညာပေးထားတာကတော့ Gold Power ပေါ့။ ပြည်တွင်းကထုတ်တဲ့ဆန်ကို အမှုန့်ကြိတ်ပြီး ဆန်အမှုန့်နဲ့ ဗီတာမင်မှုန့်နဲ့ရောပြီး အပူပေးပုံလောင်းတဲ့စက်ထဲကနေ ဆန်ပုံစံအတိုင်း အာဟာရပြည့် ဆန်စေ့လေးတွေထုတ်တယ်။ အခုဆို ပုံမှန်ဆန်အတိုင်းပဲ အရောင်အဆင်းရော၊ အနံ့ရော အကုန်ကောင်းတယ်။ အဲဒါကို အရင်ထုတ်တယ်။ အဲဒါကိုထုတ်ပြီးတော့ ရိုးရိုးဆန်နဲ့ပြန်ရောတာက ဆန်စက်ရှစ်စက်ရှိတယ်။ ရန်ကုန်မှာ သုံးစက်ရှိတယ်။ Gold Power မှာလည်းရှိတယ်။ Excel ဆိုတဲ့စက်လည်းရှိတယ်။ စွမ်းထက်မြတ်လည်း ရှိတယ်။ ဧရာဝတီမှာ လေးစက်ရှိတယ်။ ပဲခူးတိုင်းမှာ တစ်ခုရှိတယ်။ နည်းပညာပိုင်းနဲ့ စက်ကိုကူညီပေးတယ်။ ဆန်စက်တွေကရောပြီး ဈေးကွက်တင် ရောင်းတယ်။ လူမှုအဖွဲ့အစည်းတွေနဲ့လက်တွဲပြီး အားဖြည့်ဆန်ကိုပြန်ဖြန့်တာလည်း ရှိတယ်။ အဲဒါကတော့ စားနပ်ရိက္ခာအစီအစဉ်နဲ့ လိုအပ်ချက်ရှိတဲ့ဒေသတွေမှာ အားဖြည့်ဆန်တွေဝေဖို့ အစီအစဉ်ရှိတယ်။ အားဖြည့်ဆန်ကိုဝယ်ပြီး ကျွေးနေတာက ဒေါက်တာနန္ဒဝင်းပေါ့။ တန်ဖိုးသင့်ညစာဆိုတဲ့ ခေါင်းစဉ်အောက်ကနေကျွေးတယ်။

**Voice ： အားဖြည့်ဆန်ကို ဘယ်လိုဆန်အမျိုးအစားတွေနဲ့ ထုတ်လုပ်လဲ။ လက်ရှိရောင်းချနေရတဲ့ ဈေးကွက်အနေအထားလေးလည်း ပြောပြပေးပါရှင်။**

**Dr.MMA ：** မြန်မာနိုင်ငံမှာ ဆန်ကိုတန်ဖိုးထားပြီး စားကြတယ်။ အားဖြည့်ဆန်ကို ပေါ်ဆန်းဆန်နဲ့ ဧည့်မထဆန်ဆိုပြီး နှစ်မျိုးထုတ်တယ်။ ပေါ်ဆန်းဆန်ကို စတင်ထုတ်ရတဲ့ ရည်ရွယ်ချက်ကတော့ ဒီအာဟာရပြည့်ဆန်ကို ပြည်သူတွေယုံကြည်အောင် ဘယ်လိုလုပ်မလဲပေါ့။ အားဖြည့်ဆန်တံဆိပ်ရဲ့ ကွာလတီစည်းလေးက ကျန်းမာရေးဝန်ကြီးဌာနအောက်က အာဟာရဌာနကလည်း ထောက်ခံပေးထားတယ်။ FDA ဝင်စိစစ်ပြီးမှ ထောက်ခံပေးထားတယ်။ စီမံကိန်းစတာ ၂၀၁၆ မတ်လတည်းက ထုတ်တယ်။ အခုဆို တစ်နှစ်သုံးလရှိပြီ။ ဒီအချိန်အတွင်းမှာ ရောင်းရတဲ့တန်ချိန်က ၂၆၀ ရောင်းရတယ်။ တစ်လကို ၁၅ တန်ဝန်းကျင်လောက် ရောင်းရတယ်။ အဓိကကတော့ ရန်ကုန်ကို အဓိကရောင်းတယ်။ ဘာလို့လဲဆိုတော့ ဧရာဝတီတိုင်းက ဆန်စက်တွေက ဒီနှစ် နှစ်ဦးပိုင်းလောက်ကမှ FDA အသိအမှတ်ပြုရတာ ဖြစ်ပါတယ်။ ဆန်စက်တွေက FDA မရရင်လည်း ရောင်းလို့မရပါဘူး။ အခုရောင်းတဲ့ ဈေးကွက်မှာ တစ်ဝက်ကို ပေါ်ဆန်းရောင်းရတယ်။ တစ်ဝက်က ဧည့်မထရောင်းရတယ်။ ပေါ်ဆန်းကို City Mart တို့၊ ကုန်စုံဆိုင်တို့၊ ဆူပါမားကက်တွေမှာ ပိုရောင်းကြတယ်။ ဧည့်မထကိုတော့ ဆန်လက်လီလက်ကားရောင်းတဲ့ ဆန်ဆိုင်အသေးလေးတွေမှာ ပိုရောင်းရတယ်။

**Voice ： ဈေးကွက်ထဲမှာ ရိုးရိုးဆန်နဲ့ အားဖြည့်ဆန်ရဲ့ ဈေးနှုန်းကရော ဘယ်လောက်ကွာခြားမှုရှိသလဲရှင်။**

**Dr.MMA ：** ဈေးနှုန်းက ကျွန်တော်တို့ သတ်မှတ်တာ မဟုတ်ဘူး။ ဆန်စက်တွေက ဈေးနှုန်းသတ်မှတ်တာပါ။ ဈေးကတော့ ရိုးရိုးဆန်နဲ့ အားဖြည့်ဆန်ကို ဈေးနှုန်းယှဉ်ကြည့်မယ်ဆိုရင် အားဖြည့်ဆန်က လက်လီဈေးကွက်မှာ ၁၀ ရာခိုင်နှုန်းကနေ ၁၃ ရာခိုင်နှုန်းအထိ ဈေးပိုနေတယ်။ ဧည့်မထ ပုံမှန်ဆန်ကို ၁၁၀၀၊ ၁၂၀၀ လောက်ရှိမယ်ဆိုရင် အားဖြည့်ဆန်က ၁၃၀၀၊ ၁၄၀၀ လောက်တော့ရှိတယ်။ အာဟာရဖြည့်တဲ့ဆန်ဖြစ်တဲ့အတွက် စတင်ထုတ်ပြီး တစ်နှစ်အတွင်းမှာ ရက်လွန်ဒိတ်တွေ ထားပေးထားပါတယ်။ တစ်နှစ်အတွင်းမှာ စားဖို့ရည်ရွယ်လို့ပါ။ အခုလောလောဆယ်ဆိုတော့ တစ်ပြည်ထုပ်လေးတွေနဲ့ ရောင်းတယ်။ နောက်ပိုင်းမှာ ဈေးကွက်ပိုအားကောင်းလာရင် တစ်ပိုင်းထုပ်၊ ခြောက်ပြည်ထုပ်၊ ၁၂ ပြည်ထုပ်တွေနဲ့လည်း ရောင်းသွားဖို့ရှိပါတယ်။

> ❝ ပုံမှန်စားနေတဲ့ဆန်တွေမှာ အာဟာရဓာတ်ပါဝင်မှုက တော်တော်လေး နည်းသွားပါတယ်။ အားဖြည့်ဆန်က ဆန်ဖွပ်လိုက်လို့ ဆုံးရှုံးသွားတဲ့ ဗီတာမင်ဓာတ်တွေ ပြန်ပြီးတော့ ဆန်ထဲမှာပါလာအောင် ဆန်မှုန့်နဲ့ ဗီတာမင်အမှုန့်ကိုရောပြီး စက်ထဲကနေထုတ်ထားတဲ့ဆန်စေ့လေးတွေ ဖြစ်ပါတယ်။ ဒါကြောင့် သေချာပေါက်ပြောနိုင်တာကတော့ သဘာဝဆန်ထက်ရော၊ လုံးတီးဆန်၊ ဆန်လုံးညို၊ ပေါင်းဆန်တို့မှာပါတဲ့ ဗီတာမင်သတ္တုဓာတ်ပမာဏထက် အားဖြည့်ဆန်မှာက ဗီတာမင်သတ္တုဓာတ်ပမာဏတွေ ပိုပြီးများများပါတယ်။ ❞

**Voice ： သဘာဝဆန်နဲ့ အားဖြည့်ဆန်ရဲ့ အားသာချက်၊ အားနည်းချက်တွေကို ပြောပြပေးပါရှင်။**

**Dr.MMA ：** သဘာဝဆန်နဲ့ပတ်သက်ပြီး ကျွန်တော်ကတော့ သိပ်မကျွမ်းဘူး။ သိထားသလောက် ပြောရမယ်ဆိုရင် သဘာဝဆန်က သဘာဝအတိုင်း စိုက်ပျိုးထားတော့ ကောင်းတယ်။ ဓာတ်မြေဩဇာမသုံးတဲ့အပြင် ပိုးသတ်ဆေးပမာဏ နည်းတယ်။ ကျန်းမာရေးအတွက် ကောင်းတယ်လို့ ပြောရမယ်။ ဆန်တွေမှာ ပြဿနာဖြစ်တာက ကြိတ်ခွဲတဲ့အချိန်မှာပါ။ မြန်မာလူမျိုးတွေက ဆန်တွေကိုဖြူတာမှကြိုက်တော့ ဆန်စက်တွေက လိုတာထက်ပိုပြီး ဖွပ်လိုက်တယ်။ ဆန်က ဖြူထွက်ပြီးတော့ ဆန်ရဲ့အပေါ်ယံမှာရှိတဲ့ ဗီတာမင်ဓာတ်တွေ ဆုံးရှုံးသွားတယ်။ ဗီတာမင်တွေ လျော့နည်းသွားရင် ကလေးတွေမှာ ထုံနာစို၊ ထုံနာခြောက် ရောဂါတွေ ဖြစ်လာမယ်။ အကြောတွေပျော့လာတယ်။ ဆန်အရမ်းဖြူတာစားပြီး ဗီတာမင်သတ္တုဓာတ်တွေ ချို့တဲ့လာတော့ လူတွေမှာ ထုံတာကျဉ်တာတို့၊ တစ်ရက်လုံးမလှုပ်ချင် မကိုင်ချင်ဖြစ်နေတာတို့ ဖြစ်တတ်ပါတယ်။ ပုံမှန်စားနေတဲ့ဆန်တွေမှာ အာဟာရဓာတ်ပါဝင်မှုက တော်တော်လေး နည်းသွားပါတယ်။ အားဖြည့်ဆန်က ဆန်ဖွပ်လိုက်လို့ ဆုံးရှုံးသွားတဲ့ ဗီတာမင်ဓာတ်တွေ ပြန်ပြီးတော့ ဆန်ထဲမှာပါလာအောင် ဆန်မှုန့်နဲ့ ဗီတာမင်အမှုန့်ကိုရောပြီး စက်ထဲကနေထုတ်ထားတဲ့ ဆန်စေ့လေးတွေ ဖြစ်ပါတယ်။ ဒါကြောင့် သေချာပေါက်ပြောနိုင်တာကတော့ သဘာဝဆန်ထက်ရော၊ လုံးတီးဆန်၊ ဆန်လုံးညို၊ ပေါင်းဆန်တို့မှာပါတဲ့ ဗီတာမင်သတ္တုဓာတ်ပမာဏထက် အားဖြည့်ဆန်မှာက ဗီတာမင်သတ္တုဓာတ်ပမာဏတွေ ပိုပြီးများများပါတယ်။

**Voice ： လူမှုအဖွဲ့အစည်းတွေနဲ့တွဲပြီး အားဖြည့်ဆန်တွေ ဖြန့်နေတာမျိုး ရှိပါသလားရှင်။**

**Dr.MMA ：** PATH အဖွဲ့ စလုပ်တည်းက ယုံယုံကြည်ကြည်နဲ့ ပံ့ပိုးလာတာ ဒေါက်တာနန္ဒဝင်းပဲဖြစ်ပါတယ်။ သူက အင်္ဂပူမှာရှိတဲ့ ကလေးတွေကို ပထမနှစ်

**စာမျက်နှာ 21 သို့**




# Pizza Hut

Pizza Hut သည် ၁၉၅၈ ခုနှစ် ၌ Wichita မြို့ ၊ Kansas ပြည်နယ်၊ United States တွင် စတင်ခဲ့ပြီးယခုဆိုလျှင်ကမ္ဘာကအသိအမှတ်ပြုရသည့် ကုန်အမှတ်တံဆိပ်အဖြစ်ရပ်တည်နေပြီ ဖြစ်ပါသည်။ Pizza Hut ၏ ကောင်းမွန်သော အချိန်ကိုကောင်းမွန်သော အစားအသောက် ဖြင့် ဖန်တီးမည် ဟူသောဆောင်ပုဒ်ကို ရေရှည်တည်တံ့စွာပုံဖော်လာခြင်း သည် Pizza Hut ကိုယခုကဲ့သို့ နိုင်ငံပေါင်း ၉၀ တွင် ဆိုင်ခွဲပေါင်း ၁၆,၀၀၀ ခန့် နှင့် သန်းပေါင်းများစွာသောစားသုံးသူ ပရိသတ်များစွာ ပိုင်ဆိုင်သော ကမ္ဘာ့နံပါတ် (၁) Pizza Chain အဖြစ်ရပ်တည်နိုင်ရန် များစွာအထောက်အပံ့ ပေးခဲ့ပါသည်။

ပီဇာအမျိုးအစားသစ်များကို အမှန်တီထွင်ဆန်းသစ်သူအနေဖြင့် Pizza Hut သည် Signature Pan Pizza ကို ပထမဆုံးစားသုံးသူများထံသို့ တီထွင် ပို့ဆောင်ပေးနိုင်ခဲ့ပြီး ဖြစ်သည့် အပြင် online မှ တစ်ဆင့် ဝယ်ယူနိုင်သည့် ဝန်ဆောင်မှုကို ပထမဆုံး လုပ်ဆောင်နိုင်ခဲ့ပါသည်။ Pizza Hut စားသောက်ဆိုင်အရေအတွက်သည် ကမ္ဘာအနှံ့ရှိအနီးစပ်ဆုံး ပြိုင်ဘက် များထက် ၃၀ ရာခိုင်နှုန်းပိုများပါသည်။ ထို Pizza Hut ဆိုင်ခွဲပေါင်း များစွာကလည်း Pizza Hut ၏ အရှိန်အဝါ ကြီးမားသောအနီရောင်အမိုးသင်္ကေတရှိ အမှတ်တံဆိပ် ကိုအခြေပြုကာ ကမ္ဘာတစ်ဝန်းတွင် ဆိုင်ခွဲများစွာ ဆက်လက်ဖွင့်လှစ်လျက်ရှိပါသည်။

နှစ်ပေါင်း (၅၉)နှစ်အကြာမှာတော့ Pizza Hut ဟာ မြန်မာနိုင်ငံကို ရောက်ရှိလာပြီး ပထမဦးဆုံးဆိုင်ခွဲကို ရန်ကုန်မြို့တော် မဲ့ဇေတီလမ်းပေါ်ရှိ City Mart Marketplace မှာ နိုဝင်ဘာ (၂၄) ရက်၊ ၂၀၁၅ ခုနှစ်မှာ စတင်ဖွင့်လှစ်ခဲ့ပါတယ်၊ထို့နောက်မှာတော့ ပြည်လမ်း (၆) မိုင်ခွဲ၊ဂမုန်းပွင့်ရှော့ပင်းစင်တာ စံရိပ်ငြိမ် ၊ဂျန်းရှင်းစီးတီးနှင့် Citymall St. John တို့မှာအသီးသီးဖွင့်လှစ်ခဲ့ရာအခုဆို ၂နှစ် အတွင်းဆိုင်ခွဲပေါင်း(၅)ဆိုင်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပါတယ်။

အခုလက်ရှိ Pizza Hut Myanmar က အသစ်ထပ်မံမိတ်ဆက်လိုက်တဲ့ Promotion လေးကတော့ Lunch & Dinner လို့ခေါ်ပါတယ်၊ Pizza Hut ချစ်သူတွေဟာနေ့လယ်စာနဲ့ ညစာတွေကို အရမ်းတန်လွန်းလှတဲ့ဈေးနှုန်းတွေနဲ့ မြိန်မြိန်ရှက်ရှက်ကြီးတွေစားလို့ ရတော့မှာပါ။ မြန်မာကျပ်ငွေ (၃၅၀၀) ကျပ်တည်းနဲ့ Spaghetti Americana ကို Pepsi နဲ့စားစား၊ ပီဇာစားချင်တယ်ဆိုရင်တော့ Hawaiian Paradise ပီဇာ (ဒါမှမဟုတ်) Pepperoni & Cheese ပီဇာထဲက နှစ်သက်ရာ Personal Pan Pizza တစ်မျိုးကို Pepsi အချိုရည်နဲ့ ရွေးချယ်စားသောက်နိုင်မှာပါ။ ဒါ့အပြင် Supreme ချစ်သူတွေအတွက် မြန်မာကျပ်ငွေ (၄၉၀၀) တည်းနဲ့ Veggie Supreme, Chicken Supreme, Cheesy Lover, Super Supreme အစရှိတဲ့ Pizza Flavor တွေထဲကကြိုက် နှစ်သက်ရာတစ်မျိုးကိုလည်း Pepsi အချိုရည်နဲ့အတူမှာယူစားသောက်နိုင်ဦးမှာပါ။ Spaghetti စားချင်တယ် ဆိုရင်တော့ Chicken Aglio Olio နဲ့ Pepsi တစ်ခွက် ပေါ့နော်။ Pizza Hut ဆိုင်တိုင်းမှာ "Lunch & Dinner" Promotion လေးကို မှာယူသုံးဆောင်နိုင်ပါပြီ။

Pizza Hut ရဲ့ အစားအသောက်တွေကိုကြိုက်နှစ်သက်လို့ကိုယ်ရဲ့မွေးနေ့ပါတီ၊ အလှူမင်္ဂလာ၊ Staff Party တွေအတွက်မှာယူချင်တယ် ဆိုရင်တော့ ဖုန်းနံပါတ် 09 431 43438/09781017259 တို့ကိုဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါတယ်။



# ဘယ်ဆိုင်တွေမှာ ဘာတွေရ

## နေ့လယ်စာ ကောင်းကောင်းစားနိုင်မယ့် 96 Café

စင်ကာပူနဲ့ မလေးရှားနိုင်ငံက စတိုင်လ်အတိုင်း ချက်ပြုတ်ထားတဲ့ နေ့လယ်စာကောင်းကောင်းတွေ မှာယူနိုင်မယ့် ဆိုင်တစ်ဆိုင်ကို လမ်းညွှန်ပေးချင်ပါတယ်။

အဲဒီဆိုင်ကတော့ ရန်ကင်းမြို့နယ် ရွှေအုန်းပင်အိမ်ရာမှာရှိတဲ့ 96 Café ပါ။ ဒီဆိုင်မှာတော့ နေ့လယ်အတွက် မလေးရှားစတိုင်လ် အုန်းနို့နဲ့ချက်ထားတဲ့ ဟင်းအနှစ်ကို ကြက်ကြော်၊ ထမင်းတို့နဲ့ တွဲဖက်စားသုံးနိုင်မယ့် Nasi Lemak ဟင်းလျာ၊ ကြက်ပေါင်းကြက်ဆီထမင်း၊ မလေးရှားဆော့စ်နဲ့ဆမ်းထားတဲ့ ကြက်ကြော်နဲ့ တွဲဖက်စားသောက်ရမယ့် ထမင်းကြော်။ ဒါတွေကတော့ 96 Café ရဲ့ နာမည်ကြီးဟင်းလျာတွေဖြစ်ပါတယ်။ ဈေးနှုန်းကလည်း ကျပ် သုံးထောင်ကျော်ကနေ လေးထောင်ကျော်ပဲ ရှိပါတယ်။ ဒါတွေအပြင် အခြား စင်ကာပူနဲ့ မလေးရှားစတိုင်လ်ဟင်းလျာတွေ အများကြီးရရှိနိုင်ပါတယ်။

နေ့လယ်စာပြီးလို့ အချိုပွဲနဲ့ အဆာပြေတွေအတွက်လည်း ဒီဆိုင်လေးမှာ နိုင်ငံခြားကမှာယူထားတဲ့ ကော်ဖီစေ့နဲ့ဖျော်ထားတဲ့ ကော်ဖီမျိုးစုံအပြင် ကျပ်တစ်ထောင်အောက်သာကျသင့်မယ့် အသီးရေခဲမုန့် (Ice-cream) တွေ၊ သံပရာသီးလေးညှစ်ပြီးစားရမယ့် သရက်သီးကျောက်ကျော (Mango Cincau)၊ သူကတော့ ကျပ်နှစ်ထောင်ကျော်သာ ကျသင့်မှာဖြစ်ပါတယ်။ နေ့လယ်စားပြီးလို့ အအီပြေစေမယ့် အခြားသောက်စရာ (Drink) တွေလည်း အများကြီးရှိပါတယ်။

ဒီဆိုင်လေးက အစားအသောက်တွေလည်း ကောင်းတဲ့အပြင် ပြင်ဆင်ထားတဲ့ အပြင်အဆင်လေးတွေကလည်း သန့်ရှင်းသပ်ရပ်တဲ့အပြင် ဆိုင်ကနှစ်ထပ်ဖြစ်တဲ့အတွက် သူငယ်ချင်းတွေဖြစ်ဖြစ်၊ မိသားစုလိုက်လိုက်ဖြစ်ဖြစ် အေးအေးဆေးဆေးစကားပြောပြီး အရသာရှိတဲ့ အစားသောက်တွေကို စားသောက်နိုင်ပါတယ်။ ■




## အနောက်တိုင်းအစားအစာ ကြိုက်နှစ်သက်သူတွေအတွက် Pizza Hut

မြန်မာနိုင်ငံရဲ့ စီးပွားရေး ပွင့်လင်းလာပြီး နောက်ပိုင်း နိုင်ငံတကာက ကုမ္ပဏီတွေရော၊ နာမည်ကြီးအမှတ်တံဆိပ် စားသောက်ဆိုင်ကြီးတွေပါ ပြည်တွင်းဈေးကွက်ကို ဝင်ရောက်လာပါတယ်။

ဒီလိုဝင်ရောက်လာတဲ့ နိုင်ငံတကာအမှတ်တံဆိပ် စားသောက်ဆိုင်ကြီးတွေထဲကမှ အနောက်တိုင်းအစားအစာ ကြိုက်နှစ်သက်သူတွေအတွက် အမေရိကအခြေစိုက် Pizza Hut ဆိုင်ကို လမ်းညွှန်ပေးချင်ပါတယ်။

Pizza Hut ဆိုင်မှာတော့ မြန်မာကျပ်ငွေ ၃၅၀၀ ကျပ်နဲ့ Spaghetti Americana ကို Pepsi နဲ့ စားသုံးနိုင်မှာဖြစ်ပြီး ပီဇာစားချင်တယ်ဆိုရင်တော့ Hawaiian Paradise ပီဇာ (ဒါမှမဟုတ်) Pepperoni & Cheese ပီဇာထဲကမှ နှစ်သက်ရာ Personal Pan Pizza တစ်မျိုးကို Pepsi အချိုရည်နဲ့ ရွေးချယ်စားသောက်နိုင်မှာ ဖြစ်ပါတယ်။

ဒါ့အပြင် Supreme ချစ်သူတွေအတွက် မြန်မာကျပ်ငွေ ၄၉၀၀ နဲ့ Veggie Supreme၊ Chicken Supreme၊ Cheesy Lover၊ Super Surpreme




အစရှိတဲ့ Pizza Flavor တွေထဲက ကြိုက်နှစ်သက်ရာတစ်မျိုးကိုလည်း Pepsi အချိုရည်နဲ့အတူ မှာယူစားသောက်နိုင်မှာဖြစ်ပါတယ်။ Spaghetti ကြိုက်သူတွေအတွက် Chicken Agli Olio နဲ့ Pepesi နဲ့ စားသောက်နိုင်မှာ ဖြစ်ပါတယ်။

Pizza Hut ဆိုင်တွေက ရန်ကုန်မြို့တော် ဓမ္မစေတီလမ်းပေါ်ရှိ City Mart Marketplace၊ ပြည်လမ်း (၆)မိုင်ခွဲ၊ ဂမုန်းပွင့် ရှော့ပင်းစင်တာ စံရိပ်ငြိမ်၊ Junction City နဲ့ Citymall St.John တို့မှာ ဖွင့်လှစ်ထားပါတယ်။ အခုဆိုရင် Pizza Hut က ရန်ကုန်မြို့မှာ ဆိုင်ခွဲငါးဆိုင်အထိ ဖွင့်လှစ်ထားပြီးဖြစ်သလို မန္တလေးမြို့မှာလည်း ဆိုင်ခွဲတစ်ခု ထပ်မံဖွင့်လှစ်ဖို့ ပြင်ဆင်နေပါတယ်။

လက်ရှိမှာတော့ Pizza Hut Myanmar မြန်မာက Promotion အစီအစဉ်အသစ်တစ်ခု မိတ်ဆက်ထားပါတယ်။ ဒါကတော့ Lunch & Dinner ပဲဖြစ်ပါတယ်။ ဒီအစီအစဉ်ကို Pizza Hut ဆိုင်တိုင်းမှာ နေ့လယ် ၁၂ နာရီမှ မွန်းလွဲ ၂ နာရီအတွင်းနဲ့ ညနေ ၅ နာရီကနေ ည ၁၀ နာရီအထိ မှာယူစားသောက်နိုင်မှာ ဖြစ်ပါတယ်။

Pizza Hut ရဲ့ အစားအသောက်ကို ကြိုက်နှစ်သက်လို့ မွေးနေ့ပါတီ၊ အလှူမင်္ဂလာ၊ Staff Party တွေ အော်ဒါမှာယူချင်ရင်တော့ ဖုန်းနံပါတ် ၀၉ ၄၃၁ ၄၃၄၃၈၊ ၀၉ ၇၈၁၀ ၁၇၂၅၉ တို့ကို ဆက်သွယ်နိုင်ပါတယ်။ ■



## ရှမ်းရိုးရာဆိုင်မှာ ဘာအစီအစဉ်တွေရှိလဲ

ရန်ကုန်မြို့ရဲ့ နာမည်ကြီးစားသောက်ဆိုင်တစ်ခုဖြစ်တဲ့ ရှမ်းရိုးရာဆိုင်မှာ နံနက်စာ Buffet နဲ့ High Tea အစီအစဉ် ရှိနေပါတယ်။

ရှမ်းရိုးရာရဲ့ ဝါးတန်းလမ်းဆိုင်မှာတော့ နံနက်စာဘူဖေးကို တစ်ယောက် ကျပ်ငါးထောင်နဲ့ နံနက် ၆ နာရီကနေ ၁၀ နာရီအထိ လာရောက်စားသောက်နိုင်မှာပါ။ အစားအစာတွေကတော့ Juice၊ Snack၊ ရှမ်းခေါက်ဆွဲ၊ တို့ဟူးနွေး၊ မြီးရှည်နဲ့ အခြားစားစရာတွေ ရရှိနိုင်မှာဖြစ်ပြီး အစားအသောက်တွေကို နေ့စဉ်အပြောင်းအလဲ လုပ်ပေးထားပါတယ်။

Sule Square က ရှမ်းရိုးရာဆိုင်မှာတော့ တစ်ယောက်ကို ကျပ် ၃၅၀၀ သာ ကျသင့်မယ့် High Tea အစီအစဉ်ကို ညနေ ၃ နာရီကနေ ၅ နာရီအထိ စားသောက်နိုင်မှာဖြစ်ပြီး မြီးရှည်ထောင်း၊ သင်္ဘောသီးထောင်းတွေနဲ့ နေ့လယ်ဘက် အစားအစာတွေကို ရရှိနိုင်မှာဖြစ်ပါတယ်။

မိုးရာသီဖြစ်နေတာကြောင့် ရာသီဥတုအခြေအနေမကောင်းလို့ အပြင်မထွက်ချင်သူတွေ၊ ရုံးအလုပ်တွေ ရှုပ်နေတဲ့သူတွေ၊ အစည်းအဝေးတွေမှာ ညှိခံဖို့လိုအပ်သူတွေနဲ့ ဆိုင်ကိုအကြောင်းအမျိုးမျိုးကြောင့် မလာနိုင်သူတွေအတွက် ဖုန်းတစ်ချက်ဆက်လိုက်ရုံနဲ့ ရှမ်းရိုးရာက အိမ်တိုင်ရာရောက်ပို့ပေးတဲ့ စနစ် (Delivers Service) ဝန်ဆောင်မှုလည်း ရှိနေပါတယ်။

ဒီဆိုင်ရဲ့ဖုန်းနံပါတ်တွေကတော့ ၀၉ ၂၅၀ ၅၆၆၆ ၉၅၊ ၀၉ ၂၅၈ ၇၇၇ ၀၇၀ ဖြစ်ပါတယ်။

# ဘယ်ဆိုင်တွေမှာ ဘာတွေရ

## ဆိတ်သားကီးမားပလာတာနဲ့ နို့ပေါင်းရတဲ့ Food Fare

နံနက်စာအတွက်ပဲဖြစ်ဖြစ်၊ နေ့လယ်ပိုင်း အဆာပြေစားချင်တာပဲဖြစ်ဖြစ် ဆိတ်သားကီးမားပလာတာကောင်းကောင်းနဲ့ အခြားဆိုင်တွေမှာ မရတဲ့ နို့ပေါင်းလက်ဖက်ရည်သောက်ချင်ရင်တော့ တာမွေမြို့နယ် ကျိုက္ကဆံလမ်းပေါ်ရှိတဲ့ Food Fare မှာ ရရှိနိုင်ပါတယ်။

ဒီအစားအသောက်နှစ်မျိုးကတော့ Food Fare ဆိုင်ကို လာရောက်စားသောက်တဲ့ စားသုံးသူတိုင်းက ကြိုက်နှစ်သက်ကြတဲ့ အစားအသောက်တွေဖြစ်ပါတယ်။ Food Fare ဆိုင်မှာတော့ မလေးရှား၊ ထိုင်း၊ တရုတ်၊ ဥရောပ၊ အိန္ဒိယ အစာအစားတွေအပြင် ပြည်တွင်းအစားအစာတွေလည်း ရရှိပါသေးတယ်။

ဆိုင်အပြင်အဆင်ကိုလည်း စားပွဲတစ်ဝိုင်းကို လွတ်လွတ်လပ်လပ်ဖြစ်အောင် ခင်းကျင်းထားပြီး အစားအသောက်ချက်ပြုတ်ရာမှာလည်း ကျန်းမာရေးအတွက် သန့်ရှင်းလတ်ဆတ်မှုကို အဓိကထားတဲ့ ဆိုင်တစ်ဆိုင်လည်းဖြစ်ပါတယ်။

Food Fare ဆိုင်မှာ အပတ်စဉ် အင်္ဂါနေ့တိုင်း နံနက်စာဘူဖေးကို နံနက် ၆ နာရီမှ ၁၀ နာရီခွဲအထိ ကြိုက်နှစ်သက်ရာ အစားအသောက်ကို စားသုံးနိုင်မှာဖြစ်ပြီး ဈေးနှုန်း ကျပ် ၃၅၀၀ မှစတင်ကာ သတ်မှတ်ထားတဲ့နှုန်းထားများ ကျသင့်မှာဖြစ်ပါတယ်။ ■






## ကဏန်းချဉ်စပ်ချက်နဲ့ မန်ထိုဟင်းလျာတွေမှာ နာမည်ကြီးတဲ့ Kaung Kaung

မိုးရာသီဖြစ်တဲ့အတွက် ကဏန်းကို ချဉ်ချဉ်စပ်စပ်လေးမှ စားချင်တယ်ဆိုတဲ့ ပရိသတ်တွေကို ကဏန်းချဉ်စပ်ချက်အပါအဝင် မန်ထိုဟင်းလျာတွေမှာလည်း နာမည်ကြီးတဲ့ Kaung Kaung ဆိုင်လေးကို ညွှန်းပေးလိုက်ပါတယ်နော်။ လူကြိုက်များ နှစ်သက်ပြီးသားဖြစ်တဲ့ ဓမ္မစေတီလမ်း Kaung Kaung ဆိုင်က ဆိုင်ခွဲတစ်ခုဖြစ်တဲ့ Myanmar Plaza Kaung Kaung မာလာရှမ်းကောဆိုင်မှာ ကဏန်းချက်နဲ့ မန်ထိုဟင်းလျာတွေကို ဒီလထဲမှာ ဖြည့်သွင်းရောင်းချသွားမှာ ဖြစ်ပါတယ်။ နောက်ဆိုင်ခွဲတစ်ခုဖြစ်တဲ့ Junction City Kaung Kaung မာလာရှမ်းကောဆိုင်မှာလည်း စက်တင်ဘာလမှာ ကဏန်းချဉ်စပ်ချက်နဲ့ မန်ထိုဟင်းလျာတွေကို ထပ်မံဖြည့်သွင်း ရောင်းချသွားမှာပါ။ ရတနာလမ်းမှာရှိတဲ့ Kaung Kaung ယူနန်ထမင်းဆိုင်မှာလည်း ဒီဟင်းလျာနှစ်မျိုးအပြင်ကို ဟင်းပွဲပေါင်း ၁၀၀ ကျော်ကိုလည်း လာရောက်စားသောက်နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါတယ်။ ■

## ညစာ Sea Food ကောင်းကောင်း စားချင်သူတွေအတွက် Yin Fong

ပင်လယ်စာကို အရသာရှိရှိ ကောင်းကောင်းစားချင်သူတွေအတွက် ပင်လယ်စာကိုပဲ အထူးချက်ပြုတ်ရောင်းချတဲ့ ဆိုင် တစ်ဆိုင်ကို လမ်းညွှန်ပေးချင်ပါတယ်။ အဲဒီဆိုင်ကတော့ အမှတ် ၁၇၁၊ အထက်ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့မှာရှိတဲ့ Yin Fong ဆိုင်ပဲဖြစ်ပါတယ်။

Yin Fong ဆိုင်မှာတော့ အခုမှ ဖွင့်တဲ့ ဆိုင်အသစ်တစ်ဆိုင် မဟုတ်ပါဘူး။ မြန်မာနိုင်ငံမှာ ရပ်တည်လာတာဟာ ၁၈ နှစ်နီးပါး ရှိနေပါပြီ။ လတ်လတ်ဆတ်ဆတ် ပင်လယ်စာများကို ထိုင်ဝမ်နည်းပညာနဲ့ ချက်ပြုတ်တာဖြစ်ပြီး ပင်လယ်စာတွေ အပြင် တရုတ်အစားအစာ ဟင်းအမျိုးပေါင်း ၂၀၀ ကျော် ရရှိနိုင် ပါတယ်။

ဆိုင်ရဲ့အပြင်အဆင်တွေကတော့ လာရောက်စားသောက်သူတွေအတွက် လွတ်လွတ်လပ်လပ် စားသောက်နိုင်အောင် လူ ၃၀၀ ဆံ့ Hall ခန်းထဲမှာ စားပွဲဝိုင်းတွေ ကို ပြင်ဆင်ထားပါတယ်။ သူငယ်ချင်းလေးယောက်၊ ငါးယောက်အထိ စားသောက်နိုင်မယ့် သီးသန့်ဆန်ဆန် စားပွဲခုံလေးတွေနဲ့ မိသားစုဝင်များတဲ့ မိသားစုတွေအတွက် လူရှစ်ယောက်ကနေ ၁၀ ယောက်အထိ စားသောက်နိုင်မယ့် စားပွဲဝိုင်းတွေလည်း ရှိပါသေးတယ်။

မိမိလုပ်ဖော်ကိုင်ဖက် လုပ်ငန်း ရှင်အချင်းချင်း ဧည့်ခံကျွေးမွေးတာဖြစ် ဖြစ်၊ သူငယ်ချင်းတွေ၊ မိသားစုတွေ သီးသန့်စားသောက်ချင်တာဖြစ်ဖြစ် VIP အခန်း ကလည်း ခုနစ်ခန်းအထိရှိပါတယ်။ မင်္ဂလာဧည့်ခံပွဲတွေကိုလည်း လက်ခံကျင်းပပေးပါသေးတယ်။

ပွင့်လင်းရာသီရောက်ရင်တော့ နံနက်စာကိုပါ ရရှိတော့မှာပါ။ ပင်လယ်စာ စားသုံးချင်သူတွေ အတွက်တော့ နေ့လယ်စာနဲ့ ညစာအပြင် နံနက်စာကိုပါ စုံစုံလင်လင် စားသောက်နိုင်မှာဖြစ်ပါတယ်။ ■





## နိုင်ငံခြားသားတွေ ကြိုက်တဲ့ ပဒုမ္မာ

၂၀၀၁ ခုနှစ်တည်းကနေ စတင်ဖွင့်လှစ်လာတဲ့ ပဒုမ္မာဆိုင်ကတော့ ရိုးရာအစားအစာတွေကို အရသာမပျက်ဘဲ ချက်ပြုတ်တဲ့စတိုင်လ်က ပြောင်းလဲထားတာကြောင့် နိုင်ငံခြားသားတွေ အထူးကြိုက်နှစ်သက်တဲ့ဆိုင်လေးဖြစ်ပါတယ်။

မြန်မာ့ရိုးရာ အစားအစာတွေဖြစ်တဲ့အတွက် ဟင်းပွဲတိုင်းမှာ ဆီပါပေမယ့် နိုင်ငံခြားသား စားသုံးသူတွေအကြိုက်ဖြစ်အောင် ဆီတွေလျှော့ထည့်ထားတယ်။ အချိုမှုန့်ကိုတော့ လုံးဝ လုံးဝမသုံးပါဘူး။ နိုင်ငံခြားသားတွေကို နောက်ထပ်ဆွဲဆောင်နေတဲ့ အရာတစ်ခုလည်းရှိပါတယ်။ အဲဒါကတော့ ဆိုင်ရဲ့အပြင်အဆင်ကို မြန်မာ့ရိုးရာထင်ဟပ်အောင် နံရံပန်းချီတွေအပြည့်နဲ့ ပုံဖော်ထားတာပါ။

ပဒုမ္မာဆိုင်မှာတော့ မြန်မာ့ရိုးရာ အစားအစာအပြင် ထိုင်းအစားအစာတွေလည်း ရရှိနိုင်ပါတယ်။ ဩဂုတ်လ ၂၆ ရက်နေ့မှာတော့ ပဒုမ္မာဆိုင်မှာ မြန်မာ့ရိုးရာ အစားအသောက်ပွဲတော် ကျင်းပမှာဖြစ်တဲ့အတွက် တစ်နေရာတည်းမှာပဲ ရိုးရာအစားအစာအကုန်လုံးကို စားနိုင်ပြီနော်။

ခရီးသွားများတဲ့ရာသီမှာဆိုရင် ပဒုမ္မာဆိုင်ကို လာရောက်အားပေးကြတဲ့လူပေါင်းက တစ်နေ့ကို ၈၀၀ ကနေ ၁၀၀၀ ကြား ရှိတယ်လို့ ဆိုပါတယ်။ ဆိုင်ရဲ့ အစားအသောက်အရည်အသွေး မကျသွားအောင် ဆိုင်ပိုင်ရှင်ကိုယ်တိုင်ကနေ ဟင်းလျာတွေကိုမြည်းပြီး အရသာအကောင်းဆုံးဖြစ်အောင် စီစဉ်ထားတာဖြစ်လို့ ရိုးရာအစားအစာကြိုက်တဲ့သူတွေအနေနဲ့ လက်လွတ်မခံသင့်တဲ့ ဆိုင်ကောင်းလေးတစ်ခု ဖြစ်ပါ တယ်။ ■



# မုန်ညင်းဖူး ဆန်လှော်

ဒီတစ်ပတ်တော့ ဟင်းသီးဟင်းရွက်တွေကို ကြော်စားလေ့ရှိသူတွေအတွက် မုန်ညင်းဖူး ဆန်လှော် ချက်နည်းကို ပြောပြချင်တယ်။

အရင်ဆုံး မုန်ညင်းဖူးတွေကို အညစ်အကြေးသန့်စင်ပြီး သင်ထားပေးပါ။ ပြီးရင်တော့ အိုးထဲမှာ ဆီအနည်းငယ်ထည့်၊ ဆီပူလာရင်တော့ ငရုတ်သီး အခြောက်တောင့်တွေကို ကွပ်နေအောင်ကြော်ပြီး ပန်းကန်တစ်ချပ်နဲ့ ဆယ်ထားပေးပါ။ ကြက်သွန်နီကို ခေါးနဲ့ပါးပါးလှီးပြီး နနွင်းမှုန့်ထည့်ကာ ဆီသတ်ပေးပါ။ ဆီပူလာရင် ခုနသင်ထားတဲ့ မုန်ညင်းဖူးတွေကို ထည့် ကြော်ပေးပါ။ မုန်ညင်းရိုးတွေနူးအောင် ရေအနည်းငယ် ထည့်ပြီး ကြော်ပေးပါ။ ပြီးရင် အရသာအတွက် ဆား၊ ဝေ့ချွမ်ဟင်းရွက်ဟင်းချိုမှုန့်၊ ပဲငံပြာရည်အကြည်နဲ့ ခရုဆီတို့ကို ထပ်ထည့်ပေးပါ။ ဆန်လှော်မှုန့်(မွှေး) ကို ရေနဲ့ပျစ်ပျစ်လေးဖျော်ထားပါ။ အရွက်တွေနွမ်းလာ ရင်တော့ ခုနဖျော်ထားတဲ့ ဆန်လှော်မှုန့်တွေကို ထပ် ထည့်ချက်ပေးပါ။ ဆန်လှော်မှုန့်တွေကို ကြေသွားတဲ့ အထိ ချက်ပေးဖို့လိုပါတယ်။ ဆန်လှော်မှုန့်အနံ့ မွှေးလာပြီဆိုရင်တော့ခုနကွပ်နေအောင်ကြော်ထားတဲ့ငရုတ်သီးအခြောက်တောင့်တွေကို အပေါ်ကနေ အုပ်ပေး လိုက်တာနဲ ကိုယ်တိုင်ချက်ထားတဲ့ မုန်ညင်းဖူး ဆန် လှော်ဟင်းကို စားနိုင်ပါပြီ။

**ပါဝင်ပစ္စည်း**

မုန်ညင်ဖူး၊ ဆန်လှော်မှုန့်(မွှေး)၊ ဆီ၊ ဆား၊ ဝေ့ချွမ်ဟင်းရွက်ဟင်းချိုမှုန့်၊ နနွင်းမှုန့်၊ ပဲငံပြာအကြည်၊ ခရုဆီ၊ ငရုတ်သီးအခြောက်တောင့်နဲ့ ကြက်သွန်နီတို့ ပါဝင်ပါတယ်။

**စာ - 17 "မြန်မာနိုင်ငံမှာ ကလေးသူငယ်တွေ ပုညက်နေတဲ့ပြဿနာရှိတယ်" မှ အဆက်**

မှာ ကျောင်းသားပေါင်း ၁၉၆ ယောက် ကျွေးခဲ့ပါတယ်။ အခုနှစ် ၂၀၀ လောက် ထပ်လာပါတယ်။ အဲဒီတော့ ကျောင်းသားလေးရာလောက်ကို ဆရာကနေ ကျောင်း တက်စဉ်ကာလတည်းက ကျွေးပါတယ်။ နောက်တစ်ခုက ဝေဘာဂီဆေးရုံမှာ လူနာတွေကို ဆေးရုံအုပ်ကြီးကနေ အားဖြည့်ဆန် ချက်ကျွေးနေတာရှိပါတယ်။ ကျန်တာတစ်ခုကတော့ လူမှုဝန်ထမ်း မူကြိုကျောင်းတွေမှာ နိုင်ငံနဲ့အဝန်း မူကြိုကလေး ပေါင်း တစ်သောင်းကျော်ရှိတယ်။ သူတို့ကျောင်းတွေမှာလည်း ပုံမှန်ချက်ကျွေးနေကျ နေ့လယ်စာရှိပါတယ်။ အဲဒီနေ့လယ်စာကို ရိုးရိုးဆန်အစား အားဖြည့်ဆန်ကို စတင်မိတ်ဆက်တော့မယ်ဆိုပြီးတော့ PATH အဖွဲ့ကို အထောက်အပံ့ပေးပါတယ်။

**Voice ׃ အားဖြည့်ဆန်နဲ့ပတ်သက်ပြီး ဖြည့်စွက် ပြောချင်တာများ ရှိပါသလားရှင်။**

**Dr.MMA ׃** အဓိကကတော့ မြန်မာနိုင်ငံမှာ နောင်လာမယ့် အနာဂတ်ကလေးတွေ မပုမညက်အောင်၊ အမျိုးသမီးတွေကြားမှာလည်း သွေးအားနည်းပြဿနာ ကို ပြေလည်လာအောင် အားဖြည့်ဆန်ဆိုတာ မြန်မာနိုင်ငံမှာ ပေါ်နေပါပြီ။ အားဖြည့်ဆန်ဆိုတာ ရိုးရှင်း တယ်၊ လွယ်ကူတယ်။ ပြီးတော့ ထွေထွေထူးထူး အားဆေးဝယ်သောက်နေစရာမလိုဘဲနဲ့ ကိုယ်စားတဲ့ဆန်ထဲကနေ တစ်ခါတည်း အာဟာရ ဖြည့်ပြီးသားဖြစ်တဲ့ အတွက်ကြောင့် ဒီလိုအားဖြည့်ဆန်ကိုသာ စားမယ် ဆိုရင် ကိုယ့်ရဲ့မိသားစု ကျန်းမာဖို့အထူးသဖြင့် ကလေး တွေရှိတဲ့ မိခင်တွေဆိုရင် ကလေးတွေအတွက် အရပ် ရှည်ဖို့၊ သွေးအားကောင်းဖို့၊ ဉာဏ်ရည်ကောင်းဖို့ အတွက်ဆိုရင် အားဖြည့်ဆန်ကို သုံးစွဲသင့် တယ်။

■ **မေလှိုင်းသူ၊ အောင်သီဟ**







SHAN YOE YAR
RESTAURANT
New Branch Opened
at Sule Square


FoodFare
Fusion Kitchen
Indian Food
Malaysian Food
Thai Food
Chinese Food
Lcoal Food
Western Food
Milk Tea
Dosa
Dim Sun
Keemar Prata
Breakfast Lunch Dinner
Open Daily 6:00 AM to 10:50 pm
No.102/104,Kyaik Ka San Road(Near Worker's Hospital) Tamwe Township, Yangon, Myanmar.
Ph: 09 261326531, 09 770099638, 09 770099636


နိုင်ငံတကာ အစားအစာ ချက်ပြုတ်ခြင်းနှင့် ကိတ်မုန့် ပေါင်မုန့်ပြုလုပ်ခြင်း စိတ်ပါဝင်စားပြီး ကျွမ်းကျင်တတ်မြောက်လိုသူများအတွက်
Certificate III in International Culinary Course
Certificate III in Internationl Bakery & Pastry Course
ENROLL Now for September Intake
STAR ACADEMY
Star Resources Co., Ltd.
01- 523 200, 230 4020, 230 4021, 523 623, 09 5020 302, info@staresources.com
Welcome AYA Card!


Char Kway Teow
Chicken Rice
Steamed Chicken
Nasi Lemak
with Curry Chicken
NOODLES Soup
with Steamed Chicken
96 cafe
Lot 39/02, Shwe Own Pin housing, Yan Shin Street, Yan Kin Town Ship, Yangon. Ph: 09-770606996,01-8605514,
E-mail: 96cafe.mm@gmail.com




ဆမ်ဂျွန်းရှိ ဖခင်ဖြစ်သူ ကင်ဂျုံအီ၏ရုပ်တုရှေ့တွင် တွေ့မြင်ရသော ကင်ဂျုံအန်း

# ဂူအမ်ကျွန်းနှင့်ပတ်သက်၍ ဉာဏ်အမြော်အမြင်ရှိသည့် ဆုံးဖြတ်ချက် ကင်ဂျုံအန်းချမှတ်ခဲ့သည်ဟု ဒေါ်နယ်ထရမ့် ချီးမွမ်း

**ဝါရှင်တန်၊ ဩဂုတ် ၁၇**

ပစိဖိတ်ဒေသရှိအမေရိကန်နယ်နိမိတ်တစ်ခုဖြစ်သော ဂူအမ်ကျွန်းကို ဒုံးကျည်များဖြင့်ပစ်ခတ်တိုက်ခိုက်မည့် အစီအစဉ်နှင့်ပတ်သက်၍ မြောက်ကိုရီးယားဘက်က စတင်တိုက်ခိုက်မည်မဟုတ်ဟု ကွန်မြူနစ်ခေါင်းဆောင် ကင်ဂျုံအန်းက ဆုံးဖြတ်ခဲ့ခြင်းသည် အသိဉာဏ်အမြော်အမြင်ရှိသော ဆုံးဖြတ်ချက်ဖြစ်သည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ချီးမွမ်းပြောဆိုလိုက်ကြောင်း Reuters သတင်းဌာနက ရေးသားဖော်ပြသည်။

နှစ်နိုင်ငံအကြား ဆက်ဆံရေးမပြေမလည်ဖြစ်နေရုံသာမက စစ်ရေးတင်းမာမှုအဆင့်အထိ ရောက်ရှိစေခဲ့သည့် ဂူအမ်ကျွန်းကိစ္စတွင် မြောက်ကိုရီးယားခေါင်းဆောင်က ယင်းသို့ဆုံးဖြတ်လိုက်ခြင်းမှာ တင်းမာမှုများကို လျှော့ကျသွားစေကြောင်း Reuters သတင်းကဆိုသည်။

အကယ်၍ အမေရိကန်ပြည်ထောင်စုဘက်က ကျူးကျော်တိုက်ခိုက်ရန်ပြင်ဆင်လာမည်ဆိုပါက မိမိတို့ဘက်ကလည်း ဂူအမ်ကျွန်းရှိ အမေရိကန်ပိုင်နက်ကို ဒုံးကျည်ဖြင့် တိုက်ခိုက်မည်ဟု မြောက်ကိုရီးယားနိုင်ငံက မကြာသေးခင်က ထုတ်ဖော်ပြောဆိုခဲ့သည်။

အမေရိကန်ပြည်ထောင်စုသို့ရောက်ရှိနိုင်သည်အထိပစ်ခတ်နိုင်သော နျူကလီးယားဒုံးကျည်များနှင့်ပတ်သက်၍ တစ်စုံတစ်ရာမျှဖုံးကွယ်ခြင်းမပြုဘဲ အကုန်ဖွင့်ဟပြောဆိုထားသော မြောက်ကိုရီးယားသည် ဂူအမ်ကျွန်းကို ပစ်ခတ်တိုက်ခိုက်မည့်အစီအစဉ်အား ထုတ်ဖော်အသိပေးခဲ့ရာ ဒေသတွင်းနိုင်ငံများ အထိတ်တလန့်ဖြစ်ခဲ့ကြရသည်။

ထိုသို့ခြိမ်းခြောက်ခဲ့မှုကြောင့် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က အမေရိကကို ခြိမ်းခြောက်တိုက်ခိုက်လာမည်ဆိုပါက မြောက်ကိုရီးယားအား မီးလောင်တိုက်သွင်းပစ်မည်ဟုပင် ကြိမ်းဝါးခဲ့သေးသည်။

သို့သော် မြောက်ကိုရီးယားနိုင်ငံပိုင်သတင်းဌာနက အဆိုပါတိုက်ခိုက်မည့်အစီအစဉ်ကို မိမိတို့ဘက်မှ စတင်မည်မဟုတ်ဟု အင်္ဂါနေ့က ထုတ်ပြန်ကြေညာခဲ့ရာ အဆိုပါဆုံးဖြတ်ချက်ကို ထရမ့်က အသိဉာဏ်ရှိသော ဆုံးဖြတ်ချက်အဖြစ် ချီးမွမ်းခဲ့ခြင်းဖြစ်သည်။

"ကင်ဂျုံအန်းဟာ အင်မတန်အသိဉာဏ်ရှိပြီး ကျိုးကြောင်းဆင်ခြင်မှုပါတဲ့ ဆုံးဖြတ်ချက်ကို ချမှတ်ခဲ့တာပါ" ဟု ဒေါ်နယ်ထရမ့်က ၎င်း၏ Twitter အကောင့်တွင် ရေးသားဖော်ပြသည်။

"အဲလိုမှမဟုတ်ရင် ယမ်းပုံမီးကျအခြေအနေနဲ့ လက်သင့်မခံနိုင်စရာဖြစ်ရပ်တွေနဲ့ကြုံတွေ့ကြရမှာပါ" ဟု ထရမ့်က ဆိုသည်။

ဂူအမ်ကျွန်းရှိ အမေရိကန်ပိုင်နက်ကို တိုက်ခိုက်ရန် စဉ်းစားနေသည်ဟု မြောက်ကိုရီးယားဘက်က ခြိမ်းခြောက်ပြောဆိုခဲ့စဉ်က ဒေါ်နယ်ထရမ့်ကလည်း အမေရိကန်စစ်တပ်သည် တိုက်ပွဲဝင်ရန် ကျည်ဆန်ဖြည့်ကာ ပြင်ဆင်ထားပြီးပြီဟု ဆိုခဲ့သေးသည်။ ■ F-01

# ဟိမဝန္တာနယ်စပ်တွင် အိန္ဒိယနှင့်တရုတ်တပ်ဖွဲ့ဝင်များ ပဋိပက္ခဖြစ်

**ဒေလီ၊ ဩဂုတ် ၁၇**

နှစ်နိုင်ငံနယ်စပ်ဒေသရှိ ပိုင်နက်အငြင်းပွားလျက်ရှိသောနယ်မြေတွင် အိန္ဒိယနှင့်တရုတ်နိုင်ငံမှ တပ်ဖွဲ့ဝင်များ ထိပ်တိုက်ပဋိပက္ခတွေ့ခဲ့ကြသည်ဟု အိန္ဒိယအာဏာပိုင်များက ပြောကြားကြောင်း BBC သတင်းဌာနက ကိုးကားဖော်ပြသည်။

အိန္ဒိယနှင့် တရုတ်တပ်ဖွဲ့ဝင်များသည် အနောက်ဟိမဝန္တာဒေသရှိ အငြင်းပွားနယ်စပ်ဒေသတွင် ယမန်နေ့က ထိပ်တိုက် ပဋိပက္ခဖြစ်ခဲ့ကြခြင်းဖြစ်သည်ဟု အိန္ဒိယစစ်ဘက်အရာရှိကြီးများက ဆိုသည်။

အိန္ဒိယသတင်းဌာနတစ်ခုဖြစ်သော PTI ၏ဖော်ပြချက်အရ နှစ်ဖက်နိုင်ငံမှ စစ်သားများသည် တစ်ဖက်နှင့်တစ်ဖက် ကျောက်တုံး၊ ကျောက်ခဲများဖြင့် အပြန်အလှန်ပစ်ပေါက်ခဲ့ကြရာ နှစ်ဖက်စလုံးတွင် ထိခိုက်ဒဏ်ရာရရှိခဲ့ကြကြောင်း၊ တရုတ်တပ်ဖွဲ့ဝင်များသည် ပန်ဂေါင်းရေကန်အနီးရှိ အိန္ဒိယပိုင်နက်အတွင်းသို့ ဝင်ရောက်ရန် ကြိုးပမ်းခဲ့ကြကြောင်း သိရသည်။

သို့သော် တရုတ်အစိုးရက တရုတ်တပ်ဖွဲ့ဝင်များသည် တရုတ်နိုင်ငံပိုင်နက်အတွင်း၌သာရှိခဲ့သည်ဟု ဆိုသည်။

တရုတ်နှင့်အိန္ဒိယ နှစ်နိုင်ငံသည် ဘူတန်နှင့် နယ်စပ်ဒေသချင်းထိစပ်နေသည့် ဒေါ့လမ်ဒေသတွင် နယ်မြေပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ဆက်ဆံရေးတင်းမာနေသည်။

အိန္ဒိယစစ်ဘက်အာဏာပိုင်များ၏ ပြောကြားချက်အရ ယခုနောက်ဆုံးဖြစ်ပေါ်ခဲ့သော ထိပ်တိုက်တွေ့မှုတွင် အိန္ဒိယစစ်သားများသည် တရုတ်တပ်ဖွဲ့ဝင်များ ပိုင်နက်အတွင်းသို့ ဝင်ရောက်လာမှုကို ကာကွယ်ရန် တန်းစီပုံစံဖြင့် ကာကွယ်ခဲ့စဉ် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်ဟု PTI သတင်းဌာနက ဆိုသည်။

အဆိုပါဒေသသည် အိန္ဒိယတို့ဘက်က ပိုင်ဆိုင်သည့်နယ်မြေအဖြစ် သတ်မှတ်ထားသောနေရာဖြစ်ပြီး လာဒါကာဒေသနှင့်နီးစပ်သည်။ တရုတ်နိုင်ငံကမူ ယင်းဒေသသည် တရုတ်ပိုင်နက်ဖြစ်သည်ဟု ပြောဆိုထားသည်။

အိန္ဒိယအစိုးရအရာရှိကြီးတစ်ဦးကမူ အဆိုပါသတင်းများနှင့်ပတ်သက်၍ အတည်ပြုမည်မဟုတ်သလို ငြင်းဆိုမည်လည်း မဟုတ်ကြောင်း BBC သတင်းဌာနသို့ ပြောကြားသည်။ သို့သော် ၎င်းက "ဒါမျိုးတွေက ဖြစ်လေ့ဖြစ်ထရှိပါတယ်၊ ဒါဟာ ပထမဆုံးအကြိမ်လည်း မဟုတ်ပါဘူး။ အရင်တုန်းကလည်း ဒါမျိုးကိစ္စတွေဖြစ်ခဲ့ဖူးတယ်" ဟု ပြောကြားသည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနကမူ အိန္ဒိယနိုင်ငံအနေနှင့် တရုတ်ပိုင်နက်အတွင်းရောက်ရှိနေသော အိန္ဒိယတပ်ဖွဲ့ဝင်များနှင့် စစ်ဘက်ဆိုင်ရာပစ္စည်းပစ္စယများကို အမြန်ဆုံးဖယ်ရှားပေးရမည်ဖြစ်သည်ဟု ကြေညာချက်ထုတ်ပြန်သည်။

ထိပ်တိုက်ပဋိပက္ခဖြစ်ပွားချိန်တွင် အိန္ဒိယတပ်ဖွဲ့ဝင်များသည် တရုတ်ပိုင်နက်အတွင်းသို့ ရောက်ရှိနေခြင်းဖြစ်သည်ဟုလည်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနကဆိုသည်။ ■ F-01




အိန္ဒိယနှင့်တရုတ်နယ်စပ်ဒေသ တင်းမာမှုမှာ ယခုနှစ်ပိုင်းအတွင်း ပိုမိုပြင်းထန်လာသည်

# ပျောက်ဆုံး MH370 လေယာဉ်ကို ဆက်လက်ရှာဖွေရန် အဆိုပြုချက်များအား အလေးထားစဉ်းစားလျက်ရှိဟု မလေးရှားပြောကြား

**ကွာလာလမ်ပူ၊ ဩဂုတ် ၁၇**

ပဟေဠိဆန်ဆန် ထူးဆန်းစွာပျောက်ဆုံးခဲ့ရသည့် မလေးရှားလေကြောင်းလိုင်းမှ MH370 လေယာဉ်ကို ပြန်လည်ရှာဖွေမှုများပြုလုပ်ရန် အရေးပါသည့်အဖွဲ့အစည်းအချို့က အဆိုပြုတင်ပြလာမှုအပေါ် မလေးရှားလေကြောင်း အာဏာပိုင်များအဖွဲ့က အလေးအနက်ထား အကဲဖြတ်လျက်ရှိကြောင်း Xinhua သတင်းဌာနက ရေးသားဖော်ပြသည်။

"MH370 လေယာဉ်ရှာဖွေရေးအဖွဲ့အနေနှင့် အရေးပါသည့် အဖွဲ့အစည်းအချို့ထံမှ အကြံပြုချက်များလက်ခံရရှိခဲ့သည်။ ၎င်းတို့၏အကြံပြုချက်မှာ ပျောက်ဆုံးနေသော MH370 လေယာဉ်ကို ဆက်လက်ရှာဖွေသွားရန်ဖြစ်သည်" ဟု မလေးရှားအရပ်ဘက်လေကြောင်းအာဏာပိုင်အဖွဲ့၏ ဦးဆောင်ညွှန်ကြားရေးမှူးချုပ် အပ္ပဒူရာမန်က ကြေညာချက်ထုတ်ပြန်သည်။

ယင်းကြေညာချက်တွင် ပျောက်ဆုံးလေယာဉ်နှင့်ပတ်သက်၍ နောက်ဆုံးထွက်ပေါ်ခဲ့သော သတင်းများကို အသိအမှတ်ပြုပါကြောင်း၊ သို့သော် MH370 လေယာဉ်တည်ရှိနိုင်မည့် တိကျသေချာသော နေရာနှင့်ပတ်သက်၍ ဦးဆောင်လမ်းညွှန်မှုများ ရရှိရန် လိုအပ်နေပါကြောင်း ဖော်ပြထားသည်။

မကြာသေးခင်က အဆိုပါလေယာဉ်ကိုရှာဖွေရာတွင် လေယာဉ်တည်ရှိနေနိုင်သည့်နေရာများကို လွဲချော်သွားခဲ့သည်ဟူသော သတင်းများထွက်ပေါ်ခဲ့သည်။

သို့အတွက်ကြောင့် MH370 လေယာဉ်ရှာဖွေရေးအဖွဲ့သည် ယခု လက်ခံရရှိလာသည့် အဆိုပြုတင်ပြချက်များကို အကဲဖြတ်လျက်ရှိသလို ဩစတြေးလျနှင့် တရုတ်နိုင်ငံတို့ဘက်က အလေးအနက်ထား ပြောဆိုမှုများကိုလည်း စောင့်ဆိုင်းလျက်ရှိကြောင်း ကြေညာချက်တွင် ဆက်လက်ဖော်ပြထားသည်။




MH370 လေယာဉ်ပျောက်ဆုံးမှုနှင့်ပတ်သက်၍ တိကျသည့် အထောက်အထား မရရှိသေးပေ

မလေးရှားလေကြောင်းလိုင်းမှ MH370 ခရီးသည်တင်လေယာဉ်သည် ၂၀၁၄ ခုနှစ် မတ်လက ကွာလာလမ်ပူမှ တရုတ်နိုင်ငံ ဘေဂျင်းမြို့သို့ ပျံသန်းသွားစဉ် ထူးဆန်းစွာပျောက်ဆုံးခဲ့သည်။ လေယာဉ်ပေါ်တွင် လေယာဉ်အမှုထမ်းနှင့် ခရီးသည် စုစုပေါင်း ၂၃၉ ဦးပါဝင်သွားခဲ့သည်။

အဆိုပါလေယာဉ်ကို သုံးနှစ်နီးပါးခန့် ဆက်တိုက်ရှာဖွေခဲ့ရာမှ ပြီးခဲ့သည့် ဇန်နဝါရီလတွင် အပြီးတိုင်ရပ်ဆိုင်းပစ်ခဲ့သည်။

MH370 လေယာဉ်ကို သမုဒ္ဒရာရေအောက်တွင်း၌ပင် ရှာဖွေမှုများပြုလုပ်ခဲ့သည့် ဩစတြေးလျသယ်ယူပို့ဆောင်မှုလုံခြုံရေးဗျူရို(ATSB) က ၎င်းတို့အနေနှင့် Geosciences Australia နှင့်Industrial Research အဖွဲ့တို့က ဘိုးအင်း ၇၇၇ အမျိုးအစား ပျောက်ဆုံးလေယာဉ်ကိုရှာဖွေနိုင်မည့် တိကျသည့်အချက်အလက်ရရှိအောင် ကူညီပေးနိုင်လိမ့်မည်ဟု အကြောင်းကြားချက်ရရှိထားကြောင်း ဗုဒ္ဓဟူးနေ့တွင် အသိပေးပြောကြားသည်။ ■ F-01

# PERSPECTIVE

ပြီးခဲ့သည့် ၂၀၁၆/၁၇ ပညာသင်နှစ်၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် မန္တလေးအကျဉ်းထောင်မှ ဂုဏ်ထူးဖြင့်အောင်မြင်သူ ငါးဦးနှင့် အင်းစိန် အကျဉ်းထောင်မှ ဂုဏ်ထူးဖြင့်အောင်မြင်သူနှစ်ဦးတို့ကို နိုင်ငံတော်သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်ဖြင့် လွှတ်ပေးခဲ့သည့်အတွက် များစွာနှစ်ထောင်းအားရဖြစ်ရပါကြောင်း ပထမဦးစွာဖော်ပြလိုပါသည်။

**ကျောင်းတော်ကြီးလား အကျဉ်းထောင်လား**

ယနေ့မြန်မာနိုင်ငံရှိ အကျဉ်းထောင်များတွင် အကြောင်းအမျိုးမျိုးကြောင့် အကျဉ်းကျခံနေရသူ များစွာရှိပါသည်။ အကြောင်းအမျိုးမျိုးဆိုသည်မှာ နိုင်ငံတော်ကပြဋ္ဌာန်းထားသော ဥပဒေတစ်ရပ်ရပ်ကို တမင်သက်သက်ကျူးလွန်ဖောက်ဖျက်ပြီး ပြစ်မှုထင်ရှားသဖြင့် ထောင်ဒဏ်ကျနေရသူများ၊ တမင်သက်သက်ရည်ရွယ်ချက်ဖြင့် မဟုတ်သော်လည်း ဒေါသအလျောက်သော်လည်းကောင်း မတော်တဆပြုမူ ဆောင်ရွက်မိရာမှလည်းကောင်း ဥပဒေတစ်ရပ်ရပ်ဖြင့်ငြိစွန်းပြီး ပြစ်ဒဏ်ချမှတ်ခံရသူများ၊ ဥပဒေကို မသိနားမလည်ပါဟူ၍ ရှောင်တိမ်းမရသော်လည်း အမှန်တကယ်ပင် ဥပဒေကိုနားမလည်သဖြင့် ပြုမူဆောင်ရွက်မိရာမှ ပြစ်မှုတစ်ခုခုကိုကျူးလွန်မိပြီး ပြစ်ဒဏ်ကျခံနေရသူများနှင့် အမှန်တကယ် ပြစ်မှုမကျူးလွန်ဘဲနှင့် မတရားစွပ်စွဲခံရခြင်း သို့မဟုတ် မှားယွင်း၍ ပြစ်ဒဏ်ကျခံရခြင်း စသည့် စသည့် အကြောင်းအမျိုးမျိုးကို ဆိုလိုခြင်းဖြစ်ပါသည်။

မည်သည့်အကြောင်းကြောင့်ပင်ဖြစ်ပါစေ အကျဉ်းထောင် ဆိုသည်မှာ မနေသင့် မနေအပ်သောအရပ်ဖြစ်သလို မည်သူကမှလည်း မနေလိုသောနေရာတစ်ခုဖြစ်ပါသည်။ ထို့ကြောင့် ပြစ်ဒဏ်တစ်ခုခုကို ကျခံခဲ့ဖူးကြသူများအားလုံး မည်သူမျှ အကျဉ်းထောင်သို့တစ်ကျော့ပြန် ပြန်လာလိုကြသည် မဟုတ်ပေ။ သို့သော် အချို့သော ပြစ်ဒဏ်ကျခံဖူးသူများသည် မည်သည့်အတွက်ကြောင့် ပြစ်မှုများကို ထပ်မံကျူးလွန်နေကြပါသနည်း။ ဆိုရလျှင် ပြင်ပတွင် ဘဝရပ်တည်မှုအတွက် လုပ်ကိုင်ရှာဖွေစားသောက်ရန် အသက်မွေးဝမ်းကျောင်းပညာတစ်ခုခုကို မတတ်မြောက်ကြခြင်းနှင့် တတ်မြောက်သော်လည်း အလုပ်အကိုင်ရရှိရန်ခက်ခဲခြင်း၊ ပတ်ဝန်းကျင်ကလက်မခံ/လူရာမသွင်းကြခြင်း စသည့် အကြောင်းများကြောင့်လည်းဖြစ်ပါသည်။ (အချို့မှာ ပြစ်မှုကျူးလွန်ပြီးနောက် ထွက်ပြေးတိမ်းရှောင်ရန်လွယ်ကူခြင်း စသည့် အကြောင်းများကြောင့်လည်း အပါအဝင်ဖြစ်ပါသည်)။

ကမ္ဘာပေါ်ရှိ အကျဉ်းထောင်များ၏ ရည်ရွယ်ချက်များတွင် ပြစ်ဒဏ်တစ်ခုခုကျခံနေရသူအား နောင်ကြဉ်စေရန်နှင့် ထောင်မှလွတ်မြောက်သွားပါက လူကောင်းသူကောင်းတစ်ယောက်ဖြစ်လာပြီး လူရာဝင်စေရန်အတွက် ပြုပြင်ပြောင်းလဲပေးရန်ဆိုသည့် ရည်ရွယ်ချက်လည်းပါရှိပါသည်။

မြန်မာနိုင်ငံ၏ အကျဉ်းထောင်များသည်လည်း ယနေ့တိုင် အင်္ဂလိပ်တို့ပြဋ္ဌာန်းခဲ့သည့် အကျဉ်းထောင်လက်စွဲနှင့်အညီ ဆောင်ရွက်လုပ်ကိုင်နေရသည်ဖြစ်ရာ အဆိုပါပြဋ္ဌာန်းချက်မှာ အသက်ဝင်လျက်ရှိနေပါသည်။ ထို့ကြောင့်ပင် တစ်ချိန်က အကျဉ်းထောင်များတွင် ထောင်ကျအကျဉ်းသားများအား လက်သမားပညာ၊ ကြိမ်ထိုး၊ ကြိုးထိုးပညာ၊ စက်ချုပ်ပညာနှင့် အခြားလက်မှုပညာတို့ကို အသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ခုအဖြစ် ကျွမ်းကျင်စွာလုပ်ကိုင်နိုင်ရန်အလို့ငှာ စနစ်တကျသင်ကြား လေ့ကျင့်ပေးခဲ့ကြပါသည်။ ထို့ကြောင့်ပင် တစ်ချိန်က အကျဉ်းထောင်တွင်းမှထွက်ရှိသည့် ကြိမ်ကုလားထိုင်များ၊ ကြိုးပုတီးများနှင့် အိမ်ထောင်ပရိဘောဂပစ္စည်းများသည် လက်ရာမြောက်လှသည်ကို တွေ့ရှိရပါသည်။ အထူးသဖြင့် စားပွဲ၊ ကုလားထိုင်၊ ဗီရို စသည့် ရုံးသုံးပရိဘောဂပစ္စည်းများကို သတ်မှတ်ချက်နှင့်အညီ စနစ်တကျလုပ်ကိုင်နိုင်သဖြင့် အစိုးရဌာနများအနေနှင့် ရုံးသုံးပရိဘောဂပစ္စည်းများကို အကျဉ်းထောင်များမှသာ မှာယူသုံးစွဲကြရပါသည်။ သို့သော် ယခုအခါ အဆိုပါသတင်းများကို မကြားသိရတော့သဖြင့် ယနေ့အကျဉ်းထောင်များတွင် အသက်မွေးဝမ်းကျောင်းပညာများ သင်ကြားပေးလျက်ရှိ၊ မရှိကိုမသိရတော့ပါ။ တရားဝင် အသက်မွေးပညာများ သင်ကြားပေး၊ မပေးမသိရသော်လည်း တရားမဝင် အသက်မွေးပညာများဖြစ်သည့် ခိုး-ဆိုး-လု-နှိုက် စသည့် မတတ်ကောင်းသည့် အတတ်ကောင်းများကို တတ်မြောက်လာစေသည့် ကျောင်းတော်ကြီးအဖြစ်ပြင်ပတွင် ကျော်ကြားလျက်ရှိသည်မှာကား အမှန်ပင်ဖြစ်ပါသည်။

**တစ်ခေတ်ဆန်းလာသည့် မြန်မာ့အကျဉ်းထောင်**

ဤကဲ့သို့သောအခြေအနေမျိုးတွင် ယခုထွက်ပေါ်လာသောသတင်းမှာ အကျဉ်းထောင်လောကအတွက် လည်းကောင်း၊ ပြစ်ဒဏ်ကျခံနေရသူများအတွက်လည်းကောင်း၊ ၎င်းတို့၏မိသားစုများအတွက်လည်းကောင်း မင်္ဂလာရှိသောသတင်းကောင်းတစ်ခုပင်ဖြစ်ပါသည်။ နောက်ဆက်တွဲသတင်းအဖြစ် တက္ကသိုလ်ဝင်တန်းကို ရိုးရိုးအောင်မြင်သူများအားလည်း လျှော့ရက်များပေးကြောင်း သိရှိရသဖြင့် အကျဉ်းသားများအနေနှင့် ကြိုးစားချင်စိတ်များ ဖြစ်ပေါ်လာမည်ဖြစ်ပါသည်။

တစ်ဆက်တည်း ဆက်လက်သိရှိရသည်မှာ အင်းစိန်အကျဉ်းထောင်အတွင်းတွင် အကျဉ်းဦးစီးဌာနဘတ်ဂျက်ဖြင့် တည်ဆောက်ထားသော အခြေခံပညာအလယ်တန်းကျောင်းခွဲတစ်ကျောင်းရှိကြောင်းနှင့် ယင်းကျောင်းတွင် အကျဉ်းသား ၁၀၀ ကျော် ပညာသင်ကြားနေကြောင်း သိရှိရပြီး လာမည့် ၂၀၁၇/၂၀၁၈ ပညာသင်နှစ်တွင်လည်း တက္ကသိုလ်ဝင်တန်းဖြေဆိုမည့်




**...အတန်းပညာရေး လုံးဝမရှိဘဲနှင့်လည်း အသိပညာကို ရရှိလာမည်မဟုတ်ပါ။ ယုတ်စွအဆုံး ဘွန်းကြီးကျောင်းသားဘဝကို မဖြတ်သန်းဖူးဘဲနှင့်လည်း အသိပညာကို အလိုအလျောက် ရရှိလာမည်မဟုတ်ပါ။ ဖိုးရာဇာလို ပါရမီရှင်ပညာရှိမျိုး ဆိုသည်ကလည်း လူသိန်းပေါင်းများစွာတွင် တစ်ဦးရှိဖို့ မလွယ်ပါ။**

ကျောင်းသား ၃၃ ဦးရှိကြောင်း သိရှိရပါသည်။ (The Voice Daily 13.8.2017)။ ဤကဲ့သို့ဖြစ်မြောက်အောင် စီစဉ်ဆောင်ရွက်ပေးသူများနှင့် တာဝန်ရှိသူများအားလုံးကို အမှန်တကယ်ပင် ချီးကျူးဂုဏ်ပြုလိုက်ပါသည်။

**ထောင်ကျသော်လည်း ဘဝမဆုံးပါ**

လူသားတစ်ယောက် ပြစ်မှုကျူးလွန်၍ ပြစ်ဒဏ်ချမှတ်ရာတွင် ၎င်းကျူးလွန်ခဲ့သည့် ပြစ်မှု၏အတိုင်းအတာအလျောက်သာ တရားဥပဒေက အပြစ်ပေးခြင်း ဖြစ်ပါသည်။ အကျဉ်းထောင်များကလည်း ထိုနည်းအတူသာလျှင် ဖြစ်ပါသည်။ တရားရုံးကချမှတ်သည့် ပြစ်ဒဏ်ကာလအတိုင်း ကျခံပြီးပါက ထိုသူအား ထောင်မှလွှတ်ပေးလိုက်ရုံသာ ဖြစ်ပါသည်။ သို့သော် အမှန်တကယ် လက်ရှိဖြစ်ပျက်နေသည်ကား ထိုသို့မဟုတ်ပါ။ ထောင်ဒဏ်ကျခံရသူတစ်ဦးသည် တရားရုံးကချမှတ်သည့်ပြစ်ဒဏ်မျှသာမက တစ်ဘဝလုံးပြစ်ဒဏ်ချမှတ်ခံလိုက်ရသည့်သဖွယ် လူလုံးမလှဖြစ်သွားပြီး လူတောသူတောမတိုးသည့်ဘဝမျိုးသို့ရောက်ရှိကာ ဘဝပျက်သွားသည်အထိ ဖြစ်သွားကြရပါသည်။

ဆိုလိုသည်မှာ ဝန်ထမ်းတစ်ယောက် ထောင်ဒဏ်ချမှတ်ခံရပါက ၎င်း၏အလုပ်ပါပြုတ်သွားပြီး မိသားစုစားဝတ်နေရေးနှင့် သားသမီးများ၏ပညာရေးပါ ဒုက္ခရောက်ကြရသည်။ ထောင်မှလွတ်ပါကလည်း အများတကာက အဖက်မလုပ် မခေါ်မပြောဘဝဖြင့် ဘဝပျက်ကြရရှာသည်။ ကျောင်းသားတစ်ယောက် ထောင်ကျသွားပါကလည်း ၎င်း၏ပညာရေးဆုံးခန်းတိုင်မရောက်တော့ဘဲ ထောင်မှလွတ်ပါက ပညာမတတ်ဘဝဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ လက်လွတ်ဆုံးရှုံးရပြန်သည်။ အလုပ်အကိုင်လည်းမရှိသဖြင့် စားဝတ်နေရေးခက်ခဲပြီး ပြစ်မှုများ ထပ်ကာ ထပ်ကာ ကျူးလွန်ကာ တစ်သက်တာရာဇဝတ်သားဘဝဖြင့် အရိုးထုတ်သွားရနိုင်ပါသည်။

ယခုမူ ထိုသို့မဟုတ်တော့ပါ။ အမြော်အမြင်ကြီးမားသော တာဝန်ရှိသူတို့၏ ကောင်းမြတ်သောအစဉ်အလာ မင်္ဂလာတစ်ပါးဖြစ်သည့် ထောင်တွင်းကျောင်းဖွင့်လှစ်သင်ကြားပေးခြင်းဖြင့် ထောင်ဒဏ်ကျခံသူတို့သည် မိမိကျူးလွန်သည့် ပြစ်ဒဏ်ပမာဏအတိုင်းအတာအရသာ ပြစ်ဒဏ်ကျခံရမည်ဖြစ်ပြီး တစ်သက်တာဘဝ ဆုံးရမည့်အရေးမှ ကင်းလွတ်ကြတော့မည်ဖြစ်ပါသည်။ ထို့အပြင် ယခုကဲ့သို့ ပညာထူးချွန်သူများအား လွှတ်ပေးခြင်းအားဖြင့်လည်း ထောင်တွင်းသို့ ပညာတစ်ပိုင်းတစ်စဖြင့် ရောက်လာသူများအနေနှင့် ကြိုးစားလိုစိတ်များ တိုးပွားလာကြမည်ဖြစ်ကာ ၎င်းတို့အတွက် ထောင်တံခါးပိတ်သွားတော့မည်ဖြစ်ပါသည်။

'ကျောင်းတံခါးများဖွင့်ထားလျှင် ထောင်တံခါးများ ပိတ်သွားလိမ့်မည်' ဟူသော အဆိုအမိန့်တစ်ခုရှိပါသည်။ ယခုကဲ့သို့ဆောင်ရွက်သည့် အစီအမံသည် ပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ ပညာရေး၊ လူမှုစီးပွားဘဝ ရပ်တည်ရေးအတွက် အရေးပါအရာရောက်သလို နိုင်ငံတော်အတွက်လည်း များစွာအရေးပါသည့်လုပ်ငန်းစဉ်တစ်ရပ် ဖြစ်ပါသည်။ ပညာရေးကို အကြောင်းပြု၍ ထောင်မှလွတ်လာသူများသည် ၎င်းတို့၏ပညာရေးလမ်းခရီးကို ရှေ့ဆက်လျှောက်လှမ်းကြမည်ဖြစ်သလို နောက်ထပ်လည်း မည်သည့်ရာဇဝတ်မှုကိုမျှ ကျူးလွန်ကြတော့မည် မဟုတ်ကြတော့ပါ။ ရပ်ရွာလူမှုအဖွဲ့အစည်းများကလည်း ထိုသူတို့၏ပညာရေးခရီး ဆုံးခန်းတိုင်အောင် လျှောက်လှမ်းနိုင်ရေးအတွက် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြရန် လိုအပ်ပါသည်။

**ပညာရေးမှသည် ရာဇဝတ်မှုခင်းကျဆင်းရေးသို့**

ယခုအခါတွင် အတန်းပညာရေးနှင့် အသိပညာရေးကို ခွဲခြားပြောဆိုနေမှုများအား တွေ့မြင် ကြားသိနေရပါသည်။ "ပညာရေးဆိုသည်မှာ အတန်းပညာရေးထက် လုပ်သင့်မလုပ်သင့် အမှားအမှန်ကို ခွဲခြားသိမြင်ခြင်းကိုဆိုလိုကြောင်း" ပညာရှင်များက ပြောဆိုနေမှုများရှိပါသည်။ မှန်သင့်သလောက်မှန်သည်ဖြစ်သော်ငြားလည်း အတန်းပညာရေး လုံးဝမရှိဘဲနှင့်လည်း အသိပညာကိုရရှိလာမည်မဟုတ်ပါ။ ယုတ်စွအဆုံး ဘုန်းကြီးကျောင်းသားဘဝကို မဖြတ်သန်းဖူးဘဲနှင့်လည်း အသိပညာကို အလိုအလျောက် ရရှိလာမည်မဟုတ်ပါ။ ဖိုးရာဇာလို ပါရမီရှင်ပညာရှိမျိုး ဆိုသည်ကလည်း လူသိန်းပေါင်းများစွာတွင် တစ်ဦးရှိဖို့မလွယ်ပါ။ ဖိုးရာဇာသည်ပင်လျှင် စာပေပညာများကို လေ့လာဖတ်ရှု (Self-Study) နိုင်ရန်အတွက် ဘုန်းကြီးကျောင်းသားဘဝကိုတော့ ဖြတ်သန်းရဦးမည်ဖြစ်ပါသည်။

ထို့ကြောင့် လူတစ်ယောက်အတွက် အမှားအမှန် ဝေဖန်ပိုင်းခြားတတ်သည့် အသိပညာကိုရရှိစေရန် အခြေခံပညာမူလတန်းအဆင့် အတန်းပညာကိုတော့ လူတိုင်းတတ်မြောက်သင့်သည်ဟု ထင်မြင်ယူဆပါသည်။ ယခုအခါ နိုင်ငံတော်အစိုးရအနေနှင့် မသင်မနေရပညာရေးစနစ်ကို ကလေးသူငယ်ဥပဒေတွင် ပြဋ္ဌာန်းထားသည်ထက်ပိုမို၍ အခြေခံပညာမူလတန်းမှသည် အလယ်တန်း၊ အထက်တန်းပညာရေးအထိ တိုးမြှင့်ဆောင်ရွက်နေသည်ကို တွေ့ရှိရပါသည်။ သို့ရာတွင် အစိုးရတစ်ရပ်တည်းက ဆောင်ရွက်နေရုံမျှဖြင့် ဤကိစ္စကအောင်မြင်လိမ့်မည်မဟုတ်ပါ။

အဓိကလိုအပ်သည်မှာ မိဘပင်ဖြစ်ပါသည်။ မိဘများသည် စားဝတ်နေရေးကျပ်တည်း၍လည်းကောင်း၊ မိမိ၏ စီးပွားရေးလုပ်ငန်းတွင် ပါဝင်ကူညီဆောင်ရွက်ပေးရန်အတွက်လည်းကောင်း မိမိတို့၏သား/သမီးများကို ကျောင်းမထားကြခြင်းဖြစ်ရာ၊ ကလေးသူငယ်ဥပဒေတွင် ပြဋ္ဌာန်းထားသည့် 'ကလေးသူငယ်၏အခွင့်အရေးများကို ယင်းတို့၏မိဘ၊ အုပ်ထိန်းသူများ သိရှိနားလည်သဘောပေါက်စေရန် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပညာပေး/ဖြန့်ဖြူးခြင်းပြုရမည်' ဆိုသည့်အချက်ကိုအကောင်အထည်ဖော်ရန် လိုအပ်ပါသည်၊ ဤတာဝန်ကို အကောင်အထည်ဖော်ရာတွင် ရပ်ရွာလူမှုအဖွဲ့အစည်းများ၏အားကို ရယူ၍ ပြည်သူတို့နှင့်အတူ ဖြေရှင်းဆောင်ရွက်ရန်လိုအပ်ပါသည်။

ထို့အပြင် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေပါ ရပ်/ကျေးဥက္ကဋ္ဌ၏တာဝန်များ၌ 'မိမိရပ်ကွက်/ကျေးရွာများအတွင်း ကျောင်းနေအရွယ်ကလေးများ ကျောင်းနေရေးနှင့် အနည်းဆုံးအခြေခံပညာမူလတန်းအဆင့် ဆုံးခန်းတိုင်သည်အထိ ကျောင်းတက်ရေးအတွက် စည်းရုံးဆောင်ရွက်ရမည် သို့မဟုတ် တာဝန်ရှိစေရမည်' ဟူ၍ ထည့်သွင်းပြဋ္ဌာန်းသင့်ပါသည်။ ကျောင်းပညာမှသည် အသိပညာရှိသူများ တစ်စတစ်စများပြားလာခြင်းဖြင့် ရာဇဝတ်မှုခင်းများ တဖြည်းဖြည်းကျဆင်းလာမည်ဖြစ်ရာ ရပ်ရွာအေးချမ်းသာယာရေးကိစ္စမှာလည်း ကျွဲကူးရေပါ ဖြစ်လာမည်ဖြစ်ပါသည်။

**နိဂုံး**

အချုပ်ဆိုရလျှင် ပြည်ထောင်စုအစိုးရ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာန၏ ထောင်တွင်းကျောင်း(ခွဲ) ဖွင့်လှစ်ခြင်းနှင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ဖြေဆိုခွင့်ပြုသည့်အစီအစဉ်သည် နိုင်ငံ၏တန်ဖိုးရှိသော လူ့စွမ်းအားအရင်းအမြစ်(အကျဉ်းကျ)များကို လူ့အခွင့်အရေးမဆုံးရှုံးစေရန် စီစဉ်ဆောင်ရွက်ခြင်းဖြစ်၍ အလွန်ပင်ကောင်းမွန် သင့်မြတ်သောအစီအစဉ်ဖြစ်ပါသည်။ ထို့ထက်ပို၍ တက္ကသိုလ်ဝင်တန်းကို ထူးချွန်စွာအောင်မြင်သူများအား လွတ်ငြိမ်းချမ်းသာခွင့်ပြုလိုက်သော နိုင်ငံတော်သမ္မတကြီး၏ဆောင်ရွက်ချက်သည်လည်း ထူးချွန်သူများအား အသိအမှတ်ပြုဂုဏ်ပြုခြင်းဖြစ်သလို နောက်လူများ ကြိုးစားအားထုတ်ချင်စိတ် ဖြစ်ပေါ်အောင် တွန်းအားပေးလိုက်ခြင်းလည်းဖြစ်ရာ အတိုင်းမသိဝမ်းမြောက်ဝမ်းသာဖြစ်ရပါသည်။

ထို့ထက်ပို၍ ထောင်တံခါးများ ပိတ်သွားစေရေးအတွက် ကျောင်းတံခါးများကို ကျယ်ကျယ်ဖွင့်ပေးရန် အုပ်ချုပ်သူအစိုးရအပြင် မိဘ၊ ဆရာနှင့် ပြည်သူများအားလုံးတွင် တာဝန်ရှိကြပါသည်...။

■ **သိန်းထက်အောင်**




ကျွန်တော်နဲ့နီးစပ်တဲ့လူငယ်လေးတွေကို (ကိုယ့်သားသမီးအပါအဝင်) သားတို့သမီးတို့စာဖတ်ကြပါလို့ပြောလိုက်ရင် စာဖတ်ဖို့ အချိန်မရှိဘူးတဲ့။ ဘာကြောင့် စာဖတ်ချိန်မရှိတာလဲလို့ ကျောင်းတက်နေတဲ့ ကလေးတွေကို မေးတဲ့အခါ သူတို့ပြန်ဖြေမယ့်အဖြေကို အားလုံးနီးပါး သိပြီးဖြစ်ပါလိမ့်မယ်။ မရိုးနိုင်တဲ့အဖြေမို့ပါ။ သားတို့သမီးတို့က မနက်မိုးလင်းတာနဲ့ အလွန်လေးလံလှတဲ့ ကျောပိုးအိတ်ကြီးတွေကို မနိုင်မနင်းသယ်ပြီး ကျောင်းကိုသွားရပါတယ်၊ ကျောင်းဆင်းတဲ့အခါ ကျူရှင်ကိုပြေးရပါတယ်၊ ကျူရှင်က ပြန်ရောက်တာနဲ့ ဝိုင်းသင်ဖို့ခေါ်ထားတဲ့ ဆရာ၊ ဆရာမက အိမ်မှာဆီးကြိုနေပြီ။ ရေအမြန်ချိုး၊ ထမင်းအမြန်စားပြီး စာဆက်သင်၊ည ၁၁ နာရီထိုးလို့ အားလုံးသင်ကြားပြီးတဲ့အခါ ကိုယ်သင်ခဲ့တဲ့စာတွေ ဘာတွေမှန်းတောင်မသိတော့ပါဘူး။ အပြင်စာဖတ်ဖို့ နေနေသာသာ ကိုယ့်စာတောင်ကိုယ် မနည်းလုပ်နေရတာလို့ ဖြေကြပါတယ်။

ကျောင်းသားတွေ စာဖတ်ချိန်မရဘူးဆိုတာ နားလည်ပေးလို့ ရပါတယ်။ ကျောင်းမတက်တော့တဲ့ လူငယ်တွေ စာဖတ်ချိန်မရဘူးဆိုတာတော့ မဖြစ်နိုင်ပါဘူး။ ဒီနေ့ခေတ်မှာ လေ့လာမယ်ဆိုရင် လေ့လာချင်စရာတွေအများကြီး ရှိပါတယ်။ လူတိုင်းနီးပါး ဖုန်းကိုင်နေကြတဲ့အတွက် မိမိတို့ သိလိုတဲ့အကြောင်းအရာကို ရှာလိုက်ရုံနဲ့ အဆင်သင့်ပါပဲ။ မိမိတို့ဖတ်ချင်တဲ့စာအုပ်တွေ ဖုန်းထဲကို ထည့်ထားမလား၊ မိမိတို့သွားလေရာမှာ ဖတ်လို့ရပါတယ်။ ဒါပေမဲ့ တော်တော်များများက နည်းပညာကို တန်ဖိုးရှိအောင် အသုံးမချဘဲ နည်းပညာရဲ့ သားကောင်အဖြစ် ရောက်သွားကြတာ နှမြောဖို့ကောင်းပါတယ်။ မိမိတို့ရဲ့တက်လမ်းကို မိမိတို့ကိုယ်တိုင်ပိတ်သလိုဖြစ်သွားပါတယ်။ စာမဖတ်ကြဘူးဆိုတာနဲ့ လူငယ်တွေချည်း ပြောတယ်လို့ မထင်စေချင်ပါဘူး။ လူငယ်တွေက အနာဂတ်အတွက် အားထားရမယ့်သူတွေမို့ အခုလိုပြောရတာဖြစ်ပါတယ်။ လူငယ်တွေကို ချည်း ပြောပြောနေလို့ လူကြီးတွေကရော ဘယ်လောက် စာတွေ ဖတ်နေကြလဲလို့မေးရင် စာဖတ်တဲ့လူကြီးတွေ တော်တော်နည်းပါတယ်။ ကိုယ့်ဘာသာ စာမဖတ်တာကို အသာလေးငြိမ်မနေဘဲနဲ့ “ငါတို့က စာဆိုသတင်းစာတောင်မဖတ်ဘူး” ဆိုပြီး ပြောလိုက်ပါသေးတယ်။ လူကြီးတွေစာမဖတ်ဘူးပြောလို့ အသက်ကြီးတဲ့သူတွေကိုပဲပြောတာလို့ မထင်လိုက်ပါနဲ့။ တိုင်းပြည်တာဝန်ထမ်းဆောင်နေတဲ့ ရာထူးကြီးတဲ့သူတွေလည်း ပါပါတယ်။

ဌာနဆိုင်ရာမှာတာဝန်ထမ်းဆောင်နေတဲ့ ရာထူးအဆင့်ဆင့်ရှိတဲ့သူတွေလည်း စာမဖတ်ကြပါဘူး၊ ဖတ်တဲ့သူ နည်းပါတယ်။ စာမဖတ်တာနဲ့ပတ်သက်လို့ ဆရာကြီးတစ်ယောက်ရေးတဲ့ ဆောင်းပါးတစ်ပုဒ်မှာ “ဌာနဆိုင်ရာအချို့က ညွှန်ကြားရေးမှူးအဆင့်ရှိတဲ့သူတွေ စာမဖတ်ကြဘူးလို့” မချိတင်ကဲရေးထားတာကို မှတ်သားဖူးပါတယ်။ စာဖတ်ဖို့ အချိန်မရဘူးဆိုတဲ့သူတွေအနေနဲ့ အနည်းဆုံးနာရီဝက်တော့ အချိန်ရကြမှာဖြစ်ပါတယ်။ ဝါသနာ မပါတဲ့သူကို ဝါသနာပါလာအောင် တဖြည်းဖြည်း စည်းရုံးဆွဲဆောင်ရမှာဖြစ်ပါတယ်။ အချိန်မရလို့ စာမဖတ်နိုင်ဘူးဆိုတဲ့သူတွေအတွက် ဆရာဖေမြင့်ရေးတဲ့ စာဖတ်သမား၏ မှတ်စုများစာအုပ်ထဲက အချို့ကို စာလက်ဆောင်ပါးချင်ပါတယ်။

ပါမောက္ခအော်စလာ(Sir GQillaim OsLer) (1849-1919) ဆိုတာ ကမ္ဘာ့ဆေးလောကမှာ ကျော်ကြားတဲ့ ကနေဒါလူမျိုး သမားတော်ကြီးဖြစ်ပါတယ်။ ဆေးပညာပါမောက္ခတစ်ဦးအဖြစ် ဆေးပညာရှင်အမြောက်အမြားကို ကိုယ်တိုင်လေ့ကျင့်ပျိုးထောင်ပေးခဲ့ပါတယ်။ သူရေးသားပြုစုတဲ့ ဆေးကျမ်းများကို ဖတ်ရှုပြီး ဆရာဝန်ဖြစ်လာတဲ့အရေအတွက်ကလည်း မနည်းဘူးလို့ဆိုပါတယ်။

ပါမောက္ခကြီးရဲ့ အကြောင်းကို အတ္ထုပ္ပတ္တိဆရာများစွာတို့က ဆေးပညာရှင်တစ်ဦးဖြစ်ရုံမျှအတွက် ဂုဏ်ပြု မှတ်တမ်းတင်ကြခြင်းမဟုတ်ဘဲ နက်ရှိုင်းကျယ်ဝန်းလှတဲ့ ပညာဗဟုသုတကြောင့် မှတ်တမ်းတင်ခြင်း ဖြစ်ပါတယ်။

ပါမောက္ခအော်စလာအနေနဲ့ ဆေးပညာသာမဟုတ် အသိပညာဟူသမျှကို နှစ်ခြိုက်ခုံမင်သူဖြစ်တဲ့အပြင် ခေတ်အဆက်ဆက် လူတို့တွေးခဲ့ကြံခဲ့ လုပ်ကိုင်ခဲ့သမျှကို သိချင်ကြားချင်ပါတယ်။ လူသားမျိုးနွယ်တစ်ရပ်လုံးရဲ့ တန်ဖိုးအရှိဆုံး အတွေ့အကြုံများကို သူ မှတ်သားနာယူချင်တယ်၊ အဲဒီလို မှတ်သားနိုင်ဖို့အတွက် အကောင်းဆုံးနည်းလမ်းဟာ စာဖတ်ခြင်းဖြစ်တယ်ဆိုတာကို သူကသိတယ်။ အဲဒီလိုသိပေမယ့် သူ့မှာ စာဖတ်ချိန်မရတဲ့အခက်အခဲက ရှိနေပါတယ်။

ပါမောက္ခကြီးက ဆေးကုသရတယ်၊ ဆေးပညာသင်ကြား ပို့ချရတယ်၊ ဆေးသုတေသန လုပ်ငန်းများ၌လည်း အာရုံစူးစိုက်ရသေးတယ်။ တစ်နေ့ ၂၄ နာရီသည် သူ့အဖို့ အလွန်နည်းနေတဲ့အတွက် စာဖတ်ချိန်ရချင်ရင် အိပ်ချိန်ထဲက ဖဲ့ယူရန်မှတစ်ပါး အခြားနည်းလမ်းမရှိတော့တဲ့အတွက် စာဖတ်ဖို့ အချိန်ကို အခုလိုသတ်မှတ်ရပါတယ်။ ညအိပ်ရာဝင်တော့မယ့်အချိန်တွင် စာကို ၁၅ မိနစ်ဖတ်တဲ့ အလေ့အကျင့်တစ်ခုကို အစပြုခဲ့ပါတယ်။ ည ၁၁ နာရီ အိပ်တော့မယ်ဆိုရင် စာဖတ်ဖို့အတွက် ၁၅ မိနစ် အချိန်ထပ်ယူ။ ၁၁ နာရီ ၁၅ မိနစ်မှာ အိပ်ပါတယ်။ အလုပ်များလို့ ည ၁၂ နာရီထိုးသွားရင်လည်း နောက်ထပ် ၁၅ မိနစ်ထပ်တိုးကာ သန်းခေါင်ကျော်ပြီး ၁၅ မိနစ်မှာအိပ်တယ်။ ဒီလိုနဲ့ တစ်နေ့တာ စာဖတ်ချိန် ၁၅ မိနစ်ကို မရရအောင်ယူပြီး စာဖတ်ခဲ့ပါတယ်။ ဒီနေရာမှာ စာဖတ်သူအနေနဲ့ ဒီ ၁၅ မိနစ်လောက်ဖတ်ရုံနဲ့ ဘာရမှာလဲ၊ ၁၅ မိနစ်လောက်တော့ ငါတို့ဖတ်နိုင်တာပေါ့လို့ စောဒကတက်လိုက တက်နိုင်ပါတယ်။ တစ်နေ့ကို ၁၅ မိနစ်ပဲ စာဖတ်ချိန်ရခဲ့တဲ့ ပါမောက္ခကြီးရဲ့အောင်မြင်မှုကို ဆက်ဖတ်ကြည့်ပါခင်ဗျာ။

ပါမောက္ခကြီးဟာ လူလတ်ပိုင်းအရွယ် အလုပ်များတဲ့ ဆရာဝန်ကြီးဖြစ်စ ကာလမှာပင် အိပ်ခါနီး ၁၅ မိနစ် စာဖတ်တဲ့ အလေ့အကျင့်ကို သူရရှိခဲ့ပြီး ကွယ်လွန်ခါနီးအချိန်ထိ နေ့စဉ်မပျက်ကျင့်သုံးခဲ့တာ အနှစ် ၇၀ သူ့သက်တမ်းကာလအတွင်း စာအုပ်စာတမ်း ကျမ်းပေါင်းများစွာကို ဖတ်ရှုဖြစ်ခဲ့ပါတယ်။ အဲဒီလို ဖတ်တဲ့အခါမှာလည်း ပြီးပြီးရောဖတ်ရှုခြင်းမျိုး မဟုတ်ဘဲ ကိုယ်တိုင်ဖတ်ရုံအပြင် နောက်လူများအတွက် စာအုပ်စာတမ်း ကျမ်းပေါင်း ၇၇၈၇ အုပ်ကို သူပြုစုတဲ့ စာအုပ်အညွှန်းကျမ်းကြီးမှာ စနစ်တကျညွှန်းဆိုနိုင်ခဲ့ပါတယ်။

စာဖတ်ချိန်နည်းတဲ့အထဲကနေ မရမကဖတ်ပြီး ကျော်ကြားလာတဲ့သူတစ်ယောက်ကိုလည်း နမူနာထုတ်ပြလိုပါတယ်။ စာဖတ်ပြီး စာကပေးတဲ့အသိပညာကိုအသုံးချကာ အောင်မြင်တဲ့သူဖြစ်ပါတယ်။ သူက ဒေါက်တာကက်ဒမင် (Dr. S. Parkes aCdman) ဖြစ်ပါတယ်။ ဒေါက်တာဟာ အမေရိကန်နိုင်ငံမှာ အထင်ရှားဆုံး တရားဟောဆရာတစ်ယောက် ဖြစ်ပါတယ်။ ရေဒီယိုမှထုတ်လွှင့်တဲ့ သူ့ရဲ့ဟောပြောချက်တွေကို ကမ္ဘာအနှံ့အပြားမှ လူသန်းပေါင်းများစွာတို့ ပုံမှန်စောင့်မျှော်နားဆင်ခဲ့ကြရပါတယ်။

ဒေါက်တာကက်ဒမင်ကို အိုးလ်ပ့ါခ်လို့ခေါ်တဲ့ ကျောက်မီးသွေးတွင်းမြို့ကလေးမှာ မွေးဖွားခဲ့ပါတယ်။ မိသားစုက ဆင်းရဲလှသဖြင့် သူ့အသက် ၁၁ နှစ်အရွယ်မှာ ကျောက်မီးသွေးတွင်းမှာ ကျောက်မီးသွေးတွေကို လှည်းနဲ့ သယ်ပို့ရတဲ့အလုပ်ကို တစ်နေ့ ၈ နာရီလောက် အလုပ်လုပ်ရပါတယ်။ အဲဒီလို အလုပ်လုပ်ရင်းနဲ့ ဆယ်နှစ်လောက် လုပ်လာတဲ့အခါ ကျောက်မီးသွေးတွင်းထဲကနေ လွတ်မြောက်လာခဲ့ပါတယ်။ သူအလုပ်မလုပ်ချင်လို့ လွတ်မြောက်ခဲ့တာမဟုတ်ပါဘူး။ စာအုပ်စာပေကိုဖတ်ရှုပြီး ကိုယ်တိုင်ပညာရှာခဲ့လို့ဖြစ်ပါတယ်။ သူဟာ ဥမင်လိုဏ်ခေါင်းထဲမှာ အလုပ်လုပ်နေစဉ် သူ့ရဲ့အိတ်ထဲမှာ စာအုပ်တစ်အုပ် အမြဲပါပါတယ်။ သူ့ရဲ့လှည်း တစ်ခေါက်ရောက်လို့ အခြားလုပ်သားတွေက ကျောက်မီးသွေးချနေစဉ် စောင့်ဆိုင်းချိန် တစ်မိနစ် နှစ်မိနစ်စီ သူရပါတယ်။ အဲဒီရတဲ့အချိန်လေးမှာ အိတ်ထဲကစာအုပ်ကို အမြန်ထုတ်ပြီး လိုဏ်ခေါင်းထဲမှာ ထွန်းထားတဲ့ မီးအိမ်မှိန်မှိန်မှ အလင်းရောင်နဲ့ အပြေးအလွှား ဖတ်ရပါတယ်။ သူဟာ ရသလောက်ဖတ်၊ စာအုပ်ကိုပိတ်၊ အိတ်ထဲပြန်ထည့်၊ နောက်တစ်ခေါက်သယ်ပို့၊ နောက်တစ်ကြိမ် တစ်မိနစ်၊ နှစ်မိနစ်ဖတ် အဲဒီလိုနဲ့ ပညာရှာခဲ့ရပါတယ်။

ကျောက်မီးသွေးတွင်းလုပ်သားဘဝ ဆယ်နှစ်တာကာလအတွင်းမှာ ရသမျှအချိန်ကို အလွတ်မပေးဘဲ စာဖတ်သလို အလုပ်ပြီးတဲ့အခါမှာလည်း ပတ်ဝန်းကျင်မှငှားရမ်း၍ ရသမျှစာအုပ်တွေကို အငမ်းမရဖတ်ခဲ့ပါတယ်။ အသက်နှစ်ဆယ်လောက်ရောက်တဲ့အချိန် ပြင်ပအထွေထွေစာအုပ်ပေါင်း တစ်ထောင်ကျော်မျှ ဖတ်ပြီးရုံမက ကျောင်းသုံးစာအုပ်များကိုပါ ညက်ညက်ကျေခဲ့လို့ ကောလိပ်ကျောင်းတက်ရန် ပညာသင်ဆုရရှိခဲ့ပါတယ်။ အဲဒီက စပြီး သူ့ရဲ့ပညာဘဝက ဖြောင့်တန်းသွားခဲ့ပြီး ငယ်စဉ်က ကျောင်းကောင်းကောင်းမနေခဲ့ရတဲ့သူဟာ စာပေဗဟုသုတ ကြီးမားလှတဲ့ ပုဂ္ဂိုလ်တစ်ဦးအဖြစ် အောင်မြင်ထင်ရှားလာခဲ့ပါတယ်။

‘မည်သူမဆို ညအိပ်ရာဝင်ချိန်၌ မနက်အိပ်ရာထချိန်ထက် နည်းနည်းဖြစ်စေ အသိဉာဏ်ပညာ ပိုရှိနေရမယ်လို့ဆိုပါတယ်။ အဲဒီလိုမှမဟုတ်ရင် လူသားတစ်ဦးအနေနဲ့ အကြီးမားဆုံးပြစ်မှုကို ကျူးလွန်ခဲ့ရာရောက်တယ်’ လို့ လီယိုဗတ်စကာဂလီယာက ဆိုထားပါတယ်။ လူသည် မနက်ထက် ညမှာ ပညာပိုရှိရမယ်။ မနေ့ကထက် သည်ကနေ့ ပညာပိုရှိရမယ်။ အသက်ကြီးလာသည်နှင့်အမျှ ဦးနှောက်အလေးချိန် ပိုစီးလာရမယ်။ အဲဒီလိုဖြစ်ဖို့အတွက် လုပ်ဆောင်ရန် တစ်နည်းသာရှိတယ်လို့ဆိုပါတယ်။ အဲဒါကတော့ ‘စာဖတ်ပါ’ လို့တိုက်တွန်းထားပြီး ဘယ်လိုစာတွေကို ဖတ်ရမလဲ၊ ဘယ်လိုဖတ်ရမလဲဆိုတာနဲ့ပတ်သက်လို့ ‘နေ့စဉ်ဖတ်ပါ။ စာကောင်းပေကောင်းကို ရွေးဖတ်ပါ။ ကိုယ့်အလုပ်အတွက် ကိုယ့်ဘဝအတွက် အသုံးဝင်မယ့်အရာကို ဦးစားပေးရွေးဖတ်ပါ’ လို့ ဆိုထားပါတယ်။ တစ်နေ့တာစာဖတ်ချိန်ယူပုံယူနည်းကိုလည်း အိပ်ရာဝင်မဟုတ်လျှင် အိပ်ရာထ၊ ဒါမှမဟုတ် နံနက်စာ မစားမီ၊ သို့မဟုတ် စားပြီး နေ့လယ်၊ ဒါမှမဟုတ် ညနေတစ်နေ့မှာ ၁၅ မိနစ်လောက် အချိန်ရှာမရနိုင်ဘူးလား။ မိမိဖတ်မယ့်စာအုပ်တွေကို သတ်မှတ်ရွေးချယ်ထားပြီး လွယ်အိတ်ထဲမှာ၊ ရုံးစားပွဲကအံဆွဲထဲမှာ၊ ဧည့်ခန်းမှာ၊ အိပ်ခန်းမှာ စသဖြင့် ထားမယ်ဆိုရင် စာဖတ်ချိန် ငါးမိနစ်၊ ဆယ်မိနစ်နဲ့ စုပေါင်းလိုက်ရင် တစ်နေ့ကို ၁၅ မိနစ်မက အချိန်ရမှာ သေချာပါတယ်။

ကျွမ်းကျင်သူတွေရဲ့တွက်ချက်မှုအရ တစ်နေ့ကို ၁၅ မိနစ်ဖတ်ရင် တစ်လမှာ စာအုပ်ထူထူနှစ်အုပ်ဖတ်ပြီး၊ တစ်နှစ် ပျမ်းမျှ ၂၀-၂၅အုပ်၊ တစ်သက်တာဆိုရင် စာအုပ်ပေါင်း ၁၀၀၀ လောက်ဖတ်ဖြစ်တယ်လို့ဆိုပါတယ်။ ဖတ်ရမယ့်စာအုပ်ကိုတော့ တကယ်တန်ဖိုးရှိတဲ့စာအုပ်ကောင်းတွေ ရွေးချယ်ဖတ်ရှုမိဖို့ပါပဲဆိုပြီး စာဖတ်သမားရဲ့မှတ်စုများစာအုပ်မှာ တိုက်တွန်းထားတာပါတယ်။

> **သူ့အချိန်နဲ့သူလုပ်ရင် အလုပ်က ပြီးပြတ်ပါတယ်။ မရောင်ရာ ဆီလူးနေကြတာ များနေလို့ပါ။ အဲဒီလို ဆီလူးနေမယ့်အစား အကျိုးရှိမယ့် စာတွေဖတ်နေရင် ဘယ်လောက်ကောင်းလိုက်မလဲလို့ တွေးမိပါတယ်။ စာဖတ်အားနည်းလို့ အာဇာနည်ခေါင်းဆောင်ကြီးတွေကိုလည်း မသိ၊ လွတ်လပ်ရေးရတဲ့နှစ်ကိုလည်း မပြောတတ်၊ ပြည်ထောင်စုနေ့ဆိုလည်း ကျောင်းပိတ်တယ်လို့ပဲ သိနေကြပါတယ်။**

စာဖတ်ချိန်မရဘူး၊ စာဖတ်ချိန်မရှိဘူးလို့ ပြောနေတဲ့သူတွေအနေနဲ့ လက်ဖက်ရည်ဆိုင်ထိုင်နေတဲ့ အချိန်တွေ၊ ရုံးရောက်ရင် လေပန်းနေတဲ့အချိန်၊ အလုပြင်နေတဲ့အချိန်၊ ဖိုင်တွေကို ဟိုဘက်ဒီဘက် ရွှေ့နေတဲ့အချိန်၊ ကိုယ်မပါရင်ဘဲ မဖြစ်တော့သလိုလို ဟိုထသွားလိုက်၊ ဒီထသွားလိုက်၊ ဟိုဟာပျောက်သလိုလို၊ ဒီဟာပျောက်သလို၊ ဘယ်မိတ်ကပ်က ဘယ်လိုအစရှိတဲ့ မလိုလားအပ်တာတွေလုပ်နေပြောနေမယ့်အစား၊ ဖုန်းပွတ်နေမယ့်အစား အကျိုးရှိမယ့်စာကို ဖတ်လိုက်ရင် မကောင်းဘူးလား။ ကိုယ့်အတွက်လည်း အကျိုးရှိ၊ တိုင်းပြည်အတွက်လည်း အကျိုးရှိတာပေ့ါ။ အခုတော့ ကိုယ့်ရှေ့ရောက်နေတဲ့ သတင်းစာတောင် ဟန်ဆောင်ပန်ဆောင်ကိုင်မကြည့်ကြတဲ့သူက များနေပါတယ်။ ကျောင်းသားဘဝတုန်းကလည်း စာတွေဖတ်ခဲ့ရတာ အခုလည်း စာတွေဖတ်ရမယ်ဆိုရင် မဖတ်ချင်တော့ပါဘူးလို့ ပြောတဲ့ဝန်ထမ်းတွေနဲ့လည်း ကြုံဖူးပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ တလွဲဂုဏ်ယူနေတာရှိပါသေးတယ်။ အလုပ်တွေ များလိုက်တာ၊ ထမင်းတောင် အချိန်မှန် မစားရဘူး။ ရုံးဆင်းရင်လည်း ညအချိန်မတော်မှ ဆင်းရတယ်၊ မနက်ဆိုလည်း စောစောသွားရတယ်ဆိုတာတွေဖြစ်ပါတယ်။ တကယ်တော့ အလုပ်က ဒီလောက်များတာမဟုတ်ပါဘူး။ အစည်းအဝေးတွေနဲ့ အချိန်ကုန်နေကြသလို ဟန်ရေးပြနေကြတာ များပါတယ်။ ရုံးချိန်မဟုတ်တဲ့အချိန်မှာ အလုပ်လုပ်မှ၊ ညဘက်အလုပ်လုပ်မှ အလုပ်လုပ်တယ်လို့ အထင်ခံချင်ကြသလို လူကြီးတွေကလည်း အဲဒါကိုမှ အလုပ်လုပ်တယ်လို့ ထင်နေကြပါတယ်။ သူ့အချိန်နဲ့သူလုပ်ရင် အလုပ်က ပြီးပြတ်ပါတယ်။ မရောင်ရာ ဆီလူးနေကြတာ များနေလို့ပါ။ အဲဒီလို ဆီလူးနေမယ့်အစား အကျိုးရှိမယ့် စာတွေဖတ်နေရင် ဘယ်လောက်ကောင်းလိုက်မလဲလို့ တွေးမိပါတယ်။ စာဖတ်အားနည်းလို့ အာဇာနည်ခေါင်းဆောင်ကြီးတွေကိုလည်းမသိ၊ လွတ်လပ်ရေးရတဲ့နှစ်ကိုလည်း မပြောတတ်၊ ပြည်ထောင်စုနေ့ ဆိုလည်း ကျောင်းပိတ်တယ်လို့ပဲ သိနေကြပါတယ်။ ပြောရမယ်ဆိုရင် အများကြီးပါ။

ပြီးခဲ့တဲ့ နှစ် ၇၀ ပြည့် အာဇာနည်နေ့ကို ရုပ်သံတွေက တိုက်ရိုက်လွှင့်တာ ကြည့်နေရင်းနဲ့ ဆယ်တန်းအထိ ပညာသင်ဖူးတဲ့ အသက် ၃၅ နှစ်အရွယ် အမျိုးသမီးက ‘ဒါဆို ဗိုလ်ချုပ်တို့က လုပ်ကြံခံရတော့ပေ့ါနော်’ လို့မေးပြီး သမီးက အခုမှသိတာလို့’ ပြောပါတယ်။ သူ့ကို အပြစ်မတင်မိပါဘူး၊ လူငယ်တွေကို အရက်ရဲ့ကျေးကျွန်ဖြစ်အောင် လုပ်ခဲ့တဲ့သူတွေ၊ စာကြည့်တိုက်တွေကို လျစ်လျူရှုခဲ့တဲ့သူတွေ၊ သမိုင်းကို အမှောင်ချခဲ့တဲ့သူတွေ၊ သူတို့ရဲ့အာဏာကို မထိခိုက်ရင် လုပ်ချင်တာလုပ်ပလေ့စေဆိုတဲ့စိတ်ဓာတ်တွေနဲ့အုပ်ချုပ်ခဲ့တဲ့ အာဏာရှင်တွေကြောင့်ဆိုတာ အဖြေကရှင်းနေပါတယ်။ အာဏာရှင်တွေကြောင့် လူငယ်တွေ အခုလို အ,ကုန်၊ လူညွှန့်တုံးကုန်ကြတာဖြစ်ပါတယ်။ အာဏာရှင်တွေအနေနဲ့ အနာဂတ်ကို အကွက်ကျကျဖျက်ဆီးခဲ့တာကို ရေစုန်မျှောလိုက်မလား၊ စာဖတ်ပြီး တိုးတက်အောင်လုပ်မလားဆိုတာ အနာဂတ်ကိုလွှမ်းမိုးမယ့်လူငယ်တွေရဲ့ လက်ထဲမှာရှိပါတယ်။

ကျွန်တော်တို့အားလုံး စာမဖတ်ကြတဲ့အခါ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကို မသိကြတော့ဘဲ အ,ကုန်၊ တုံးကုန်ကြမှာစိုးမိပါတယ်။

■ **ကိုရဲ (ရွှေတြိဂံ)**

ကိုးကား

ဆရာဖေမြင့်၊ စာဖတ်သမား၏မှတ်စုများ။ ၂၀၀၃ ခုနှစ်၊ ဩဂုတ်လ၊ ပထမအကြိမ်။

# လက်ပံတောင်းဒေသ ကျောက်ထုတ်ကုမ္ပဏီများ ဖွံ့ဖြိုးရေးရန်ပုံငွေ ပေးသွင်းခြင်းမရှိ

**မုံရွာ၊ ဩဂုတ် ၁၇**

ဆားလင်းကြီး မြို့နယ်အတွင်းရှိ လက်ပံတောင်းတောင်၊ ဝမ်ပေါင်ဆိုက်သို့ ကျောက်တင်သွင်းခွင့် ရထားသော ကျောက်ထုတ်ကုမ္ပဏီကိုးခုသည် မြို့နယ်ဖွံ့ဖြိုးရေးရန်ပုံငွေကို လုံးဝပေးသွင်းထားခြင်းမရှိကြောင်း ဆားလင်းကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီး ကိုယ်စားလှယ် ဦးစောမောင်က ပြောကြားသည်။

အဆိုပါ ဖွံ့ဖြိုးရေးရန်ပုံငွေသည် ဆားလင်းကြီးမြို့နယ်အတွင်း ကျောက်ထုတ်လုပ်ခြင်းအတွက် ကျောက်တစ်ကျင်းထုတ်လျှင် ၃၀၀ ကျပ် ဒေသဖွံ့ဖြိုးရေးအတွက်ပေးသွင်းရန် ကျောက်စနစ်တကျထုတ်လုပ်ရေး ကော်မတီကချမှတ်ထားသော်လည်း လက်ပံတောင်းဒေသခံ ကျောက်ထုတ်လုပ်ရေးအဖွဲ့နှစ်ခုအပါအဝင် ကုမ္ပဏီပေါင်းကိုးခုက ဖွံ့ဖြိုးရေး ရန်ပုံငွေ ကျောက်ကျင်း ၉၆၀၀၀ ကျော်အတွက် ကျပ် ၂၉၀ သိန်းကျော်ကို ပေးသွင်းခြင်းမရှိခြင်းဖြစ်ကြောင်း ၎င်းက ပြောဆိုသည်။

“တိုင်းအစိုးရရဲ့ညွှန်ကြားမှုနဲ့ဖွဲ့ခဲ့တဲ့ ကျောက်စနစ်တကျထုတ်လုပ်ရေးကော်မတီကနေ ကုမ္ပဏီကိုးခုကိုထုတ်လုပ်တင်သွင်းခွင့်ချပေးခဲ့တာပေါ့။ မြို့နယ်ဖွံ့ဖြိုးရေးရန်ပုံငွေကို ဘယ်ကုမ္ပဏီကမှ ပေးတာမရှိသေးပါဘူး။ နိုင်ငံတော် အခွန်ကိုလည်း ကုမ္ပဏီ နှစ်ခုပဲပေးသေးတယ်” ဟု ၎င်းက ဆိုသည်။

အဆိုပါမြို့နယ် ရှုံးပင်ရိုးမင်းတောဒေသရှိ ခေါင်းပေါင်းကျောက်များကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ဝမ်ပေါင်ဆိုက်အတွင်း ဆဲလ်လိုင်းခင်းရန် ထုတ်လုပ်တင်သွင်းခွင့်ပေးထားရာ ကျောက်ထုတ်ခွင့်ရကုမ္ပဏီကိုးခုမှ ကျောက်တင်သွင်းခွင့်ကို လုပ်ကိုင်ပြီးစီးသည့်နှစ်လကြာသည်အထိ ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကိုပေးဆောင်ခြင်းမရှိသည်နှင့် ပတ်သက်၍ တိုင်းဒေသကြီးအစိုးရက ဆောင်ရွက်ပေးရန် ဩဂုတ်လ ၁၅ ရက်နေ့က ကျင်းပသည့် လွှတ်တော်အစည်းအဝေးတွင် မေးခွန်းမေးမြန်းခဲ့ခြင်းဖြစ်သည်။

အဆိုပါ ကိစ္စရပ်နှင့်ပတ်သက်၍ ကျောက်ထုတ်ကုမ္ပဏီများ၊ မြို့နယ်စနစ်တကျ ကျောက်ထုတ်လုပ်သယ်ယူရေး ကြီးကြပ်မှု ကော်မတီအပါအဝင် ဒေသခံများနှင့် လွှတ်တော်ကိုယ်စားလှယ်များက ညှိနှိုင်းဆောင်ရွက်ကြရန် လိုကြောင်း တိုင်းအစိုးရအဖွဲ့ စိုက်ပျိုး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကမ်ဇာမုံက ပြောဆိုသည်။

ယင်းကျောက်လုပ်ကွက်များမှ ကျောက်တစ်ကျင်းထုတ်ယူလျှင် နိုင်ငံတော်သို့ ၂၅၀၀ ကျပ်၊ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေအဖြစ် ၃၀၀ ကျပ် ပေးသွင်းရမည်ဖြစ်ပြီး ဆားလင်းကြီးမြို့နယ်တွင် ကျောက်ထုတ်လုပ်မှုကြီးကြပ်ရေး ကော်မတီဖွဲ့ကာ ဝမ်ပေါင်ဆိုက်အတွင်းသို့ ကျောက်တင်သွင်းခဲ့ခြင်းဖြစ်ရာ အဆိုပါကုမ္ပဏီများ၏ နိုင်ငံတော်သို့ပေးဆောင်ရန် ခါတ်သတ္တုအခွန်ငွေမှာ ကျပ်သိန်းပေါင်း ၈၀၀ ကျော် ဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်များထံမှ သိရသည်။ ■

**R-08**


Photo - paw oo

# သီးနှံဈေးထိုးကျ၍ တောင်သူများအခက်တွေ့

**မကွေး၊ ဩဂုတ် ၁၇**

လုပ်သားခများ ကြီးမြင့်ခြင်းနှင့် အတူ သီးနှံဈေးနှုန်းကျဆင်းနေခြင်းတို့ကြောင့် တောင်သူများအခက်တွေ့နေရပြီး တောင်သူလုပ်ငန်းအပေါ် မှီခိုလုပ်ကိုင်သူနည်းလာကြောင်း မကွေးတိုင်းအတွင်းရှိ နှမ်းနှင့် မြေပဲစိုက်တောင်သူများက ပြောကြားသည်။

လွန်ခဲ့သည့် ၂၀၁၄- ၂၀၁၅ ခုနှစ်အတွင်းက မြေပဲ၊ နှမ်းနှင့် ပဲစင်းငုံဈေးတို့သည် အမြင့်ဆုံးဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သော်လည်း ၂၀၁၅ အလွန်ကာလများတွင်မူ ယခုအချိန်ထိ သီးနှံဈေးနှုန်း အလွန်အမင်းကျဆင်းနေခြင်း အပေါ် တောင်သူအချို့က စိုးရိမ်ပူပန်နေကြကြောင်း မကွေးမြို့နယ် ကန်ပြားကျေးရွာမှ မြေပဲစိုက်တောင်သူ ဦးလွင်က ပြောဆိုသည်။

“အခုဆို နှမ်းဖြူတစ်တင်း ၃၅၀၀၀ ဝန်းကျင်နဲ့လည်နေတာ။ မြေပဲဈေးဆိုရင်လည်း လုပ်သားခတောင် ပြန်မရနိုင်တဲ့အဖြစ်မျိုးတွေ”ဟု နတ်မောက်မြို့နယ် သမုန်းပင်(န) ကျေးရွာတောင်သူ ဦးအောင်ကျော်က ဆိုသည်။

ဒေသတွင်း လုပ်သားငှားရမ်းရသည်မှာလည်း လွန်စွာခက်ခဲလာပြီး ငှားရမ်းခမှာလည်း ယခင်ကထက်မြင့်တက်လာကြောင်း တောင်သူများက ပြောကြားသည်။

တစ်ကေလျှင် အများဆုံးနှမ်းငါးတင်းသာထွက်ရှိမည် ဖြစ်သော်လည်း လုပ်သားခနှင့် စိုက်ပျိုးရေးဆေးဖိုးများ အပါအဝင် မြေဩဇာဖိုး ကျသင့်ငွေများ အတိအကျတွက်ချက်မည်ဆိုပါက လက်ရှိသီးနှံဈေးသည် တောင်သူများ၏ဘဝနာလန်ထူနိုင်ရန်ပင် မလွယ်ကူလှကြောင်း နတ်မောက်ဒေသခံ တောင်သူအချို့က သုံးသပ်ပြောဆိုသည်။

လွန်ခဲ့သည့်သုံးနှစ်ခန့်က ပင်ထောင်မြေပဲတစ်တင်းလျှင် ကျပ် ၁၀၀၀၀ ဝန်းကျင်၊ နှမ်းနက်စမုန်တစ်တင်း ကျပ် ၆၀၀၀၀၊ ပဲစင်းငုံနီတစ်တင်းလျှင် ကျပ် ၃၅၀၀၀ ကျော်ရှိခဲ့သော်လည်း ယခုအခါ မြေပဲတစ်တင်း ၇၅၀၀ခန့်၊ နှမ်းနက်စမုန်တစ်တင်း ၃၈၀၀၀ ကျော်၊ ပဲစင်းငုံနီတစ်တင်းလျှင် ၁၄၅၀၀ ခန့်ဖြင့်သာ အရောင်းအဝယ်ဖြစ်နေကြောင်း ကျောက်ပန်းတောင်းမြို့ ကုန်သည်ကြီးများ အသင်းစာရင်းများအရ သိရသည်။ ■**R-02**

# အိမ်ဆိုင်များ ရောင်းချခွင့် မလျှောက်ပါက အရေးယူမည်

**တောင်ငူ၊ ဩဂုတ် ၁၇**

ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေး ဥပဒေသစ်အရ မြို့နယ်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း အိမ်ဆိုင်ငယ်များ ဖွင့်လှစ်ရောင်းချနေသူများအနေနှင့် မြို့နယ် စည်ပင်သာယာရေး အဖွဲ့ထံ ရောင်းချခွင့်မလျှောက်ဘဲ ရောင်းချပါက ဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း တောင်ငူခရိုင် ဥပဒေအရာရှိ ဒေါ်သစ်သစ်ဝင်းက ပြောကြားသည်။

တောင်ငူမြို့နယ် ခပေါင်းခန်းမဆောင်တွင် ဩဂုတ်လ ၁၇ ရက် နံနက်ပိုင်းက ကျင်းပသော ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေပါ စည်ပင်သာယာရေးလုပ်ငန်းများနှင့် မြို့သန့်ရှင်းသာယာရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေအား မြို့ခံလူထုထံ အသိပေးရှင်းလင်း ဆွေးနွေးသော အခမ်းအနားတွင် ခရိုင် ဥပဒေအရာရှိက ယင်းကဲ့သို့ ပြောကြားခဲ့သည်။

ပဲခူးတိုင်းဒေသကြီး စည်ပင်ဥပဒေပုဒ်မ ၇၉တွင် ပြဋ္ဌာန်းထားသည်မှာ ရပ်ကွက်များတွင် ဖွင့်လှစ်ရောင်းချသော အိမ်ဆိုင်များအနေနှင့် စည်ပင်တွင် တရားဝင်မှတ်ပုံတင်ထားခြင်း မရှိပါက ကနဦးစီမံခန့်ခွဲမှု ပြစ်ဒဏ် ကျပ်ငါးထောင်မှ အမြင့်ဆုံး ကျပ်တစ်သောင်းအထိပေးဆောင်ရမည် ဖြစ်ကြောင်း၊ အလားတူ အန္တရာယ်ရှိသော လုပ်ငန်းများကိုလည်း မှတ်ပုံတင်ရမည် ဖြစ်ကြောင်း ၎င်းထံမှ သိရသည်။

အသစ် ရေးဆွဲပြဋ္ဌာန်းထားသည့် ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေး ဥပဒေပါ ပုဒ်မ ၇၉ ၊၈၀၊ ၈၁၊ ၈၂၊ ၈၃၊ ၈၄၊ ၈၅ နှင့် ၈၆ များတွင် ပြဋ္ဌာန်းထားသည့် ဥပဒေပုဒ်မများကို ကနဦးစီမံခန့်ခွဲမှုပြစ်ဒဏ် ကျပ် ၅၀၀၀မှ စတင်ကာ ဒဏ်ငွေ ချမှတ်နိုင်သည့်အပြင် ထောင်ဒဏ်နှင့်ဖောက်ဖျက်ကျူးလွန်သည့်နေ့မှစတင်ပြီး တစ်ရက်လျှင် ကျပ်တစ်သောင်းပေးဆောင်ရမည် ဖြစ်ကြောင်း ဥပဒေတွင် သတ်မှတ်ထားသည်။

“ဥပဒေမှာ ပြဋ္ဌာန်းထားပေမယ့် တချို့ဟာတွေက အခုထိလုပ်မရသေးတာ အများကြီးပါ၊ ဥပဒေမှာဈေးဆိုင် ကလေးတွေ လမ်းဘေးမှာဖွင့်ထားတယ်။ မှတ်ပုံတင်မထားဘူးဆိုပေမယ့် ဈေးကောက်လို့ အများသိတဲ့ စည်ပင်ပိုင်မြေမှာဖွင့်တဲ့ အဖိုးအခငွေကြေးပေးတယ်ဗျာ၊ တစ်နည်းတစ်ဖုံ မြို့တော် သာယာရေးအတွက်အခွန်အခပေးဆောင်တာမျိုး မဟုတ်ဘူးလား” ဟု တောင်ငူမြို့ လူမှုရေးတက်ကြွလှုပ်ရှားသူတစ်ဦးက ပြောကြားသည်။

ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေကို တိုင်းဒေသကြီးအစိုးရ လက်ထက်တွင် စတင်ရေးဆွဲခဲ့ပြီး ယခု ဦးဝင်းသိန်း ဦးဆောင်သည့် အစိုးရသစ်လက်ထက်တွင် အသစ်ပြန်လည်ရေးဆွဲအတည်ပြုပြဋ္ဌာန်းခဲ့ကြောင်း၊ ယင်းဥပဒေအရ မြို့နယ် စည်ပင်သာယာရေး အဖွဲ့များအနေနှင့် ဘတ်ဂျက်ကို ကိုယ်တိုင် ရှာဖွေပြီး ဝန်ထမ်းလစာများနှင့် မြို့နယ်သာယာရေး လုပ်ငန်းများကို ပြန်လည် သုံးစွဲရမည် ဖြစ်သည်။

■ **R-15**



Photo- Than Htaike Aung

# ကလေးတွင် ခွင့်ပြုချက်မဲ့ ဆေးဆိုင်နှစ်ဆိုင်ကိုပိတ်

**ကလေး၊ ဩဂုတ် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်အတွင်းရှိ ခွင့်ပြုထားခြင်းမရှိသည့် ဆေးဝါးများရောင်းချသည့် ဆေးဆိုင်နှစ်ဆိုင်ကို အမျိုးသားဆေးဝါး ဥပဒေအတိုင်း သုံးလ သို့မဟုတ် ခြောက်လအထိ ပိတ်သိမ်းအရေးယူမည်ဖြစ်ကြောင်း ကလေးခရိုင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန ခရိုင်ဒုဉက္ကဋ္ဌ ဒေါက်တာ ဦးကောင်းထက်ဦးက ပြောကြားသည်။

ကလေးမြို့ပေါ်ရှိ ဆိုင် ၁၃ ဆိုင်ကို ဩဂုတ်လ ၁၆ ရက်နေ့က စစ်ဆေးခဲ့ရာတွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနမှ သုံးစွဲခွင့် မပြုထားသည့်ဆေးဝါးများကို အများအပြားရောင်းချနေသည့် ဆေးဆိုင်နှစ်ဆိုင်ကို အမျိုးသားဆေးဝါး အက်ဥပဒေအတိုင်း သုံးလနှင့် အထက် ပိတ်သိမ်းရန် ဆောင်ရွက်လျက်ရှိကြောင်း ၎င်းက ရှင်းပြသည်။

"ကျန်တဲ့ဆိုင်တွေကလည်း အနည်းအကျဉ်းရောင်းချနေတာတွေ့လို့ ပစ္စည်းတွေသိမ်းပြီး ဝန်ခံကတိထိုးခိုင်းခဲ့တယ်။ အဲဒီဆိုင်နှစ်ဆိုင်မှာ ပထမတစ်ကြိမ်စစ်ဆေးတုန်းကလည်း ဆေးဝါးတွေ သိမ်းဆည်းရမိလို့ ဝန်ခံကတိထိုးခိုင်းထားခဲ့ပြီးပါပြီ။ အခုတစ်ကြိမ်မှာတော့ အမျိုးသားဆေးဝါး ဥပဒေအတိုင်း အရေးယူသွားမှာပါ" ဟု ဒေါက်တာကောင်းထက်ဦးက ဆိုသည်။

သုခရွှေပြည်ဆေးဆိုင်မှ FDA က ခွင့်ပြုမထားသည့် ဆေးဝါးအမျိုးအစား ၅၀ မျိုး၊ တိုက်စိမ်း ၃ ဆေးဆိုင်မှ ဆေးဝါးအမျိုးအစားပေါင်း ၂၀ ကို သိမ်းဆည်းရမိခဲ့ကြောင်း၊ ကလေးမြို့သည် မြန်မာ-အိန္ဒိယနယ်စပ် တမူးမြို့နှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းပေါ်တွင် အနီးဆုံးတည်ရှိနေပြီး ဝင်ပေါက်တစ်ခုကဲ့သို့ဖြစ်လာသည့်အတွက် အထူးဂရုထား စစ်ဆေးမှုလုပ်ဆောင်ရန် လိုအပ်သည့်အတိုင်း စစ်ဆေးနေခြင်းဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

ကလေးခရိုင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနမှ ဦးစီး၍ ၂၀၁၇ ခုနှစ် ဇွန်လ ၁၄ ရက်နေ့ကတစ်ကြိမ် မတ်လ ၂၅ ရက်နေ့က တစ်ကြိမ်၊ မေလ ၁၁ ရက်နေ့ကတစ်ကြိမ်နှင့် ဇွန်လ ၂၀ ရက်နေ့က တစ်ကြိမ် အသိပညာပေး စစ်ဆေးမှု နောက်ဆုံးပြုလုပ်ခဲ့ပြီးနောက် ပညာရေးကာလကုန်ဆုံးပြီဖြစ်သည့်အတွက် အရေးယူမှုစတင်လုပ်ဆောင်ခြင်းဖြစ်ကြောင်း အဆိုပါဌာနထံမှ သိရသည်။

■ R-20

# ကျိုင်းတုံမြို့တွင်းလမ်းများကို ဘာသာနှစ်မျိုးဖြင့် လမ်းညွှန်ဆိုင်းဘုတ်များ စိုက်ထူမည်

**ကျိုင်းတုံ၊ ဩဂုတ် ၁၇**

ကမ္ဘာလှည့်ခရီးသည်များ လာရောက်လည်ပတ်မှု များပြားသည့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ မြို့တွင်းလမ်းများကို မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာဖြင့် လမ်းညွှန်ဆိုင်းဘုတ်များကို ဩဂုတ်လဆန်းမှ စတင်ကာ ဆိုက်ထူနေကြောင်း ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးကော်မတီထံမှ သိရသည်။

လမ်းညွှန်ဆိုင်းဘုတ်များကို အင်္ဂလိပ်-မြန်မာနှစ်ဘာသာနဲ့ စိုက်ထူလျက်ရှိရာ လမ်း ၂၀ ခန့်ပြီးစီးနေကြောင်း၊ ဆက်သွယ်ရေးကုမ္ပဏီ အချို့နဲ့ ဖုန်းကုမ္ပဏီအချို့ကလည်း စိုက်ထူးပေးရန် ပြောဆိုထားကြောင်း၊ ကျန်လမ်းများကိုလည်း ဌာနအနေနှင့် စိုက်ထူသွားမည်ဖြစ်ကြောင်း ယင်းကော်မတီ အင်ဂျင်နီယာဌာနမှ ဌာနမှူး ဦးမြင့်ကျော်သူက ပြောကြားသည်။

ရှေးဟောင်း ရှမ်းမြို့တော်ဖြစ်သည့် ကျိုင်းတုံမြို့သို့ ထိုင်းအပါအဝင် အာရှနိုင်ငံသားများနှင့် ဥရောပနိုင်ငံသားများ အများဆုံးလာရောက်လေ့ရှိကြောင်း၊ ဧည့်လမ်းညွှန်မပါသည့် ခရီးသွားများအနေနှင့် မြို့ပြမြေပုံ (Road Map) ကြည့်ကာ သွားလာတတ်ရာ အင်္ဂလိပ်ဘာသာဖြင့် လမ်းညွှန်ဆိုင်းဘုတ်များ မတပ်ဆင်ထားသဖြင့် ဒေသခံများကို လမ်းနာမည်များ မေးမြန်းကြရာတွင် ဘာသာစကားအခက်အခဲကြောင့် နှစ်ဦးနှစ်ဖက် အခက်ကြုံနေရမှုများ ရှိကြောင်း ကျိုင်းတုံမြို့ဒေသခံများက ပြောဆိုသည်။

အာဆီယံအဝေးပြေး လမ်းမကြီးနှစ်ခု ဆုံရာနှင့် ပြည်နယ်အတွင်းရှိ မိုင်းဖြတ်၊ မိုင်းခတ်၊ မိုင်းလား၊ မိုင်းခုတ်၊ မိုင်းပျဉ်း၊ လွိုင်မွေတောင် စခန်းမြို့များသို့သွားလာရာ လမ်းဆုံမြို့ဖြစ်သည့် ကျိုင်းတုံမြို့တွင် မြို့တွင်းလမ်း ၁၅၀ ကျော်ရှိကြောင်း သိရသည်။

■ R-16

# အင်္ဂပူတွင် တရားမဝင်သစ်ခွဲသော သစ်စက်ကို ဖမ်းဆီး

**ဟသ်ာတ၊ ဩဂုတ် ၁၇**

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် မဲဇလီကုန်းမြို့ခံကြီးအုပ်စု ကညင်စုကျေးရွာတွင် တရားမဝင်သစ်များကို ခွဲစိတ်သော သစ်ခွဲစက်ကို ဩဂုတ်လ ၁၅ရက်က ဖမ်းမိခဲ့ကြောင်း ဟသ်ာတခရိုင် သစ်တောဦးစီးဌာနထံမှ သိရသည်။

ဦးလှမင်း( ၅၀နှစ်)၏ သစ်စက်ကို ရဲတပ်ဖွဲ့၊ သစ်တောဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များက ဝင်ရောက်စစ်ဆေးခဲ့ရာ တရားမဝင်သစ်များကို ခွဲစိတ်ထားသည်ကိုတွေ့ရကြောင်း၊ သစ်စက်မှ တောင်သရက်ခွဲသား ၁၀၅ ချောင်း၊ ကျွန်းတံခါးရွက်ဆိုက်စုံ ၂၁ ချပ်တို့ကို တွေ့ရှိကြောင်း၊ တရားမဝင် သစ်ခွဲစိတ်ရာတွင် အသုံးပြုသည့် အင်ဂျင်စက် လွှဝိုင်းအပါအဝင် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းကာ သစ်စက်ပိုင်ရှင်ကို သစ်တောဥပဒေဖြင့် အရေးယူမည် ဖြစ်ကြောင်း အဆိုပါ ရုံးထံမှ သိရသည်။

အလားတူ အင်္ဂပူမြို့နယ် ကညွတ်ကွင်းအုပ်စုရှိ နန်ကာသူဆည် တစ်ဝိုက်တွင် ရဲတပ်ဖွဲ့၊ သစ်တောဌာန၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့တို့က နယ်မြေရှင်းလင်းခဲ့ကြောင်း၊ နန်ကာသူဆည် လမ်းဘေးတွင် လုံးပတ် ၁ ပေ၊ အရှည် ၁၅ ပေခန့် ပျဉ်းကတိုးသစ်မျှောတိုင် ၆၉ လုံး၊ အခြားအသား မျှောတိုင် ၅၁ လုံးကိုလည်းကောင်း၊ နန်ကာသူဆည်ဝင်ပေါက်လမ်းဘေးချုံများထဲမှ ပျဉ်းကတိုးခွဲသား ၀ ဒသမ ၁၄၈၆ တန်တို့ကို ပိုင်ရှင်မဲ့ သိမ်းဆည်းခဲ့ကြောင်း အင်္ဂပူမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

■ R-13

# ခင်ဦးတွင် အသက်သုံးနှစ်အရွယ် ကလေးငယ်ကိုနှိပ်စက်သည့် အမျိုးသမီးကို တရားစွဲ

**ရွှေဘို၊ ဩဂုတ် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ခင်ဦးမြို့နယ်တွင် အသက်သုံးနှစ်အရွယ်ရှိ မိန်းကလေးငယ်ကို ၎င်း၏အဒေါ်ဖြစ်သူက နေ့စဉ်တံခါးပိတ် ရိုက်နှက်နေသည်နှင့် ပတ်သက်၍ အဆိုပါအမျိုးသမီးကို တရားစွဲဆိုထားကြောင်း ခရိုင်ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရသည်။

ပြီးခဲ့သည့် ဩဂုတ်လ ၁၄ ရက်နေ့က ခင်ဦးမြို့နယ်၊ မြကန်သာအနောက်ပိုင်းရပ်ကွက်ရှိ နေအိမ်တစ်ခုရှိ အသက် ၃၂ နှစ်အရွယ် အဒေါ်ဖြစ်သူ ဒေါ်ခိုင်မာဆီသို့ မိဘများကလာရောက်အပ်နှံထားသည့် အသက်သုံးနှစ်အရွယ် ကလေးငယ်ကို ၎င်းကနေ့စဉ် တံခါးပိတ်၍ ရိုက်နှက်နေသည့်အတွက် အနီးပတ်ဝန်းကျင်က အိမ်အတွင်းဝင်ရောက်ခေါ်ယူကာ ခင်ဦးဆေးရုံသို့တင်ပို့ပေးခဲ့ခြင်းဖြစ်ကြောင်း ဒေသခံများထံမှ စုံစမ်းသိရှိရသည်။

အဆိုပါ ကလေးငယ်သည် အဒေါ်ရင်းဖြစ်သူ၏ ရိုက်နှက်မှုကြောင့် ပြင်းထန်ဒဏ်ရာများရရှိခဲ့သည့်အတွက် ခင်ဦးဆေးရုံမှ တစ်ဆင့် ရွှေဘိုပြည်သူ့ဆေးရုံသို့ လွှဲပြောင်းကုသမှုခံယူလျက်ရှိကြောင်း ၎င်းတို့ထံမှ သိရသည်။

"ကလေးကဒဏ်ရာ သက်သာနေပါပြီ။ အခြေအနေလည်းတော်တော်လေးကောင်းနေပြီ။ စိတ်ဒဏ်ရာရထားတဲ့ ကလေးဆိုတော့ အဲဒါက လွဲပြီးတော့ ကျန်းမာရေးကောင်းမွန်ပါတယ်" ဟု ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာမောင်မောင်စိုးက ဆိုသည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ ကလေးသူငယ်ညှဉ်းပန်းနှိပ်စက်မှုဖြင့် ဩဂုတ်လ ၁၆ ရက်နေ့က တိုင်းလူမှုဝန်ထမ်း ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်သူဇာအောင်က ခင်ဦးမြို့နယ်တရားရုံးသို့ ဦးတိုက်လျှောက်ထားကာ ရာဇဝတ်မှုကြီးအမှတ် ၄၃၀/၂၀၁၇ ကလေးသူငယ်ဥပဒေပုဒ်မဖြင့် တရားစွဲဆိုထားပြီး မြို့နယ်တရားသူကြီးက လက်ခံစစ်ဆေးလျက်ရှိကြောင်း ခရိုင်ရဲတပ်ဖွဲ့မှူးရုံးထံမှ စုံစမ်းသိရှိရသည်။

"ကလေးမိဘတွေက လွန်ခဲ့တဲ့ တစ်လလောက်က နိုင်ငံခြားအလုပ်သွားလုပ်တာ အဒေါ်အရင်းဖြစ်သူထံအပ်ခဲ့တယ်ကြားတယ်။ ကလေးဆိုတော့ငိုတယ်။ ငိုရင်ရိုက်တယ်။ အဲဒီနေ့က တော်တော်လေးရိုက်နေလို့ အနီးပတ်ဝန်းကျင်က လူတွေက အိမ်ရှင်အကူအညီတောင်းပြီး ကလေးကို အိမ်ထဲအထိခေါ်ပြီး ဆေးရုံပြကြတယ်" ဟု ခင်ဦးဒေသခံတစ်ဦးက ဆိုသည်။

■ R-09

ဖြန့်ချိရေးကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၃ (ရန်ကုန်)
ဖုန်း - ၀၉ ၇၇၈၈၃၃၀၇၁ (မန္တလေး)

## အက်ရှင်ဇာတ်ကားတွေ ရိုက်နိုင်ဖို့ လေ့လာခဲ့ရတာတွေ အများကြီးရှိပါတယ်ဆိုတဲ့ ယဉ်လက်

**ရန်ကုန်၊ ဩဂုတ် ၁၇**

အနုပညာလောကမှာ အက်ရှင်မင်းသမီး တစ်လက်အဖြစ် ပရိသတ်တွေရဲ့ အသိအမှတ်ပြုအားပေးမှုကို ရရှိလာခဲ့တဲ့ သရုပ်ဆောင် ယဉ်လက်က အက်ရှင်ဇာတ်ကားတွေ ရိုက်နိုင်ဖို့ လေ့လာခဲ့ရတာတွေ အများကြီးရှိပါတယ်လို့The Voiceကိုပြောကြားပါတယ်။


ဓာတ်ပုံ- ယဉ်လက် Facebook Page

"အနုပညာအလုပ်တွေ မလုပ်ခင်မှာ တိုက်ကွမ်ဒိုကို ခါးပတ်နတ်ရတဲ့အထိ ကစားခဲ့တယ်။ ဒါပေမဲ့ အားကစားဘက်က ဖိုက်တင်နဲ့ ရုပ်ရှင်ရိုက်တဲ့အခါမှာ သုံးတဲ့ ဖိုက်တင်ကလည်း မတူဘူး။ အဲ့ဒါကြောင့် ရုပ်ရှင်ဖိုက်တင်ကို ပြန်သင်ရတယ်။ နောက် ပြီး ရေကူး၊ မြင်းစီး၊ ဓားခုတ်၊ တုတ်သိုင်း အကုန်သင်ခဲ့ရပါတယ်" လို့ ၎င်းက ထပ်လောင်း ပြောကြားပါတယ်။

အနုပညာလောကထဲကို စတင်ဝင်ရောက်လာတဲ့ အချိန်ကတည်းက အက်ရှင်ဇာတ်ကားတွေ ရိုက်ပြီး ဝင်လာခဲ့တာဖြစ်တဲ့အတွက် အက်ရှင်လိုင်းကိုတော့ လက်လွှတ်မှာ မဟုတ်ပေမယ့်၊ ဒရာမာ၊ ဖန်စီ၊ ဟာသ စတဲ့ ဇာတ်လမ်းအမျိုးအစားတွေကိုလည်း အခွင့်အရေးရရင်ရသလို ရိုက်သွားမှာဖြစ်ကြောင်း ယဉ်လက်က ပြောကြားပါတယ်။

"အရင်တုန်းကတော့ တစ်ကားလုံး အက်ရှင်တွေပဲပါတဲ့ ဇာတ်လမ်းမျိုးတွေ ရိုက်ခဲ့တယ်။ အခုနောက်ပိုင်းတော့ အက်ရှင်နဲ့ ဒရာ၊ အက်ရှင်နဲ့ ဟာသရောထားတဲ့ ဇာတ်လမ်းမျိုးတွေကို ရိုက်ဖြစ်ပါတယ်။ ညီမကို အက်ရှင်လိုင်းမှာ ပရိသတ်တွေက အသိအမှတ်ပြုကြတဲ့အတွက် ပျော်လည်းပျော်သလို၊ ဂုဏ်လည်းယူပါတယ်။ ဒီ့ထက်ပိုပြီး တော့လည်း ကြိုးစားသွားမှာပါ" လို့ ၎င်းက ဆိုပါတယ်။

လတ်တလော အနုပညာလှုပ်ရှားမှုအနေနဲ့ကတော့ စာရေးဆရာကြီး ရွှေဥဒေါင်းရဲ့ ဝတ္ထုကို အခြေခံပြီး ဒါရိုက်တာ သန့်စင်အောင် ရိုက်ကူးတဲ့ 'ဇာတ်ဇာတ်ကြဲ ဂိုဏ်း' ဗီဒီယိုဇာတ်ကားမှာ သရုပ်ဆောင် ခန့်စည်သူ၊ ဇင်ဝိုင်း၊ အောင်ပိုင်တို့နဲ့ အတူ ယဉ်လက်က ပါဝင်သရုပ်ဆောင်ထားပါတယ်။ ■


soompi.com

## အမေရိကမှာ သရုပ်ဆောင်ပညာရပ်ကို သွားရောက်လေ့လာမယ့် Tiffany

**ဆိုးလ်၊ ဩဂုတ် ၁၇**

တောင်ကိုရီးယားနိုင်ငံရဲ့နာမည်ကျော် အမျိုးသမီးဂီတအဖွဲ့ Girls' Generation ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ Tiffany ဟာ အမေရိကန်ပြည်ထောင်စုမှာ သရုပ်ဆောင်ပညာရပ်ကို သွားရောက်လေ့လာတော့မှာဖြစ်ကြောင်း soompi.com မှာ ဖော်ပြထားပါတယ်။

Tiffany က အမေရိကန်ပြည်ထောင်စုမှာ သရုပ်ဆောင်ပညာရပ်ကို သွားရောက်လေ့လာဖို့ မကြာသေးခင်ကမှ ဆုံး ဖြတ်ချက်ချခဲ့တာဖြစ်ပြီး၊ သူ့အနီးအနားမှာရှိတဲ့ သူတွေကလည်း ဒီဆုံးဖြတ်ချက်ကို အားပေး ထောက်ခံကြပါတယ်" လို့ Tiffany နဲ့ နီးစပ်တဲ့ သတင်းရင်းမြစ်တစ်ဦးရဲ့ပြောကြားချက်ကို ကိုးကားပြီး သတင်းဌာနတစ်ခုက ဖော်ပြခဲ့ပါတယ်။

ဒီသတင်းထွက်ပေါ်လာပြီးတဲ့နောက်မှာတော့ "သူနဲ့ ပတ်သက်ပြီး အကြောင်းအရာတော်တော်များများကို ကျွန်တော်တို့ ဆွေးနွေးတိုင်ပင်နေကြပါတယ်" လို့ Tiffany ရဲ့အနုပညာအေဂျင်စီဖြစ်တဲ့ SM Entertainment က သတင်းထုတ် ပြန်ခဲ့ပါတယ်။

မကြာသေးခင်ကတော့ Girls' Generation အဖွဲ့က ဂီတသက်တမ်းဆယ်နှစ်ပြည့်ခဲ့ပြီ ဖြစ်ပါတယ်။ သူတို့ အဖွဲ့ရဲ့ အနုပညာအေဂျင်စီဖြစ်တဲ့ SM Entertainment နဲ့လည်းစာချုပ်သက်တမ်းကုန်ဆုံး ခဲ့ပြီ ဖြစ်ပါတယ်။ လက်ရှိမှာတော့ အဖွဲ့ဝင်တချို့က အေဂျင်စီနဲ့ စာချုပ်သက်တမ်းတိုးဖို့ ဆွေးနွေးနေကြပါတယ်။ ■

## "တစ်ချိန်တုန်းက ဆယ်ကျော်သက်အရွယ် လူငယ်တွေက တောထဲမှာ အသက်တွေအများကြီးစတေးပြီး ပေးဆပ်ခဲ့ရတယ်ဆိုတာကို နောက်ပိုင်းကလေးတွေကို သိစေချင်တယ်"

### နေမင်းနဲ့ တွေ့ဆုံခြင်း

**ဝင်းထွန်းနိုင်**


ဓာတ်ပုံ- ဝင်းထွန်းနိုင်

**သရုပ်ဆောင်နေမင်းနဲ့ တွေ့ဆုံပြီး စက်တင်ဘာလမှာ ရိုက်ကူးတော့မယ့် 'ကျွန်မချစ်ရတဲ့သူတွေ' ဇာတ်လမ်းတွဲအကြောင်း၊ ပြင်ဆင်ထားမှုများအကြောင်းနဲ့အတူ ဝေဖန်မှုတွေကြုံတွေ့နေရတာကြောင့် ABSDF တပ်ဖွဲ့ဝင် ဒေါ်နန်းအောင်ထွေးကြည်အကြောင်းကို ရုပ်ရှင်ရိုက်ဖို့က မသေချာတော့တဲ့ အကြောင်း တစေ့တစောင်းကို The Voice က မေးမြန်းဖော်ပြလိုက်ပါတယ်။**

**Voice: မြစ်မခသတင်းမီဒီယာ တည်ထောင်ထားတဲ့ စာရေးဆရာမ မေသကြိန်ဟိန်ရဲ့ 'ကျွန်မချစ်ရတဲ့သူတွေ' ဝတ္ထုကို ဇာတ်လမ်းတွဲအဖြစ် စက်တင်ဘာလမှာ ရိုက်ကူးတော့မယ်ဆိုတော့ ပြင်ဆင်မှုပိုင်းက အဆင်သင့်ဖြစ်နေပြီလား။**

**NM:** ဒီဇာတ်လမ်းတွဲနဲ့ ပတ်သက်ပြီး ကျွန်တော်က အစအဆုံးကို လိုက်ပြင်ဆင်ပေးရတယ်။ မင်းသား၊ မင်းသမီးနဲ့ ဒါရိုက်တာငှားတာကအစ အကုန်လုံးကို လိုက်ကူညီပေးရတယ်။ ဘာဖြစ်လို့လဲဆိုတော့ စာနယ်ဇင်းဘက်ကနေ ရုပ်ရှင်ဘက်ကို ကူးလာတဲ့အခါမှာ အမှားမဖြစ်စေချင်ဘူး။ ပြီးတော့ ကျွန်တော်တို့ ရုပ်ရှင်ဘက်က မာယာတွေကို သူတို့အပေါ် မသက်ရောက်စေချင်ဘူး။ တကယ့်ကို အမှန်အတိုင်းပဲ ဖြစ်စေချင်တယ်။ အဓိကဆိုလိုတာက ကျွန်တော် မင်းသားမဖြစ်ခင်မှာ မီဒီယာတွေက ကိုယ့်အပေါ်မှာကောင်းခဲ့တာတွေရှိတယ်။ အဲ့ဒါကြောင့် သူတို့ကို ပြန်ပြီးတော့ ကူညီရမယ့်အချိန်ဖြစ်လာတော့ ငါပြန်လုပ်ပေးရမယ်ဆိုတဲ့စိတ်နဲ့ အနိမ့်ဆုံးမဟုတ်ရင်တောင်မှ ပုံမှန်သွားနေတဲ့နှုန်းတွေဖြစ်အောင် အကုန်လုံးကို လိုက်ညှိပေးနေပါတယ်။

**Voice: ကိုယ့်ရဲ့ပထမဆုံးဇာတ်လမ်းတွဲက ပစ္စုပ္ပန်မှာရှိနေတဲ့လူတွေအကြောင်းကို ရိုက်ရမှာဆိုတော့ ပိုပြီးတော့ တာဝန်ကြီးမှာပေါ့နော်။**

**NM:** ဟုတ်ပါတယ်။ ဒီဇာတ်လမ်းတွဲရိုက်ရတာ နည်းနည်းလေး တာဝန်ကြီးပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သာမန်မရှိတဲ့ ဇာတ်တစ်ခုနဲ့ တည်ဆောက်ထားတာမဟုတ်ဘဲ ရှိပြီးသား ဖြစ်ရိုးဖြစ်စဉ်၊ လက်ရှိပစ္စုပ္ပန်မှာ ရှိနေတဲ့ လူတွေရဲ့အကြောင်းကို ရိုက်ပြရတာဆိုတော့ ပိုပြီးအန္တရာယ်များတာပေါ့နော်။ ပွင့်ပွင့်လင်းလင်းပြောရရင် ကိုယ်လုပ်လိုက်လို့ ဒီဇာတ်ကြီးပျက်သွားတာမျိုးလည်း မဖြစ်စေချင်ဘူး။ မလုပ်ဘဲနေတာကောင်းတယ်၊ ကိုယ်လုပ်လိုက်တော့မှ တလွဲဖြစ်သွားပြီဆို ကျွန်တော် မကောင်းဖြစ်သွားနိုင်တယ်လေ။ အဲ့ဒါကြောင့် အမှားအယွင်းမရှိအောင် ပြင်ဆင်နေရတယ်။

**Voice: အလုပ်တစ်ခုကို သေချာလုပ်တတ်သူတစ်ယောက်က 'ကျွန်မချစ်ရတဲ့သူတွေ' ဇာတ်လမ်းတွဲနဲ့ ပတ်သက်ပြီး ပရိသတ်ကို အာမခံနိုင်တာမျိုးရှိမလား။**

**NM:** ကျွန်တော်က အလုပ်တစ်ခုကို မလုပ်ချင်ရင် အစောကြီးကတည်းက မလုပ်ဘူး။ အခွင့်အရေး ရသမျှကိုလည်း မလုပ်မိအောင်နေတယ်။ တကယ်လို့ လုပ်ပြီဟေ့ဆိုရင်လည်း ကျွန်တော်လုပ်တဲ့အရာတစ်ခုက တိကျသေချာတဲ့အဖြေတစ်ခု ထွက်ပြီး ကျန်ခဲ့တာမျိုးဖြစ်အောင် ကြိုးစားတယ်။ အဲ့ဒါကြောင့် ဒီဇာတ်လမ်းတွဲမရိုက်ခင်မှာလည်း လုပ်သင့်၊ မလုပ်သင့်ကို သေချာစဉ်းစားတယ်။ ကျွန်တော်ဆိုလိုတာက ငွေကြေးဆိုတာထက် ဂုဏ်သိက္ခာတစ်ရပ်အနေနဲ့ ဒီဇာတ်လမ်းတွဲကို ရိုက်ဖို့ ကြိုးစားခဲ့ကြတာပါ။ ဒီဇာတ်လမ်းတွဲက စစ်မှန်တဲ့မြန်မာနိုင်ငံ ရဲ့သမိုင်းနောက်ခံတစ်ခုဖြစ်တဲ့အတွက် အနုပညာသမားတွေဘက်ကနေ မသိသေးတဲ့ပရိသတ်တွေကိုသိအောင် တင်ပြပေးရမယ့်ဇာတ်ပါ။ ပြီးတော့ ကြည့်ရှုမယ့်ပရိသတ်တွေကိုလည်း အဆိပ်အတောက် မဖြစ်စေရပါဘူး။

**Voice: သရုပ်ဆောင်ရမယ့်ဇာတ်ရုပ်ပိုင်းနဲ့လည်း ပရိသတ်နဲ့ မိတ်ဆက်ပေးပါဦး။**

**NM:** ဒီဇာတ်လမ်းတွဲမှာ ကျွန်တော်က ဆရာမ မေသကြိန်ဟိန်ရဲ့ယောကျ်ားဖြစ်သူ ကိုလင်းနေရာကနေ သရုပ်ဆောင်ရမှာပါ။ ဇာတ်ရုပ်ပုံစံအရ ကိုယ့်ရဲ့မိန်းမအပေါ်မှာ ချစ်လွန်းလို့အလိုလိုက်ရတဲ့လူတစ်ယောက်ပေါ့နော်။ ကျွန်တော်ကလည်း အစကတည်းက ချစ်ခြင်းတရားကြီးမားတဲ့သူဆိုတော့ သိပ်ပြဿနာမရှိပါဘူး။ ဇာတ်ရုပ်နဲ့ အံဝင်ခွင်ကျဖြစ်ပါတယ်။

**Voice: ရိုက်ကူးသွားမယ့် Location တွေကို ရွေးချယ်ပြီးသွားပြီလား၊ အပိုင်းက ဘယ်နပိုင်းလောက်ပါမှာလဲ။**

**NM:** ကျွန်တော်တို့က ဇာတ်လမ်းတွဲတစ်ခုလုံးကို ရှမ်းပြည်နယ်က နောင်ချိုဘက်မှာ ရိုက်ကူးသွားမှာပါ။ ရိုက်ကူးရေးက သုံးလလောက်ကြာပါ့မယ်။ အပိုင်းကတော့ လေးဆယ်ကျော်လောက်ပါလိမ့်မယ်ထင်တယ်။ ဒါပေမဲ့ သေချာတော့ မသိရသေးပါဘူး။

**Voice: ABSDF တပ်ဖွဲ့ဝင် ဒေါ်နန်းအောင်ထွေးကြည်အကြောင်းရိုက်မယ့် ရုပ်ရှင်ကားက မရိုက်ခင်မှာပဲ ဝေဖန်မှုတွေ ကြုံနေရတယ်နော်၊ လက်ရှိအခြေအနေက ဘယ်လိုရှိလဲ။**

**NM:** ကျွန်တော်ရိုက်ချင်တဲ့ရည်ရွယ်ချက်က အရည်အသွေးမြင့်ပြီးတော့ မျိုးချစ်စိတ်ဓာတ်ရှိတဲ့ ဆယ်ကျော်သက် အရွယ်လူငယ်တွေက တိုင်းပြည်အတွက်ကို အသက်တွေပေးဆပ်ခဲ့ရတယ်။ အဓိက ငါတို့ တိုင်းပြည်မှာ ငါတို့ဒီလိုနေထိုင်ခွင့်ရဖို့အတွက် တစ်ချိန်တုန်းက ဆယ်ကျော်သက်အရွယ်လူငယ်တွေက တောထဲမှာ အသက်တွေအများကြီးစတေးပြီး ပေးဆပ်ခဲ့ရတယ်ဆိုတာကို နောက်ပိုင်းကလေးတွေကို သိစေချင်တယ်။ အဲ့ဒါ ကြောင့် ဒီကားကိုရိုက်ဖို့ဖြစ်လာတာပါ။ တခြားရည်ရွယ်ချက်တွေလည်းမပါပါဘူး။ ဒါပေမဲ့ လက်ရှိမှာ ဒီကားကို ရိုက်ဖြစ်၊ မရိုက်ဖြစ်က မသေချာပါဘူး။

**Voice: နားလည်မှုလွဲသလိုဖြစ်နေတဲ့ဝေဖန်မှုတွေအပေါ်ကို နောက်ဆုံးအနေနဲ့ ဘာများပြောချင်သေးလဲ။**

**NM:** ကျွန်တော်ကတော့ ကိုယ့်လိပ်ပြာကိုယ် လုံတယ်။ ကိုယ်လုပ်တဲ့ အနုပညာကို အဆိပ်အတောက်မဖြစ်အောင် လုပ်တယ်။ 'အုတ်၊ ကြား၊ မြက်၊ ပေါက်' ရုပ်ရှင်ကားကိုကြည့်လိုက်လို့ရှိရင် ကျွန်တော့်ရဲ့စိတ်ကိုသိလိမ့် မယ်။ အဲ့ဒါကြောင့် အသံထွက်တယ်ဆိုတာ ကျွန်တော့်အကြောင်းကို တကယ်မသိလို့ ထွက်တာနေမှာပါ။ ကျွန်တော့်အကြောင်း သိတဲ့လူတွေကတော့ ပြောထွက်မှာမဟုတ်ပါဘူး။ ကျွန်တော့်အနေနဲ့ ပေါ်ကားတွေရိုက်ခဲ့လား၊ မရိုက်ခဲ့လားဆိုတာကို အားလုံးသိပါတယ်။ မယုံရင် ကျွန်တော့်ရဲ့ဇာတ်တွေအကုန်လုံးကို ပြန်ရှာကြည့်လို့လည်း ရပါတယ်။ ဒီလောက်ပဲ ကျွန်တော်ပြောပါရစေ။

# ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌရာထူးအတွက် လခပေးပြီး ခန့်တာမျိုးကို လက်မခံပါဘူးဆိုတဲ့ ဇင်ဝိုင်း


ဓာတ်ပုံ- သန့်ဇင်ဦး

ရန်ကုန်၊ ဩဂုတ် ၁၇

အနုပညာရှင်အချို့အကြံပေးသလို ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌရာထူးအတွက် လခပေးပြီး ခန့်တာမျိုးကို လက်မခံပါဘူးလို့ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌဟောင်း တစ်ဦးဖြစ်တဲ့ ဝါရင့်သရုပ်ဆောင်ဇင်ဝိုင်းက The Voice ကို ပြောကြားပါတယ်။

"ကျွန်တော်တို့ အဖွဲ့အစည်းက NGO ဖြစ်နေတဲ့အတွက် လခပေးပြီး ခန့်တယ်ဆိုရင် ဝန်ထမ်းဖြစ်သွားမယ်။ ငါတို့က အများအတွက် ကိုယ့်ထမင်းကိုယ်စားပြီး လုပ်နေရတာလို့တော့ ပြောလို့ရတာပေါ့။ ဘယ်ဘက်ကပဲ ထောက်ထောက် အကြောင်းပြစရာတော့ရှိတာပေါ့။ လခပေးထားရင်တော့ ဒီလိုမျိုးတော့ ငြင်းလို့မရ တော့ဘူးပေါ့" လို့ ၎င်းက ထပ်လောင်းပြောဆိုပါတယ်။

ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ၊ ရာထူးအတွက် စေတနာပါလို့ပဲ ဖြစ်ဖြစ်၊ ကိုယ့် ထမင်းကိုယ်စားပြီးတော့ လုပ်တာပဲ ဖြစ်ဖြစ်၊ မလုပ်ချင်ရင် ထိုင်နေလို့ရပေမယ့် လုပ်ပြီဆိုရင်တော့ ဖြစ်လာသမျှ အရာမှန်သမျှကို တာဝန်ယူမှု၊ တာဝန်ခံမှုကတော့ ရှိကို ရှိရမှာဖြစ်ကြောင်း သရုပ်ဆောင် ဇင်ဝိုင်းက ပြောကြားပါတယ်။

"လခပေးမယ်ဆိုရင်လည်း ဥက္ကဋ္ဌတစ်ယောက်တည်းပေးလို့ရတာမဟုတ်ဘူး။ အမှုဆောင် အယောက်နှစ်ဆယ်ရှိရင် သူတို့အတွက်လည်း စဉ်းစားပေးရမယ်။ ဥက္ကဋ္ဌလုပ်မယ့်သူကိုရော ဘယ်လောက်အထိ ပေးနိုင်မှာလဲ။ ဆယ်သိန်းပေးမယ် ဆိုရင်တောင် လုပ်နိုင်ဖို့ မလွယ်ဘူး။ ကျွန်တော့်ကို လခဆယ်သိန်းပေးရင်လည်း သွားမလုပ်နိုင်ဘူး။ ဒီအနုပညာအလုပ်တွေနဲ့ မလဲနိုင်ဘူး" လို့ ၎င်းကဆိုပါတယ်။

ရုပ်ရှင်အစည်းအရုံး ရွေးကောက်ပွဲကိုတော့ စက်တင်ဘာလထဲမှာ ပြုလုပ် သွားတော့မှာဖြစ်ပြီး၊ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌဟောင်းဖြစ်တဲ့ ဇင်ဝိုင်းကလည်း ပါဝင်ယှဉ်ပြိုင် အရွေးချယ်ခံဖို့အတွက် လျှောက်လွှာသွားယူထားပြီး၊ ပုံစံတွေဖြည့် ပြီးတာနဲ့ လျှောက်လွှာသွားတင်မယ်လို့ ပြောကြားပါတယ်။

"ကိုယ့်လောကသားတွေကလည်း တိုက်တွန်းသလို၊ ကျွန်တော့်ရဲ့ ဆန္ဒလည်းပါပါတယ်။ ကျွန်တော် ပြန်အရွေးခံဖို့အတွက် လျှောက်လွှာ သွားယူထားပါပြီ။ ဒီလောကက ကျွေးတဲ့ ထမင်းကို ကျွန်တော်စားလာတာ နှစ်ပေါင်းများစွာကြာပါပြီ။ ကျွန်တော့်သားဆိုလည်း ဒီလောကက ကျွေးတဲ့ ထမင်းကို စားနေတာပါ။ လောကရဲ့ နိယာမအရ မိမိကို ကျေးဇူးပြုဖူးတဲ့ ပုဂ္ဂိုလ်၊ အဖွဲ့အစည်းကို ပြန်လည်ကျေးဇူးတုံ့ပြန်ရမှာ လူသားတိုင်းရဲ့တာဝန်ပါ။ ကျွန်တော်ချစ်တဲ့ လောကကို ကောင်းစေချင်တယ်။ ဒီ့အတွက် ကျွန်တော် တတ်နိုင်သမျှ လုပ်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ပြန်ဝင်တာပါ" လို့ ၎င်းကဆိုပါတယ်။ ■


ဓာတ်ပုံ- ဝင်းထွန်းနိုင်

# မျှော်လင့်ချက်တပုံတပင်နဲ့ လေးယောက်တွဲခွေ လုပ်နေတဲ့ ဂျီလတ်

ရန်ကုန်၊ ဩဂုတ် ၁၇

လက်ရှိမှာ အဆိုတော် ဟန်ထွန်း၊ သအို၊ ဝေလတို့နဲ့ လေးယောက်တွဲခွေ လုပ်နေတဲ့ တေးသံရှင်ဂျီလတ်က ခွေမှာ ပါတဲ့လေးယောက်နဲ့အတူ Tour ထွက်ဖို့အထိပါ ရည်ရွယ်ထား တာကြောင့် ခွေအပေါ်ကို အများကြီးမျှော်လင့်ထားတယ်လို့ The Voice ကို ပြောကြားပါတယ်။

"ဒီခွေလေးအပေါ်မှာ အစ်ကိုတို့အားလုံးတော်တော်လေး ကို အားထည့်ထားကြတယ်။ ပြီးတော့ အရှည်သဖြင့်လည်း ဒီလေးယောက်နဲ့ ရှိုးပွဲတွေ တောက်လျှောက်သွားနိုင်အောင်၊ ပုံမှန်ခွေထွက်နိုင်အောင် ရည်ရွယ်ထားကြတယ်။ အဲ့ဒါကြောင့် လည်း အကောင်းဆုံးကြိုးစားနေကြပါတယ်။ ခွေမှာ သီချင်းက တော့စုစုပေါင်းကိုးပုဒ်ပါ ပါမယ်။ တစ်ယောက်ကို နှစ်ပုဒ်စီနဲ့ Group Song က တစ်ပုဒ်ပါမယ်" လို့ ၎င်းကပြောပါတယ်။

ဂီတအမျိုးအစားသိပ်မကွာတဲ့အဆိုတော်လေးယောက် မှာ ပရိသတ်ကိုယ်စီရှိနေတဲ့အတွက် အောင်မြင်မယ်လို့လည်း ယုံကြည်ထားကြောင်း၊ ခွေနာမည်ကိုတော့ လောလောဆယ်မှာ မပေးရသေးဘဲ ပရိသတ်လက်ထဲကိုတော့ စက်တင်ဘာလ၊ ဒုတိယပတ်လောက်မှာ ထည့်ပေးသွားမှာဖြစ်ကြောင်း တေးသံရှင်ဂျီလတ်က ပြောထားပါတယ်။

"နောက်ပိုင်းမှာ အတွဲခွေတွေက မှေးမှိန်တဲ့အနေအထား တစ်ခုကို ပြန်ရောက်လာတယ်။ ဒါကတော့ ဈေးကွက်ရဲ့ အခြေအနေကြောင့်ပေါ့နော်။ အရင်တုန်းကဆိုရင် အတွဲခွေတွေ တောက်လျှောက်ပေါက်တဲ့ခေတ် ရှိခဲ့တယ်။ ဘယ်လိုမှ တစ်ကိုယ်တော်ခွေကို ထွက်လို့မရဘူး။ ဒါပေမဲ့ လက်ရှိအချိန် မှာတော့ တစ်ကိုယ်တော် ခွေက အားကောင်းလာပြီး တေးသံရှင် အသစ်တွေကိုလည်း ပရိသတ်က လက်ခံလာကြတော့ အတွဲခွေတွေက နည်းနည်းလေး ပြန်အားနည်းလာတယ်" လို့ ၎င်းက ပြောပါတယ်။ ■


contactmusic.com

# Rap တေးသံရှင် Tyler, The Creator သည် လိင်တူလိင်ကွဲ နှစ်သက်သူဖြစ်ကြောင်း ထုတ်ဖော်ပြောဆို

ဆယ်ကျော်သက်အရွယ်တုန်းက ယောက်ျားလေးချစ်သူတစ်ဦးထား ခဲ့ဖူးကာ ၎င်းသည် လိင်တူလိင်ကွဲနှစ်သက်သူ Bisexual တစ်ဦးဖြစ်တယ်လို့ Rap တေးသံရှင် Tyler, The Creator က ပြောကြားခဲ့ပါတယ်။

အသစ်ထွက်ရှိလာတဲ့ Flower Boy ဆိုတဲ့ တေးအယ်ဘမ်မှာ အမျိုးသားများကို နှစ်သက်တဲ့ သူ့ရဲ့ဆန္ဒသဘောထားတွေကို သွယ်ဝိုက်ပြီး ဖော်ပြထားတာကြောင့် ပရိသတ်တွေက တိုင်လာ ဟာ လိင်တူနှစ်သက်သူ ဖြစ်တယ်လို့ ခန့်မှန်းကြတာပါ။

ခုတော့ တေးသံရှင်ကြီးက သူ့ရဲ့အတွင်းဆန္ဒအမှန်ကို ဖွင့်ပြောလိုက် ပြီဖြစ်ပါတယ်။

ငါဟာ လူဖြူကောင်လေးကို နမ်းနေတာ ၂၀၀၄ ကတည်းက ဆိုတဲ့ စာသားတစ်ခုပါခဲ့ပြီး တိုင်လာကလည်း ရေဒီယို အင်တာဗျူးတစ်ခုမှာ အတည်ပြုပေးခဲ့ပါတယ်။

"ကျွန်တော် ၁၅ နှစ်ကတည်းက ချစ်သူကောင်လေးရှိခဲ့ပါတယ်" လို့ အသက် ၂၆ နှစ်အရွယ် Tyler, The Creator က ထုတ်ဖော် ပြောကြားခဲ့ပါတယ်။

ဂီတလောကရဲ့ ဩဇာကြီးဆုတွေဖြစ်တဲ့ MTV ဆုတွေဆွတ်ခူးခဲ့ သူဖြစ်ပြီး ဂရမ်မီဆုလည်း ဆန်ခါတင် ပါခဲ့ဖူးသူ ဖြစ်ပါသတဲ့။

ဒီနှစ်အတွင်းမှာတော့ လှည့်လည်ဖျော်ဖြေပွဲတွေ လုပ်တော့မှာ မဟုတ်ဘူးလို့ Rapper ကြီးက ပြောကြားထားပါတယ်။ ■ F-02

## Recap

❍ လူငယ်ဒါရိုက်တာ ရာဝင်အိုး ရိုက်ကူးတဲ့ 'အရမ်းချစ်သည်၊ အရမ်းမုန်းသည်' ဗီဒီယိုဇာတ်ကားမှာ မင်းသမီးသစ် ဆုလာဘ်နဲ့ ပါဝင် သရုပ်ဆောင် ရိုက်ကူးနေပါတယ်လို့ သရုပ်ဆောင်လူမင်းက The Voice ကို ပြောကြားပါတယ်။

"ဒီကားမှာ ကိုယ့်ရဲ့ကာ ရိုက်တာကတော့ ဆရာဝန် တစ်ယောက်ပါ။ မိဘပေးစားလို့ မိန်းမငယ်ငယ်လေး တစ်ယောက်ကို ယူထားတယ်။ ကိုယ်ကတော့ ယူပြီးမှ ချစ်သွားတယ်။ မြတ်မြတ်နိုးနိုးနဲ့ တန်ဖိုးထားပြီးတော့ ပေါင်းသင်းတယ်။ ဒါပေမဲ့ အိမ်ထောင်ရေး အဆင်မပြေဘူး။ ကိုယ့်ဘက်က ဘယ်လောက်ပဲကြိုးစား၊ ကြိုးစား၊ ဒီကောင်မလေး က ကိုယ့်ကို ကွာကို ကွာချင်နေတာ။ ဘာဖြစ်လို့လဲဆိုတော့ သူ့ရဲ့အရင်ချစ်သူနဲ့ သူက ပြန်ပေါင်းချင်တယ်။ အဲ့ဒါကြောင့် အစ်ကို့အမှားတွေ အစ်ကို့ အလွန်တွေပဲ ဖြစ်အောင် အကွက်ဆင်တယ်။ နောက်ဆုံးအစ်ကိုက သိသွားတော့ သူတို့နှစ်ယောက်ကို လိုက်ပြီး ကလဲ့စား ချေတာပေါ့" လို့ ၎င်းကဆိုပါတယ်။

❍ နာမည်ကျော် အမျိုးသားမော်ဒယ်လ် တစ်ဦးဖြစ်တဲ့ ပိုင်တံခွန်က မွေးနေ့မှာ Mini Album ထွက်ရှိမယ့် အကြောင်းကို သူ့ရဲ့ Facebook Account ကနေတစ်ဆင့် ပရိသတ်တွေကို အသိပေး ပြောကြားခဲ့ပါတယ်။

"ကျွန်တော့်မွေးနေ့မှာ အမှတ်တရအနေနဲ့ ပရိသတ်တွေအတွက် Mini Album လေးတစ်ခု ကျွန်တော်လုပ်နေပါတယ် ခင်ဗျာ။ Album Promotion ပွဲလုပ်မယ့်ရက် အတိအကျလေးလည်း ကျွန်တော်ကြေညာပေးပါ့မယ် ခင်ဗျာ။ အချိန်အားဖြင့် ကျွန်တော့်မွေးနေ့ရောက်ဖို့ ရက်အနည်းငယ်သာ လိုတော့သည့်အတွက်၊ အရမ်းစိတ်ပူ နေပါတယ်။ တခြား အလုပ်တွေ၊ ခရီးတွေနဲ့ ကျူရှင်သင်တန်းတွေလည်း ရှိနေသေးသည့်အတွက် ရတဲ့အချိန်လေးကို ကြိုးစားနေပါတယ်" လို့ ၎င်းကဆို ပါတယ်။




## SEA GAMES NEWS & INFO

- မလေးရှားနိုင်ငံတွင် ကျင်းပနေသည့် ၂၉ ကြိမ်မြောက် SEA Games ပြိုင်ပွဲ၏ ပဥ္စမမြောက်နေ့ ပြိုင်ပွဲများကို ဩဂုတ်လ ၁၈ ရက်နေ့တွင် ရေကူး (အလှုပြ)၊ ဝါတာပိုလို၊ မြားပစ်၊ ခရစ်ကတ်၊ ဘောလုံး၊ နက်ဘောနှင့် ဖူဆယ်အားကစားနည်းတို့ ဆက်လက်ကျင်းပမည်ဖြစ်သည်။ မြန်မာအားကစားအဖွဲ့များအနေနှင့် မြားပစ်၊ ဘောလုံး၊ ဖူဆယ်ပွဲစဉ်များကို ယှဉ်ပြိုင်ရမည်ဖြစ်သည်။
- မြန်မာအားကစားအဖွဲ့ ပါဝင်ယှဉ်ပြိုင်နေသည့် မြားပစ်ပြိုင်ပွဲကို ဘူကစ်ဂျာလစ် အမျိုးသားအားကစားစင်တာရှိ စင်တီတစ်မြားပစ်ကွင်းတွင် ကျင်းပမည်ဖြစ်ပြီး Compound ပွဲစဉ်များအနက် Mixed Double (အမျိုးသား၊ အမျိုးသမီး) ပြိုင်ပွဲအတွက် ရွှေတံဆိပ်ဆုတစ်ခု ထပ်မံချီးမြှင့်မည်ဖြစ်သည်။ Compound ပြိုင်ပွဲ၏ နောက်ဆုံးပြိုင်ပွဲဖြစ်သောကြောင့် မြန်မာ့လက်ရွေးစင် မြားပစ်ကစားသမားများအနေနှင့် ဆုတံဆိပ်ရယူနိုင်ရေး ကြိုးစားယှဉ်ပြိုင်ရမည်ဖြစ်သည်။
- အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုတတိယမြောက်ပွဲစဉ်များကို ကျင်းပမည်ဖြစ်ရာ မြန်မာအသင်းသည် ဘရူနိုင်းအသင်းနှင့် ရင်ဆိုင်ရမည်ဖြစ်ပြီး မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲအချိန်တွင် UiTM ကွင်း၌ ယှဉ်ပြိုင်မည်ဖြစ်သည်။ အဆိုပါပွဲစဉ်သည် မြန်မာအသင်း အကြိုဗိုလ်လုပွဲတက်ခွင့်အတွက် အဖြေထုတ်ပေးမည့်ပွဲဖြစ်ရာ ဘရူနိုင်းအသင်းကို အနိုင်ရခဲ့ပါက အုပ်စုတွင်း ပွဲစဉ်မပြီးမီ အကြိုဗိုလ်လုပွဲသို့ တက်ရောက်ခွင့်ရမည်ဖြစ်သည်။
- ဖူဆယ်ပြိုင်ပွဲ စတင်ကျင်းပမည့် ပထမနေ့ဖြစ်ရာ မြန်မာ့လက်ရွေးစင် အမျိုးသား၊ အမျိုးသမီး နှစ်သင်းစလုံး အိမ်ရှင်မလေးရှားအသင်းနှင့် တွေ့ဆုံလျက်ရှိသည်။ မြန်မာ့လက်ရွေးစင်အမျိုးသားအသင်းသည် ညနေခြောက်နာရီခွဲအချိန်တွင် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အမျိုးသမီးအသင်းအနေနှင့် ညနေလေးနာရီအချိန်တွင် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာအသင်းများအနေနှင့် အောင်မြင်မှုရယူနိုင်ရေးအတွက် အဖွင့်ပွဲစဉ်တွင် အနိုင်ရရန် လိုအပ်နေသည်။
- မလေးရှားနိုင်ငံတွင် ကျင်းပနေသော ၂၉ ကြိမ်မြောက် SEA Games အမျိုးသားဘောလုံးပြိုင်ပွဲ၏အုပ်စုတတိယပွဲစဉ်အဖြစ် မြန်မာအသင်းသည် ဩဂုတ်လ ၁၈ ရက်နေ့တွင် ဘရူနိုင်းအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ရာ မြန်မာပရိသတ်များအတွက် လက်မှတ်အစောင် ၅၀၀ သာ ရောင်းချပေးသောကြောင့် လက်မှတ်အစောင် ၂၀၀၀ ရောင်းချပေးရန် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် တာဝန်ရှိသူများက ပြိုင်ပွဲကျင်းပရေးကော်မတီကို ဖိအားပေးတောင်းဆိုလျက်ရှိသည်။
- မလေးရှားနိုင်ငံတွင် ကျင်းပနေသော ၂၉ ကြိမ်မြောက် SEA Games မြားပစ်ပြိုင်ပွဲကို ဩဂုတ်လ ၁၇ ရက်နေ့က ဆက်လက်ကျင်းပခဲ့ရာ မြန်မာအမျိုးသမီး မြားပစ်အားကစားအဖွဲ့အနေနှင့် အသင်းလိုက်ပြိုင်ပွဲတွင်လည်း ဆုတံဆိပ်နှင့် ထပ်မံလွဲချော်သွားခဲ့သည်။
- ၂၉ ကြိမ်မြောက် ဆီးဂိမ်းစ်ပြိုင်ပွဲဝင် မြန်မာခြင်းလုံးအားကစားအဖွဲ့သည် ဩဂုတ် ၁၇ ရက်နေ့က ပြိုင်ပွဲအမျိုးအစား ၄ (Event-4) ပြိုင်ပွဲ၌ ဒုတိယမြောက်ရွှေတံဆိပ်ကို ထပ်မံဆွတ်ခူးရရှိခဲ့သော်လည်း ပြိုင်ဘက်လာအိုအသင်း၏ကန့်ကွက်မှုနှင့် ရင်ဆိုင်ခဲ့ရသည်။

## TODAY UPDATE NEWS

- ချယ်လ်ဆီးတိုက်စစ်မှူး ဒီယေဂိုကော်စတာသည် အသင်းတာဝန်ရှိသူများက ၎င်းကို အသင်းထံသို့ လာရောက်လေ့ကျင့်ရေးဆင်းရန် အကြောင်းကြားစာပေးပို့ဆင့်ခေါ်ထားသော်လည်း ၎င်းအနေနှင့် ချယ်လ်ဆီးထံသို့ ပြန်လာတော့မည်မဟုတ်ဘဲ အက်သလက်တီကိုထံသို့ မည်သို့သောနည်းလမ်းမျိုးဖြင့် ပြန်လည်ပြောင်းရွှေ့ခွင့်ရနိုင်မည်ဆိုသည်ကိုသာ အာရုံစူးစိုက်သွားတော့မည်ဖြစ်ကြောင်း ဖွင့်ဟပြောကြားလိုက်သည်ဟု Mail Online က ဖော်ပြထားသည်။ ဒီယေဂိုကော်စတာသည် လက်ရှိတွင် ၎င်းအနေနှင့် အနာဂတ်နှင့်သက်ဆိုင်သောဆုံးဖြတ်ချက်ကို ပြတ်သားစွာ ချမှတ်ပြီးသွားခဲ့ပြီဖြစ်ကြောင်းလည်း အသိပေးထားထားကာ ယင်းဆုံးဖြတ်ချက်မှာ အက်သလက်တီကိုထံသို့ ပြန်လည်ပြောင်းရွှေ့ရန်သာဖြစ်သည်ဟု ဒီယေဂိုကော်စတာက ပြောကြားထားသည်။
- အာဆင်နယ်ကို ဝယ်ယူလိုလျက်ရှိသည့် အာဖရိကအချမ်းသာဆုံးပုဂ္ဂိုလ် နိုင်ဂျီးယားသန်းကြွယ်သူဌေး အေလီကို ဒန်ဂုတ်သည် ၎င်းအနေနှင့် အာဆင်နယ်ကို ဝယ်ယူနိုင်ခဲ့မည်ဆိုပါက ပထမဆုံးဆောင်ရွက်မည့်လုပ်ငန်းစဉ်မှာ နည်းပြအာစင်ဝင်းဂါးကို ရာထူးထုတ်ပယ်ခြင်းပင်ဖြစ်သည်ဟု အသိပေးလိုက်ကြောင်း Sky Sports က ဖော်ပြထားသည်။ ပေါင် ၁၀ ဘီလီယံ ပမာဏကြွယ်ဝသည့် ဒန်ဂုတ်သည် အာစင်ဝင်းဂါးမှာ နည်းပြကောင်းတစ်ဦးဖြစ်သော်လည်း အသင်းနှင့်ကံစပ်ခြင်းမရှိတော့၍ ရာထူးထုတ်ပယ်ခြင်းနည်းလမ်းဖြင့်သာ ဖြေရှင်းရမည့်သဘောမျိုးဖြစ်နေကြောင်းလည်း မှတ်ချက်ပေးသွားခဲ့သေးသည်။

## ဒူးဒဏ်ရာကြောင့် ဆွာရက်ဇ် ကာလအတန်ကြာ နားရမည်ကို နည်းပြဗယ်လ်ဗာဒီ စိုးရိမ်

**ဘာစီလိုနာ၊ ဩဂုတ် ၁၇**

ဘာစီလိုနာတိုက်စစ်မှူး ဆွာရက်ဇ်သည် ရီးရဲလ်မက်ဒရစ်က ဘာစီလိုနာကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရသွားခဲ့သည့် စပိန်ဆူပါဖလား ဒုတိယအကျော့ပွဲစဉ်တွင် ဒူးဒဏ်ရာရရှိသွားခဲ့ပြီး ဆွာရက်ဇ်၏ဒဏ်ရာ အခြေအနေ ပြင်းထန်မည်ကိုအသင်းနည်းပြဗယ်လ်ဗာဒီက လွန်စွာစိုးရိမ်ပူပန်နေကြောင်း ဘာစီလိုနာအသင်းက သတင်းထုတ်ပြန်ထားပြီဖြစ်သည်ဟု Daily Star က ဖော်ပြထားသည်။

ဘာစီလိုနာအသင်းဆေးအဖွဲ့သည် ရီးရဲလ်မက်ဒရစ်နှင့် ဘာစီလိုနာတို့ ယှဉ်ပြိုင်ကစားခဲ့သည့် အဆိုပါစပိန်ဆူပါဖလား ဒုတိယအကျော့ပွဲစဉ်အပြီးတွင် ဆွာရက်ဇ်၏ ဒဏ်ရာကို ချက်ချင်းပင် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ကာ ဆွာရက်ဇ်၏ဒဏ်ရာနှင့် သက်ဆိုင်သည့် အပြီးသတ် ဆေးစစ်ချက်အဖြေကို ယနေ့(သောကြာနေ့)တွင် အတိအကျ သိရှိခွင့်ရနိုင်ရန် ဘာစီလိုနာနည်းပြဗယ်လ်ဗာဒီက မျှော်လင့်ထားသည်။

ဘာစီလိုနာသည် လာမည့်တနင်္ဂနွေနေ့တွင် ဘက်တစ်အသင်းနှင့် လာလီဂါရာသီဖွင့်ပွဲစဉ်ကို ယှဉ်ပြိုင်ရတော့မည်ဖြစ်ပြီး ယင်းပွဲစဉ်ကို ဆွာရက်ဇ် လွဲချော်ရမည့်အခြေအနေဖြစ်လာခဲ့ပါက ဘာစီလိုနာမှာ တိုက်စစ်အခက်အခဲဖြင့် မလွဲမသွေ ရင်ဆိုင်ရတော့မည်ဖြစ်သည်။

ဘာစီလိုနာနည်းပြဗယ်လ်ဗာဒီသည် စပိန်ဆူပါဖလား ပထမအကျော့ပွဲစဉ်တွင် ရီးရဲလ်မက်ဒရစ်ကို သုံးဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရအပြီး၌ ဘာစီလိုနာအနေနှင့် နေမာကို ရောင်းထုတ်လိုက်ခြင်း၏သက်ရောက်မှုများကို ခံစားနေရပြီဟူသည့် မှတ်ချက်များကို ငြင်းဆန်ပယ်ချခဲ့သော်လည်း ဒုတိယအကျော့ပွဲစဉ်အပြီးတွင်မူ ဗယ်လ်ဗာဒီသာမက ဘာစီလိုနာအသင်းတာဝန်ရှိသူများအားလုံးကပါ ယင်းအချက်ကို လက်ခံသွားခဲ့ပြီဖြစ်၍ ကစားသမားသစ်များ အမြန်ဆုံးခေါ်ယူရန် စီစဉ်နေပြီဖြစ်ကြောင်း ဆက်စပ်သတင်းများလည်း ထွက်ပေါ်နေသည်။

■ E-11



## ဒီယေဂိုကော်စတာ၏ဒဏ်ကြေးငွေများကို အက်သလက်တီကို ပေးဆောင်မည်

**မက်ဒရစ်၊ ဩဂုတ် ၁၇**

အက်သလက်တီကိုအသင်းသည် ချယ်လ်ဆီးအသင်းက ဒီယေဂိုကော်စတာကို အသင်းထံသို့ လာရောက်ပူးပေါင်း၍ လေ့ကျင့်ရေးဆင်းရန် ပျက်ကွက်နေမှုများအတွက် ဒဏ်ကြေးငွေတပ်ရိုက်လျက်ရှိသည်ကို ကစားသမားဖြစ်သူ၏ကိုယ်စား ၎င်းတို့ဘက်က အကုန်အကျခံ ပေးဆောင်သွားရန် စီစဉ်လိုက်ပြီဖြစ်ကြောင်း စပိန်ရေဒီယိုသတင်းဌာန Onda Cero က ဖော်ပြသည်၊

ချယ်လ်ဆီးအသင်း တာဝန်ရှိသူများသည် လွန်ခဲ့သည့်ရက်အနည်းငယ်ခန့်က ဒီယေဂိုကော်စတာကို အသင်းထံသို့ အမြန်ဆုံးလာရောက်ပူးပေါင်း၍ လေ့ကျင့်ရေးဆင်းရန် အကြောင်းကြားခဲ့သော်လည်း ကာယကံရှင် ကစားသမားဖြစ်သူကမူ ၎င်း၏မွေးရပ်ဇာတိဖြစ်သည့် ဘရာဇီးနိုင်ငံ လာဂါတိုမြို့၌ နွေရာသီကာလ အားလပ်ရက်ခရီးများ ဆက်ထွက်နေဆဲဖြစ်ပြီး ဒီယေဂိုကော်စတာနှင့် ၎င်းတို့အကြားတွင် ဆွေးနွေးမှုများ ပြီးပြတ်သည်အထိ ဒီယေဂိုကော်စတာ ပေးဆောင်ရမည့် ဒဏ်ကြေးငွေအရပ်ရပ်ကို ၎င်းတို့ဘက်က တာဝန်ယူသွားရန် အက်သလက်တီကိုအသင်းတာဝန်ရှိသူများက ဆုံးဖြတ်လိုက်ကြခြင်းဖြစ်သည်။

ချယ် လ်ဆီးအသင်းတာဝန်ရှိသူများသည် ဒီယေဂိုကော်စတာကို အသင်းထံသို့ လာရောက်ပူးပေါင်း လေ့ကျင့်ရေးဆင်းရန် ပျက်ကွက်ခဲ့မှုအတွက် လွန်ခဲ့သည့်သီတင်းနှစ်ပတ်ခန့်က စတင်ကာ ဒဏ်ရိုက်ခဲ့ခြင်းဖြစ်ပြီး ဒီယေဂိုကော်စတာမှာ လေ့ကျင့်ရေးဆင်းရန် တစ်ပတ်ပျက်ကွက်ပါက ၎င်း၏ တစ်ပတ်လုပ်ခလစာအကျိုးခံစားခွင့် ပေါင်တစ်သိန်းခွဲကို ဒဏ်ကြေးအဖြစ် ပေးဆောင်နေရလျက်ရှိသည်။




အက်သလက်တီကိုသည် လက်ရှိတွင် ဒီယေဂိုကော်စတာအပြောင်းအရွှေ့ဖြစ်မြောက်နိုင်စေရေးအတွက် ပြောင်းရွှေ့ကြေးပမာဏကိုပေါင်သန်း ၄၀ အထိ တိုးမြှင့်ပေးရန် စီစဉ်လိုက်ပြီဖြစ်ပြီး ချယ်လ်ဆီးအသင်းတာဝန်ရှိသူများကမူ ၎င်းတို့အနေနှင့် ဒီယေဂိုကော်စတာကို ပြောင်းရွှေ့ကြေးပမာဏ ပေါင်သန်း ၅၀ ရရှိမှသာ လက်လွှတ်ပေးနိုင်မည်ဖြစ်ကြောင်း ထုတ်ဖော်အသိပေးထားကြသည်။

■ E-11

## မြန်မာ့လက်ရွေးစင်အသင်း ခရစ်ကတ်အဖွင့်ပွဲတွင် ထိုင်းအသင်းကို ရှုံးနိမ့်

**ရန်ကုန်၊ ဩဂုတ် ၁၇**

မလေးရှားနိုင်ငံတွင် ကျင်းပနေသည့် ၂၉ ကြိမ်မြောက် SEA Games ပြိုင်ပွဲ၏ အမျိုးသားခရစ်ကတ်ပြိုင်ပွဲ အဖွင့်ပွဲစဉ်များကို ဩဂုတ်လ ၁၇ ရက်နေ့က စတင်ကျင်းပခဲ့ရာ မြန်မာ့လက်ရွေးစင် ခရစ်ကတ်အသင်းသည် ထိုင်းအသင်းကို ရှုံးနိမ့်သွားခဲ့သည်။

အမျိုးသား ခရစ်ကတ်ပြိုင်ပွဲ၏ 50 Over ပြိုင်ပွဲ အဖွင့်ပွဲအဖြစ် ဩဂုတ်လ ၁၇ ရက်နေ့က မလေးရှားနိုင်ငံ kinrara oval ကွင်းတွင် ယှဉ်ပြိုင်ခဲ့ရာ ထိုင်းအသင်းက နှစ်မှတ်အသာဖြင့် မြန်မာအသင်းကို အနိုင်ရသွားခဲ့ခြင်းဖြစ်သည်။

ပထမဆုံးအကြိမ် ယှဉ်ပြိုင်သည့် မြန်မာလက်ရွေးစင်အသင်းသည် ထိုင်းအသင်းကို ၆၃ မှတ် ၆၁ မှတ်ဖြင့် ရှုံးနိမ့်သွားခဲ့ခြင်းဖြစ်ပြီး လက်ကျန်ပွဲများတွင် ရလဒ်ကောင်းရရှိရန် ရုန်းကန်ရတော့မည်ဖြစ်သည်။

မြန်မာအသင်းသည် လက်ကျန်ပွဲစဉ်များအဖြစ် ဩဂုတ်လ ၁၉ ရက်နေ့တွင် အင်ဒိုနီးရှား၊ ဩဂုတ်လ ၂၀ ရက်နေ့တွင် စင်ကာပူ၊ ဩဂုတ် ၂၁ ရက်နေ့တွင် အိမ်ရှင်မလေးရှားအသင်းတို့နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မလေးရှားပြိုင်ပွဲတွင် ပထမဆုံးအကြိမ် ထည့်သွင်းကျင်းပခဲ့သည့် ခရစ်ကတ်အားကစားနည်း၏ 50 Over ပြိုင်ပွဲကို အသင်းငါးသင်းသာ ယှဉ်ပြိုင်ခြင်းဖြစ်၍ အုပ်စုပတ်လည်စနစ်ဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

■ J-04

# ကော်တင်ညိုနှင့် ဒမ်ဘီလီတို့ကို ခေါ်ယူရရှိတော့မည်ဟု ဘာစီလိုနာအထွေထွေမန်နေဂျာ အတည်ပြု

**ဘာစီလိုနာ၊ ဩဂုတ် ၁၇**

ဘာစီလိုနာအသင်း အထွေထွေမန်နေဂျာ ပက်ပ်ဆီဂူရာသည် အသင်းအနေနှင့် လီဗာပူးတိုက်စစ်တောင်ပံကစားသမား ကော်တင်ညိုနှင့် ဒေါ့မွန်တိုက်စစ်မှူး ဒမ်ဘီလီတို့ကို ခေါ်ယူရရှိရန် လွန်စွာနီးစပ်နေပြီဖြစ်ကြောင်း အတည်ပြုအသိပေးလိုက်ပြီဖြစ်သည်ဟု Marca က ဖော်ပြထားသည်။

ဘာစီလိုနာသည် စပိန်ဆူပါဖလားပွဲစဉ် နှစ်ကျော့လုံးတွင် ရီးရဲလ်မက်ဒရစ်ကို ရှုံးနိမ့်လိုက်ရပြီးသည့်နောက်၌ ကော်တင်ညိုနှင့် ဒမ်ဘီလီတို့ကို ခေါ်ယူရန်အတွက် ဆွေးနွေးညှိနှိုင်းမှုများကို အရှိန်မြှင့်လိုက်ပြီဖြစ်ပြီး ဘာစီလိုနာနှင့် ဒေါ့မွန်အကြားတွင် ဒမ်ဘီလီအပြောင်းအရွှေ့အတွက် ပြောင်းရွှေ့ကြေးပမာဏ ပေါင်သန်း ၉၀ ဖြင့် သဘောတူညီမှုများ ရထားပြီဟုလည်း ဆက်စပ်သတင်းများ ထွက်ပေါ်လျက်ရှိသည်။

ဆီဂူရာသည်ကော်တင်ညိုနှင့်ဒမ်ဘီလီတို့မှာ ပြင်သစ်လီဂူးကလပ် ပီအက်စ်ဂျီထံသို့ ပြောင်းရွှေ့ထွက်ခွာသွားခဲ့သည့် နေမာ၏ ကွက်လပ်ကို အကောင်းဆုံးအစားဝင်နိုင်မည့်သူများဟုလည်း ချီးကျူးသွားခဲ့ပြီး ကော်တင်ညိုကိုခေါ်ယူရန်အတွက် ဘာစီလိုနာဘက်က ပြောင်းရွှေ့ကြေးပမာဏ ပေါင်သန်း ၉၀ ဖြင့် နောက်ဆုံးအကြိမ် ကမ်းလှမ်းဆက်သွယ်ခဲ့မှုကိုမူ လီဗာပူးက ငြင်းဆန်ပယ်ချထားပြီးဖြစ်သည်။

စပိန်ရုပ်သံဌာန TV3 နှင့်တွေ့ဆုံခဲ့ရာတွင် ဆီဂူရာက "ကော်တင်ညိုနဲ့ ဒမ်ဘီလီတို့ကို ခေါ်ယူရရှိဖို့အတွက် အနီးစပ်ဆုံးအခြေအနေတစ်ရပ်ကို ဘာစီလိုနာပိုင်ဆိုင်ထားပါပြီ။ သိပ်မကြာခင်မှာပဲ သူတို့နှစ်ယောက်လုံးကို ဘာစီလိုနာအင်္ကျီနဲ့ မြင်တွေ့ခွင့်ရနိုင်ဖို့ ကျွန်တော်တို့အားလုံး မျှော်လင့်ထားပါတယ်။ ဆွေးနွေးညှိနှိုင်းမှုတွေတော့ ထပ်လုပ်နေရဆဲပါပဲ။ အခုအချိန်မှာ ဒီထက်ပိုပြီး ကျွန်တော် ဘာမှမပြောနိုင်သေးပါ။ ကော်တင်ညိုနဲ့ ဒမ်ဘီလီတို့ ဘာစီလိုနာကစားသမား ဖြစ်လာဖို့ကတော့ နီးစပ်နေပါပြီ။ ဒီတစ်ခုကိုပဲ ကျွန်တော် အသိပေးနိုင်ပါလိမ့်မယ်"ဟု ပြောကြားသွားခဲ့သည်။ ■ E-11









# ရီးရဲလ်မက်ဒရစ်အောက်သို့ ဘာစီလိုနာ နိမ့်ကျသွားပြီဟု ဘဝတွင် ပထမဆုံးအကြိမ် ခံစားခဲ့ဖူးသွားပြီဖြစ်ကြောင်း ပီကေး ဖွင့်ဟ

**ဘာစီလိုနာ၊ ဩဂုတ် ၁၇**

ဘာစီလိုနာနောက်ခံလူ ပီကေးသည် ရီးရဲလ်မက်ဒရစ်က ဘာစီလိုနာကို နှစ်ကျော့ပေါင်းရလဒ် ငါးဂိုး တစ်ဂိုးဖြင့် အနိုင်ယူသွားခဲ့သည့် ရာသီဖွင့်ဆူပါဖလားပွဲစဉ်အပြီးတွင် ၎င်းအနေနှင့် ဘဝဖြတ်သန်းမှုအတွင်း ရီးရဲလ်မက်ဒရစ်အောက်သို့ ဘာစီလိုနာ နိမ့်ကျသွားပြီဟူသည့် ခံစားချက်ကို ပထမဆုံးအကြိမ် ခံစားခဲ့ဖူးသွားပြီဟု ဖွင့်ဟပြောကြားသွားခဲ့ကြောင်း Sky Sports က ဖော်ပြထားသည်။

ဘာစီလိုနာသည် ရီးရဲလ်မက်ဒရစ်ကို စပိန်ဆူပါဖလား ပထမအကျော့ပွဲစဉ်တွင် သုံးဂိုး တစ်ဂိုး၊ ဒုတိယအကျော့တွင် နှစ်ဂိုး ဂိုးမရှိဖြင့် အသီးသီး အရေးနိမ့်ခဲ့ပြီး ယင်းပွဲစဉ်နှစ်ပွဲတွင် ဘာစီလိုနာ သွင်းယူရရှိခဲ့သည့် တစ်လုံးတည်းသောဂိုးမှာ ပင်နယ်တီဂိုး ဖြစ်လျက်ရှိသည်။

ရီးရဲလ်မက်ဒရစ်နည်းပြ ဇီဒန်းသည် စပိန်ဆူပါဖလား ဒုတိယအကျော့ပွဲစဉ်တွင် ပွဲပယ်ပြစ်ဒဏ်ကျခံနေရသည့် စီရော်နယ်ဒိုအပြင် ဂါရတ်ဘေးလ်နှင့် အစ္စကိုတို့ပါ ထည့်သွင်းအသုံးမပြုဘဲနှင့် ဘာစီလိုနာကို အနိုင်ယူသွားခဲ့ခြင်းဖြစ်ပြီး အသင်းအနေနှင့် လက်ရှိရင်ဆိုင်နေရသည့် အကျပ်အတည်းကို အမြန်ဆုံး အဖြေရှာရန် နည်းလမ်း ရှာဖွေရတော့မည်ဖြစ်ကြောင်းလည်း ပီကေးက ဖွင့်ဟအသိပေးသွားခဲ့သေးသည်။

သတင်းမီဒီယာများနှင့် တွေ့ဆုံခဲ့ရာတွင် ပီကေးက "အသင်းပြန်လည် တိုးတက်နိုင်စေဖို့အတွက် ကျွန်တော်တို့ နည်းလမ်းပြန်ရှာရပါတော့မယ်။ ဘာစီလိုနာဆီမှာ ကစားသမားဘဝဖြတ်သန်းခဲ့တဲ့ ကိုးနှစ်တာကာလအတွင်း ရီးရဲလ်မက်ဒရစ်ရဲ့နောက်ကို ဘာစီလိုနာရောက်သွားပြီလို့ ကျွန်တော် ပထမဆုံးအကြိမ် ခံစားလိုက်ရပါပြီ။ ကျွန်တော်တို့ဟာ အကောင်းဆုံးပုံစံနဲ့ ကစားပြနိုင်ခြင်း မရှိခဲ့ပါဘူး။ ရှေ့ဆက်မယ့်အနာဂတ်မှာ ဒီအကျပ်အတည်းမျိုး ထပ်မဖြစ်စေဖို့အတွက် ကျွန်တော်တို့ နည်းလမ်းရှာရပါတော့မယ်"ဟု အသိပေးသွားခဲ့သည်။ ■ E-11

# အီဗန်စ်ကိုခေါ်ယူရန် မန်စီးတီး၏ဆက်သွယ်ကမ်းလှမ်းမှုကို ဝက်စ်ဘရွန်း ငြင်းဆန်ပယ်ချ

**မန်ချက်စတာ၊ ဩဂုတ် ၁၇**

ဝက်စ်ဘရွန်းအသင်းသည် ၎င်းတို့၏ နောက်ခံကစားသမား ဂျွန်နီအီဗန်စ်ကို ခေါ်ယူရန် မန်စီးတီးက ပြောင်းရွှေ့ကြေးပမာဏ ပေါင် ၁၈ သန်းဖြင့် အံ့သြသင့်ဖွယ် ကမ်းလှမ်းဆက်သွယ်လာခဲ့သည်ကိုချက်ချင်းပင် ငြင်းဆန်ပယ်ချပစ်ခဲ့ကြောင်း Daily Star က ဖော်ပြထားသည်။

မန်စီးတီးနည်းပြ ဂွါဒီယိုလာသည် လက်ရှိဘောလုံးရာသီတွင် ခံစစ်တန်းသုံးယောက်နည်းဗျူဟာနှင့် ခံစစ်တန်း လေးယောက်နည်းဗျူဟာတို့ကို အလျဉ်းသင့်သကဲ့သို့ လှည့်ပြောင်းအသုံးပြုရန် စီစဉ်ထားပြီး မန်စီးတီးက ဘရိုက်တန်ကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သော ပရီးမီးယားလိဂ် ရာသီဖွင့်ပွဲစဉ်တွင် ဂွါဒီယိုလာက ခံစစ်ကို ကစားသမားသုံးဦးဖြင့် အထိုင်ချ၍ ပြိုင်ဘက်ကို ရင်ဆိုင်သွားခဲ့ခြင်းဖြစ်သည်။

မန်စီးတီးသည် လက်ရှိနွေရာသီကာလ ကစားသမားအပြောင်းအရွှေ့ဈေးကွက်တွင် မန်ဂါလာကို အသင်းပြောင်းခွင့် ပေးအပ်လိုက်သည့်အတွက် အသင်းထံတွင် ဗဟိုခံစစ်မှူးစစ်စစ်ဟူ၍ ဂျွန်စတုန်းစ်၊ အော့တာမင်ဒီနှင့် ကွမ်ပနီတို့သာ ကျန်ရှိတော့ကာ မန်စီးတီးနှင့် ဘရိုက်တန်တို့ ယှဉ်ပြိုင်ခဲ့ကြသည့် ပရီးမီးယားလိဂ် ရာသီဖွင့်ပွဲစဉ်တွင် ယင်းဗဟိုခံစစ်မှူး သုံးဦးလုံးကို ပွဲထွက်လူစာရင်းတွင် ထည့်သွင်း၍ ဂွါဒီယိုလာက အသင်းကို အထိုင်ချသွားခဲ့ခြင်းဖြစ်သည်။

မန်ယူကစားသမားဟောင်းဖြစ်သည့် အီဗန်စ်သည် လွန်ခဲ့သည့် ၂၀၁၅ ခုနှစ်နွေရာသီကာလ ကစားသမားအပြောင်းအရွှေ့ဈေးကွက်ဖွင့်လှစ်ချိန်တွင် မန်ယူကို စွန့်ခွာ၍ ဝက်စ်ဘရွန်းထံသို့ ပြောင်းရွှေ့ကြေးပမာဏ ပေါင်ရှစ်သန်းဖြင့် ပြောင်းရွှေ့ရောက်ရှိလာခဲ့ခြင်းဖြစ်ကာ အီဗန်စ်နှင့် မန်ယူအကြားတွင်ရှိခဲ့သောပတ်သက်မှုများက မန်စီးတီးထံသို့ အီဗန်စ် ပြောင်းရွှေ့ရေးကို အတားအဆီးဖြစ်ကောင်းဖြစ်လာနိုင်သည်ဟု သုံးသပ်ချက်များလည်း ထွက်ပေါ်နေသည်။

ဝက်စ်ဘရွန်းအသင်းတာဝန်ရှိသူများသည် အီဗန်စ်အတွက် မန်စီးတီးဘက်က ပြောင်းရွှေ့ကြေးပမာဏ ပေါင် ၁၈ သန်းဖြင့် ကမ်းလှမ်းမှုကို ငြင်းဆန်ပယ်ချထားသော်လည်း ပြောင်းရွှေ့ကြေးပမာဏကို ပေါင် ၂၅ သန်းသို့ တိုးပေးလျှင် ရောင်းချပေးမည်ဟု အသိပေးပြီးဖြစ်သည်။ ■ E-11

# ဘာ့ခ်လေ၏ဒဏ်ရာ ဆိုးရွားလွန်းသည့်အတွက် ခေါ်ယူလိုသည့်အသင်းများ နောက်ဆုတ်

**လီဗာပူး၊ ဩဂုတ် ၁၇**

အဲဗာတန်ကွင်းလယ်ကစားသမား ဘာ့ခ်လေ၏ဒဏ်ရာသည် မူလက ထင်မှတ်ထားသည်ထက် အခြေအနေ ပိုမိုဆိုးရွားနေခြင်းကြောင့် ၎င်းကိုခေါ်ယူရန် စောင့်ကြည့်အကဲခတ်နေသည့် အသင်းများအားလုံးမှာ နောက်ဆုတ်သွားခဲ့ကြပြီဖြစ်ကြောင်း Daily Mail က ဖော်ပြထားသည်။

ဘာ့ခ်လေသည် လွန်ခဲ့သည့်ရက် အနည်းငယ်ခန့်က အဲဗာတန်အသင်းဖော်များနှင့်အတူ လေ့ကျင့်ရေးဆင်းရာတွင် တံကောက်ကြော ထိခိုက်ဒဏ်ရာရသွားခဲ့ခြင်းဖြစ်ပြီး အစောပိုင်းစစ်ဆေးမှုများအရ ဘာ့ခ်လေ၏ဒဏ်ရာမှာ သီတင်းပတ်ခြောက်ပတ်ခန့် အနားယူပြီးပါက သက်သေပျောက်ကင်းသွားနိုင်ကြောင်း အဲဗာတန်အသင်းဆေးအဖွဲ့က အဖြေထုတ်ထားခဲ့ကြသည်။

သို့သော် ဒုတိယအဆင့်စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် ဘာ့ခ်လေ၏ဒဏ်ရာမှာ သာမန်ကုသရုံမျှဖြင့် အဆင်ပြေနိုင်လိမ့်မည်မဟုတ်ဘဲ ခွဲစိတ်ကုသသည့် နည်းလမ်းကို အသုံးပြုရလိမ့်မည်ဖြစ်ကြောင်း အဖြေထွက်ပေါ်လာခဲ့ပြီး ယင်းအတွက် သုံးလကျော်နီးပါး အနားယူပြီးမှသာလျှင် ဘာ့ခ်လေမှာ ကြံ့ခိုင်မှုအပြည့်ဖြင့် ဘောလုံးပြန်ကစားရန် အဆင်ပြေနိုင်တော့မည်ဖြစ်သည်။

အဲဗာတန်နည်းပြ ရော်နယ်ကိုးမန်းသည် အသင်းဘက်က ကမ်းလှမ်းထားသည့် စာချုပ်သစ်ကို ဘာ့ခ်လေက လက်မခံသည့်အတွက် ၎င်းကိုအရောင်းစာရင်းတင်ထားပြီး အစောပိုင်းက ဘာ့ခ်လေကိုခေါ်ယူရန် ချယ်လ်ဆီးနှင့် စပါးတို့က အပြိုင်အဆိုင် စောင့်ကြည့်မှုများရှိခဲ့ကြသည်။

ချယ်လ်ဆီးသည် ဘာ့ခ်လေ ကာလရှည်အနားယူရမည့်သတင်းကို ကြားသိလိုက်ရအပြီးတွင် ၎င်းတို့၏ပစ်မှတ်ကို လက်စတာကွင်းလယ်လူ ဒရင့်ခ်ဝါးတားထံသို့ ဦးလှည့်လိုက်ပြီဖြစ်ပြီး လက်စတာဘက်က တန်ကြေးပမာဏ သန်း ၄၀ သတ်မှတ်ထားသော ဒရင့်ခ်ဝါးတားကို ချယ်လ်ဆီးက ပြောင်းရွှေ့ကြေးပမာဏ ပေါင်သန်း ၃၀ ဖြင့် ကမ်းလှမ်းဆက်သွယ်ထားပြီဖြစ်သည်ဟု ဆက်စပ်သတင်းများလည်း ထွက်ပေါ်နေသည်။ ■ E-11

# အယူခံကျရှုံးခဲ့၍ တရားမျှတမှုကင်းမဲ့စွာ ဆက်ဆံခံရသည်ဟု ခံစားရကြောင်း စီရော်နယ်ဒို ဖွင့်ဟ

**မက်ဒရစ်၊ ဩဂုတ် ၁၇**





စီရော်နယ်ဒိုသည် ၎င်း၏ငါးပွဲပယ်ပြစ်ဒဏ်အတွက် အယူခံလွှာတင်သွင်းခဲ့သည်ကို လာလီဂါပြိုင်ပွဲ စည်းကမ်းထိန်းသိမ်းရေးကော်မတီက ငြင်းဆန်ပယ်ချလိုက်အပြီးတွင် ၎င်းအနေနှင့် ယခုဖြစ်စဉ်နှင့်ပတ်သက်၍ တရားမျှတမှုကင်းမဲ့စွာဖြင့် ခွဲခြားဆက်ဆံခံရသည်ဟု ခံစားရကြောင်း ဖွင့်ဟပြောကြားလိုက်သည်ဟု BBC က ဖော်ပြထားသည်။

စီရော်နယ်ဒိုသည် ရီးရဲလ်မက်ဒရစ်က ဘာစီလိုနာကို သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည့် စပိန်ဆူပါဖလား ပထမအကျော့ပွဲစဉ်တွင် နှစ်ဝါတစ်နီ ပြသထုတ်ပယ်ခံလိုက်ရချိန်တွင် ကွင်းလယ်ဒိုင်လူကြီးကို နောက်မှနေ၍ တွန်းထိုးကာ ဆုံးဖြတ်ချက်ကို မကျေနပ်ကြောင်း ထုတ်ဖော်ပြသခဲ့သည့်အတွက် လာလီဂါပြိုင်ပွဲစည်းကမ်းထိန်းသိမ်းရေးကော်မတီ၏စွဲချက်တင်ခြင်း ခံခဲ့ရကာ ယခုကဲ့သို့ ငါးပွဲပယ်ပြစ်ဒဏ် ချမှတ်ခံလိုက်ရခြင်းဖြစ်သည်။

စီရော်နယ်ဒိုသည် ဘာစီလိုနာနှင့် ရီးရဲလ်မက်ဒရစ်တို့ ယှဉ်ပြိုင်ကစားခဲ့သည့် အဆိုပါ စပိန်ဆူပါဖလား ပထမအကျော့ပွဲစဉ်တွင် နှစ်မိနစ်အတွင်း အဝါကတ်နှစ်ကြိမ် ဆက်တိုက်ထိကာ ထုတ်ပယ်ခံလိုက်ရခြင်းဖြစ်ပြီး လက်ရှိတွင် စီရော်နယ်ဒိုအနေနှင့် ၎င်း၏ကစားသမားဘဝဖြတ်သန်းမှုအတွင်း အနီကတ်ပြသထုတ်ပယ်ခံရသည့် အကြိမ်အရေအတွက်မှာ ၁၀ ကြိမ် ပြည့်သွားခဲ့ပြီဖြစ်သည်။

စီရော်နယ်ဒိုသည် ရီးရဲလ်မက်ဒရစ်က ဘာစီလိုနာကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့် စပိန်ဆူပါဖလားပွဲစဉ် ဒုတိယအကျော့ကို မိသားစုဝင်များနှင့်အတူ ပွဲကြည့်စင်ထက်မှနေ၍ လာရောက်အားပေးကြည့်ရှုသွားခဲ့ပြီး ပွဲအပြီးတွင် ဘောလုံးကွင်းအတွင်းသို့ဝင်ရောက်ကာ အသင်းဖော်များနှင့်အတူ ဆုဖလားကိုင်မြှောက်၍ စီရော်နယ်ဒိုက အောင်ပွဲခံသွားခဲ့သေးသည်။ ■ E-11

# FOREIGN AFFAIRS




လွှတ်တော်အမတ် ပေါ်လင်းဟန်ဆင် လွှတ်တော်တွင်း၌ ခေါင်းမြီးခြုံဝတ်စုံကို ချွတ်ချလိုက်စဉ်

## သြစတြေးလျအမျိုးသမီးလွှတ်တော်အမတ် ခေါင်းမြီးခြုံ လွှတ်တော်တက်ပြီး နိုင်ငံတွင်း မျက်နှာပြည့်ခေါင်းမြီးခြုံခွင့်ပိတ်ပင်ရန် အဆိုတင်သွင်း

**ကန်ဘာရာ၊ ဩဂုတ် ၁၇**

သြစတြေးလျ လက်ယာစွန်းဝါဒီ One Nation ပါတီခေါင်းဆောင် အမျိုးသမီးလွှတ်တော်အမတ် ပေါ်လင်းဟန်ဆင်သည် လွှတ်တော်တွင်းသို့ ခေါင်းမြီးအပြည့်ခြုံဝင်ရောက်လာခဲ့ပြီး နိုင်ငံတွင်း မျက်နှာပြည့် ခေါင်းမြီးခြုံခွင့် ပိတ်ပင်ရန် အဆိုတင်သွင်းခဲ့ကြောင်း BBC သတင်းဌာနက ဖော်ပြသည်။




ဟန်ဆင်မှာ ခေါင်းမြီးအပြည့်ခြုံပြီး လွှတ်တော်တွင်း ဝင်ရောက်လာခဲ့သောကြောင့် မည်သူမည်ဝါမှန်းချက်ချင်းမသိနိုင်ရာ အခြားအမတ်များ အံ့သြတုန်လှုပ်ခဲ့ရသည်။

လွှတ်တော်တွင်း နာမည်ခေါ်ပြီးနောက် ဟန်ဆင်က ခေါင်းမြီးခြုံထားသည်ကိုဖယ်ရှားပြီး "ဒါက ဒီလွှတ်တော်နဲ့ မအပ်စပ်တဲ့အရာပါ။ ဒီတိုင်းပြည်ရဲ့ အမျိုးသားလုံခြုံရေးအတွက် သြစတြေးလျမှာ ဘူရ်ခါ (ခေါင်းမြီးခြုံဝတ်စုံ) ကို ပိတ်ပေးနိုင်မလား" ဟု ရှေ့နေချုပ် ဂျော့ချ်ဘရန်ဒစ်ကို မေးခွန်းထုတ်ခဲ့သည်။

ရှေ့နေချုပ် ဘရန်ဒစ်က ဟန်ဆင်၏ လုပ်ရပ်ကို ဝေဖန်ခဲ့ပြီး ဘာသာရေးအဖွဲ့အစည်းများကို စော်ကားရာရောက်သည့် အပြုအမူများ မလုပ်ဆောင်ရန် သတိပေးခဲ့သည်။

ဘရန်ဒစ်၏တုံ့ပြန်မှုကို အတိုက်အခံပါတီများကပါ မတ်တတ်ရပ်လက်ခုပ်လက်ဝါးတီးကာ အားပေးခဲ့ကြပြီး ဟန်ဆင်၏အဆိုပြုချက်ကို မထောက်ခံကြောင်း ပြသခဲ့ကြသည်။

ဟန်ဆင်၏လုပ်ရပ်သည် အစ္စလာမ်ဘာသာကိုးကွယ်သော သြစတြေးလျနိုင်ငံသား ငါးသိန်းခန့်ကို ခွဲခြားဆက်ဆံရာရောက်ကြောင်း ဘရန်ဒစ်က တုံ့ပြန်ခဲ့သည်။

"ဒီအသိုင်းအဝိုင်းကို လှောင်ပြောင်ဖို့ ချောင်ထိုးထားဖို့၊ ဘာသာရေးဝတ်စုံကို စော်ကားဖို့ဆိုတာ စိတ်ပျက်စရာလုပ်ရပ်ပါ။ ခင်ဗျားလုပ်ရပ်က ခင်ဗျားဘယ်လိုလူလဲဆိုတာ ထင်ဟပ်နေပါတယ်။ မရပါဘူး။ အထက်လွှတ်တော်အမတ် ဟန်ဆင်ခင်ဗျား။ ကျုပ်တို့ ဘူရ်ခါကို ပိတ်မှာမဟုတ်ပါဘူး" ဟု ရှေ့နေချုပ် ဘရန်ဒစ်က တုံ့ပြန်ခဲ့သည်။

ဟန်ဆင် ခေါင်းမြီးခြုံပြီး လွှတ်တော်တွင်းဝင်လာချိန်တွင် အုတ်အုတ်သဲသဲဖြစ်သွားခဲ့ပြီး အမတ်တစ်ဦးက "ဟာ၊ ဘယ်လိုတုံးဟ" ဟု အော်ဟစ်ပြောကြားလိုက်သံပင် ကြားခဲ့ရသည်ဟု သြစတြေးလျ ရုပ်သံလွှင့် ကော်ပိုရေးရှင်းက ဖော်ပြသည်။

အထက်လွှတ်တော်ဥက္ကဋ္ဌ စတီဖင်ပယ်ရီက ဟန်ဆင်လွှတ်တော်တွင်း ဝင်မလာမီ မည်သူမည်ဝါဖြစ်ကြောင်း စစ်ဆေးခဲ့သည်ဟု အတည်ပြုသည်။

ဟန်ဆင်၏အဆိုပြုချက်ကိုဩဂုတ်လ ၁၇ ရက်နေ့ညနေပိုင်းတွင် လွှတ်တော်တွင်း ဆွေးနွေးကြမည်ဖြစ်သည်။

အွန်လိုင်းတွင် ထုတ်ပြန်ထားသော ဟန်ဆင်၏ကြေညာချက်၌ "အများပြည်သူသွားလာရာနေရာတွေမှာ မျက်နှာအပြည့်ခေါင်းမြီးခြုံတာကို ပိတ်ပင်ဖို့ လိုအပ်ချက်ဟာ ခေတ်သစ်သြစတြေးလျမှာ ရင်ဆိုင်နေရတဲ့ အရေးပါတဲ့ ကိစ္စတစ်ရပ်ဖြစ်ပါတယ်" ဟု ဖော်ပြထားသည်။

ဟန်ဆင်၏အဆိုပြုချက်ကို တုံ့ပြန်ခဲ့သော ရှေ့နေချုပ်ဘက်မှ အာဏာရပါတီကသာမက အတိုက်အခံ လေဘာပါတီနှင့် ဂရင်းပါတီတို့ကပါ ထောက်ခံခဲ့ခြင်းမှာ အစိုးရနှင့် အတိုက်အခံအများစု ရှားရှားပါးပါးတစ်သဘောတည်းရှိသည့် ဖြစ်စဉ်ဖြစ်ခဲ့ရာ ဟန်ဆင်၏အဆို အောင်မြင်ရန် လွယ်ကူမည်မဟုတ်ပေ။

"ဘာသာရေးဆိုင်ရာ ဝတ်စုံဝတ်ဆင်တာမှာ ယုံကြည်ကိုးကွယ်မှုကို ရိုးရိုးသားသားပြသတာက တစ်မျိုး၊ အခုလိုလွှတ်တော်ထဲ ဝတ်လာပြီး စတန့်ထွင်တာနဲ့ မတူပါဘူး" ဟု လေဘာပါတီမှ အထက်လွှတ်တော်အမတ် ပန်နီဝေါင်က ဝေဖန်ခဲ့သည်။

ဂရင်းပါတီခေါင်းဆောင် ရစ်ချတ်ဒီနာတယ်လီကလည်း ရှေ့နေချုပ်ဘရန်ဒစ်၏တုံ့ပြန်ဖြေရှင်းမှုကို ချီးကျူးခဲ့သည်။

လက်ယာစွန်းဝါဒီ ဟန်ဆန်သည် ၁၉၉၆ ခုနှစ် လွှတ်တော်အမတ်စဖြစ်ကတည်းက အငြင်းပွားဖွယ်ရာများကို ဖန်တီးခဲ့သူဖြစ်သည်။

သြစတြေးလျသည် မွတ်ဆလင်များ လွှမ်းမိုးခံနေရပြီဖြစ်ကြောင်း ဝေဖန်သည့် မိန့်ခွန်းကို ၂၀၁၆ ခုနှစ်က ပြောကြားခဲ့ဖူးသည်။ လွန်ခဲ့သည့်နှစ်လကလည်း ကျောင်းစာသင်ခန်းများအတွင်း အထီးကျန်စိတ်ဝေဒနာ(autism) ရှိသော ကလေးများကို တွဲမသင်သင့်ကြောင်း အဆိုပြုခဲ့ဖူးသဖြင့် ဝေဖန်ခံခဲ့ရဖူးသည်။ ■F-03

ALSO IN NEWS

## ပြင်သစ်ကိုယ်ခံပညာစုံ တိုက်ခိုက်ရေးသမားကို သက်တော်စောင့်ခန့်လိုက်တဲ့ နေမာ

လာလီဂါကလပ် ဘာစီလိုနာကနေ ပြင်သစ်လီဂူးကလပ် ပီအက်စ်ဂျီဆီကို ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေးပမာဏသစ် ပေါင် ၁၉၈ သန်းနဲ့ ပြောင်းရွှေ့ရောက်ရှိလာခဲ့တဲ့ တိုက်စစ်မှူးနေမာဟာ ပြင်သစ်ကိုယ်ခံပညာစုံ တိုက်ခိုက်ရေးကစားသမား နော်ဒိုင်းတာလက်ဘ်ကို သူ့ရဲ့သက်တော်စောင့်အဖြစ် ခန့်အပ်လိုက်ပြီဖြစ်ပါတယ်။

UFC ဝယ်လ်တာဝိတ်တန်းမှာ ပြိုင်ပွဲတွေ ယှဉ်ပြိုင်ထိုးသတ်နေတဲ့ နော်ဒိုင်းဟာ လက်ရှိ ၂၀၁၇ ခုနှစ်ထဲမှာ ပြိုင်ပွဲနှစ်ပွဲ ယှဉ်ပြိုင်ထိုးသတ်ခဲ့ပြီးပါပြီ။ အဲ့ဒီပွဲစဉ်နှစ်ပွဲမှာ နော်ဒိုင်းက တစ်ပွဲအနိုင်ရပြီး တစ်ပွဲရှုံးနိမ့်ခဲ့ပါတယ်။ နေမာက သူ့ကို သက်တော်စောင့်အဖြစ် ခေါ်ယူချင်ကြောင်း အလုပ်ကမ်းလှမ်းလာချိန်မှာ အရမ်းကို အံ့သြသွားခဲ့ရတယ်လို့လည်း နော်ဒိုင်းက ဖွင့်ဟအသိပေးသွားခဲ့ပါတယ်။

အရပ် ခြောက်ပေတစ်လက်မရှိတဲ့ နော်ဒိုင်းဟာ သူ့ရဲ့ပရော်ဖက်ရှင်နယ်ကစားသမားဘဝဖြတ်သန်းမှုအတွင်း စိန်ခေါ်ပွဲစဉ်ပေါင်း ၁၇ ပွဲ ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာမှာ ၁၃ ပွဲ အနိုင်ရပြီး လေးပွဲတည်းသာ ရှုံးနိမ့်ထားပါတယ်။ အနိုင်ရခဲ့တဲ့ ၁၃ ပွဲအနက် ခြောက်ပွဲကို အလဲထိုးရလဒ်နဲ့ နော်ဒိုင်းက အနိုင်ရယူထားခဲ့တာပါ။ ■E-11




## လိပ်ကြီးတစ်ကောင် ဂျပန်တိရစ္ဆာန်ရုံက ထွက်ပြေး

ဂျပန်နိုင်ငံ တိရစ္ဆာန်ရုံတစ်ရုံကနေ ရောမလိပ်ကြီးတစ်ကောင် ထွက်ပြေးသွားပါတယ်။ သနားစရာကောင်းတာက ဒီလိပ်ကြီးကို သီတင်း ၂ ပတ်အကြာမှာ ပြန်မိခဲ့ပါတယ်။ သီတင်း ၂ ပတ်ကြာအောင် ထွက်ပြေးတာတောင် လိပ်ကြီးဟာ တိရစ္ဆာန်ဥယျာဉ်ပြင်ပ ၁၄၀ မီတာကိုပဲ ရောက်ပါသေးသတဲ့။ လိပ်ကြီးဟာ အသက် ၃၅ နှစ်အရွယ် လိပ်မဖြစ်ပြီး 'အဘူ'လို့ အမည်ရပါတယ်။ အလျား တစ်မီတာရှည်ပြီး ရှိဘူကာဝါတိရစ္ဆာန်ဥယျာဉ်ထဲမှာ လွတ်လွတ်လပ်လပ် သွားခွင့်ပေးထားတာပါ။ ဒါပေမဲ့ တစ်ရက်တော့ အဲဒီလိပ်ကြီးပျောက်သွားခဲ့ပြီးတော့ ဝန်ထမ်းတွေက ခြေရာမခံနိုင်တော့ပါဘူး။ ပြန်လည်တွေ့ရှိအောင် သတင်းပေးနိုင်သူကို ယန်း ငါးသိန်းဆုပေးမယ်လို့ တိရစ္ဆာန်ရုံက ထုတ်ပြန်ခဲ့ပါတယ်။

"သူမ ပြန်ရောက်လာပြီမို့ ကျွန်တော်တို့ သက်သာရာရပါပြီ။ သူမကို ကလေးတွေက သိပ်နှစ်ခြိုက်ကြတာ"လို့ တိရစ္ဆာန်ရုံဝန်ထမ်း ယိုရှီမိယာမာနီက ပြောတယ်။ နောင်မှာ ခုလိုမျိုးမဖြစ်ရလေအောင် အစီအစဉ်တွေလုပ်ထားမယ်လို့ သူကပြောပေမယ့် အသေးစိတ်တော့ မပြောသေးပါဘူး။ ■ F-02

